ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (22-2-2015) (၈၁၂၄)

လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့ အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ချင်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းသည် ပြည်နယ်ငြိမ်းချမ်းခြင်း၏ အကျိုးကျေးဇူးပင်ဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းတွင် ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ ကျင်းပသည့် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ချင်းရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၌ ကျင်းပသည့် ချင်းအမျိုးသားနေ့အထိမ်းအမှတ်မီးပုံပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ဈေးဟောင်းရပ်ရှိ သစ္စာအောင်မြေကုန်းတော် ဇေတဝန်တောရစာသင်တိုက်သို့ ရောက်ရှိပြီး ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်နှင့် သံသရာအေးစေတီတော်တို့အား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဇေတဝန်တောရစာသင်တိုက်ပဓာန နာယက ဓမ္မကထိက မဟာဂန္ထဝါစကပဏ္ဍိတ ဗဟုဇနဟိတဓရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒေါက်တာဘဒ္ဒန္တတေဇောသာရ အမှူးပြုသည့် ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေး သတ်မှတ်အရည်အသွေးများနှင့်အညီ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ရောက်ရှိပြီး တိုက်ပွဲရှောင်ပြည်သူများနှင့် အလုပ်သမားများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက်ဒုတိယသမ္မတနှင့်အဖွဲ့သည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညနန္ဒ ဦးဆောင်သောအကူအညီပေးရေးအဖွဲ့များ၏ အနယ်နယ်အရပ်ရပ်မှ တိုက်ပွဲရှောင်ပြည်သူများနှင့် အလုပ်သမားများအား နေရပ်သို့ပြန်လည် ပို့ဆောင်ပေးနေမှုများကို ကြည့်ရှုပြီး နေရပ်သို့ပြန်ကြမည့် တိုက်ပွဲရှောင်ပြည်သူများအား အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် ကျောင်းတိုက်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန် ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် စေတနာရှင်များက ကျောင်းတိုက်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်၊ ဆီနှင့် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ အလှူငွေစုစုပေါင်းကျပ် ၁၈၇ သိန်းနှင့် ငွေကျပ် ၈၅ သိန်းတန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကန်မိန်းကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒ အမှူးပြုတော်မူသော **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱**

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅ ဒီဂရီစင်တီဂရိတ်

ကြေးမုံစာတည်းရှုထောင့်   ၂၂-၂-၂၀၁၅၊ တနင်္ဂနွေနေ့

မြို့ပြယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်း

ရန်ကုန်မြို့နေ လူဦးရေသည် ယခု ခုနစ်သန်းကျော်ရှိလာနေပါပြီ။ မွေးဖွားနှုန်းမြင့်မား၍ တိုးပွားလာနေခြင်းမဟုတ်ပါ။ အလုပ်အကိုင် အခွင့်အလမ်းများရှိနေသော ဒေသအဝိုင်းအဝန်းမှ ဝန်းကျင်ဒေသအနှံ့မှ တိုးတက်ဝင်ရောက်လာနေကြခြင်းဖြစ်သည်။ ယနေ့ ရန်ကုန်သည် တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၁၁ ရာခိုင်နှုန်းကျော်သွားပြီဖြစ်သည်။

တိုးပွားလာသော မြို့ပြလူဦးရေနှင့်အတူ မြို့ပြအဆောက်အအုံများလည်း နည်းမျိုးစုံနှင့် ဖွံ့ဖြိုးလာသည်။ ရပ်ကွက်နေအိမ်များမှ အထပ်မြင့်အဆောက်အအုံများစွာအထိ ဖြစ်လာသည်။ မြို့ပြင်များတွင်လည်း ကျူးကျော်တဲများကို ဖျက်သိမ်းရသလို အချို့အဆောက်အအုံများကိုလည်း ဖြိုဖျက်ပြီး မြို့ပြမြင်ကွင်းကိုပြောင်းလဲအောင် ဆောင်ရွက်ကြသည်။ ဤဖြစ်စဉ်များက မဟာရန်ကုန်မြေအသုံးချမှုကို စနစ်တကျဆောင်ရွက်ရန် သတိပေးနေသည်။

တစ်ဖက်မှာလည်း ရှေးကဒဂုံဟုထင်ရှားခဲ့သော ရန်ကုန်သည် ခေတ်သုံးခေတ်၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် အရှေ့တောင်အာရှမှာ အထင်ကရနေရာတစ်ခုဖြစ်သည်။ သမိုင်း၏အမွေအနှစ်၊ ယဉ်ကျေးမှု၏ သင်္ကေတ၊ ဘာသာရေးအထွတ်အမြတ်အမွေအနှစ်များနှင့် လက်ညှိုးထိုးမလွဲပင်။ မဟာရန်ကုန်တွင် စနစ်တကျ မြေအသုံးချမှုမရှိပါက ယဉ်ကျေးမှုအမွေသမိုင်းတန်ဖိုးထားရာနေရာများ ပျောက်ကွယ်သွားနိုင်ပါသည်။

ထို့ကြောင့်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တတ်သိပညာရှင်များနှင့်ပူးပေါင်းကာ အထပ်မြင့်အဆောက်အအုံများ၏ အမြင့်ပေကန့်သတ်ထိန်းချုပ်မည့်အစီအစဉ်များပါဝင်သည့် မြို့ပြမြေအသုံးချမှုဇုန်ဥပဒေရေးဆွဲနေကြောင်း သိရသည်။ မြို့ပြမြေအသုံးချမှုဇုန်(Zoning Plan)ကို ၂၀၁၃ ခုနှစ် မေလကစတင်ပြီး ပညာရှင်များနှင့် ဝန်ကြီးဌာနများပူးပေါင်းရေးဆွဲခဲ့ခြင်းဖြစ်ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဟု သိရသည်။ တချို့အပိုင်းများမှာ ပြည်သူကိုချပြစရာများရှိသလို ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့်လည်း အကြိမ်ကြိမ်ပြန်ညှိနေရ၍ ယခုလို ကြန့်ကြာနေရကြောင်း သိရသည်။

တစ်ဖက်မှာ မြို့ပြမြေအသုံးချမှုဇုန်ဥပဒေကို ရေးဆွဲနေသလို ရန်ကုန်၏ တိုးပွားလာသော လူဦးရေအတွက် လူနေမှုပုံစံပြောင်းလဲလာမှုကို ဖြေရှင်းရန် မြို့သစ်ဇရိယာများတိုးချဲ့ရန် ပြင်ဆင်နေပြီး တိုးချဲ့မြို့သစ်များရှိ အဆောက်အအုံများမှာ ပြဿနာမရှိနိုင်ငြားလည်း ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည့်နှက်နေသော မူလရန်ကုန်ဇရိယာတွင်ကား အထပ်မြင့်အဆောက်အအုံများ ရှိနိုင်ပါသည်။ အထူးသဖြင့် မြန်မာတို့၏အထွတ်အမြတ်ဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး အနီးအပါးဝန်းကျင်မှ အထပ်မြင့်အဆောက်အအုံများကိစ္စကို ကြိုတင်စဉ်းစားလာရပြီ။ ဤစေတီဝန်းကျင်တွင် အထပ်မြင့်အဆောက်အအုံများ မရှိသင့်သည်မှာ အမှန်ပါ။

ထို့ကြောင့်လည်း ဘုရားဝန်းကျင်မှ အထပ်မြင့်အဆောက်အအုံစီမံကိန်းငါးခုကို ရပ်ဆိုင်းထားကြောင်း သိရသည်။ လက်ရှိမြေအသုံးချမှုဇုန်ဥပဒေမူကြမ်းတွင် ရွှေတောင်ကြားကဲ့သို့နေရာမျိုးမှာ အထပ်မြင့်များ ဆောက်၍မရဟု သိရှိထားရာ သမိုင်းတန်ဖိုးနှင့် ယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားသူတိုင်းက ကြိုဆိုကြရမည်သာ။

သို့သော် တချို့သောနေရာတွင် ကြန့်ကြာနေသော Zoning Plan ကို အခွင့်ကောင်းယူပြီး ဥပဒေအတည်မပြုခင် အပြီးဆောက်လုပ်နေကြကြောင်း သိရသည်။ ရန်ကုန်မြို့အနှံ့တွင် ဤဥပဒေမပေါ်မီ အဆောက်အအုံအများစုရပ်လုံးပေါ်နေပြီဟု သိရသည်။ ဤဥပဒေမထွက်မီ မြို့ပြအမွေအနှစ်ကို တစ်နည်းတစ်ဖုံ အဟန့်အတားဖြစ်မည့် အဆောက်အအုံများ တစ်စထက်တစ်စ တိုးပွားလာနေသည့် သဘောဖြစ်သည်။

သို့ဖြစ်ရာ မြို့ပြမြေအသုံးချမှုဇုန်ဥပဒေမပေါ်ထွက်မီ မြို့ပြအမွေအနှစ်ကို တန်ဖိုးထားရမည်ဖြစ်ပြီး ဥပဒေပေါ်ထွက်ပြီးနောက်လည်း မြို့ပြမြေအသုံးချရမှုများကို မှန်ကန်စွာဆောင်ရွက်နိုင်မှ မြို့ပြယဉ်ကျေးမှု အမွေအနှစ်များနှင့် နှစ်လိုဖွယ်ကောင်းသောမြို့တော်ကြီးဖြစ်ပေလိမ့်မည်။ ။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏(၁/၂၀၁၅) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ သဘာပတိနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသက သမ္မောဒနီယ သြဝါဒကထာမြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့သော တက္ကသိုလ်များအုပ်ချုပ်ရေးဗဟို အဖွဲ့၏ (၂/၂၀၁၄) အစည်းအဝေးမှတ်တမ်းကို အတည်ပြုချက်ရယူခြင်းနှင့် တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့၏ (၂/၂၀၁၄) အစည်းအဝေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ ဗဟိုပညာရေးအဖွဲ့၏(၁/၂၀၁၅) အစည်းအဝေးနှင့် တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်-မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)သင်ကြား/စီမံဆရာများနှင့် သင်တန်းသားများ လိုက်နာရန် စည်းမျဉ်းရေးဆွဲပြီးစီးမှုအခြေအနေ တင်ပြပြီး အထွေထွေကိစ္စရပ်များ ဆွေးနွေးတော်မူကြသည်။

ယင်းနောက် သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာမြွက်ကြားတော်မူပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်း အဝေးပြေးယာဉ်ရပ်နားစခန်း ဆောက်လုပ်မှု ဖေဖော်ဝါရီလကုန်ပြီးစီးမည်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၁

မော်လမြိုင်ကျွန်း မြို့နယ်နှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူစေရေးအတွက် မော်လမြိုင်ကျွန်းမြို့ ရာဇူဒိုင်တံတားအမှတ်(၂) အနီးတွင် အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်းကို ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်နေ့မှ စတင်ဆောက်လုပ်ခဲ့ရာ ဖေဖော်ဝါရီ ၂၁ ရက်အထိ ၉၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီး ဖေဖော်ဝါရီလကုန်တွင် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသွားမည်ဖြစ်သည်။

ယင်းအဝေးပြေးယာဉ်ရပ်နားစခန်းကားကြီးဝင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်မှု၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှဟန်နှင့် ကော်မတီများ၊ မြို့နယ်ပုဂ္ဂလိကမော်တော်ယာဉ် စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်နှင့် ကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့် ရာဇူဒိုင်တံတား အမှတ်(၂)အနီးရှိ မြေကွက်လပ်ပေါ်တွင် အလျား ၆၅၄ ပေ၊ အနံ ပေ ၂၈၀ အကျယ်အဝန်း၌ အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်းကို ဆောက်လုပ်ခဲ့ရာ အလျားပေ ၁၂၀၊ အနံ ၃၉ ပေရှိ အာရ်စီတစ်ထပ်ခဲ့အဆောင်နှစ်ဆောင်၊ ရေစင်နှင့် ကာပါကင်များ တည်ဆောက်ပြီးစီးနေပြီး ကားကြီးဝင်းအဝင်လမ်းကို ကျောက်ကြမ်းခင်း ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့ အဝေးပြေး ယာဉ်ရပ်နားစခန်း ကားကြီးဝင်းကို မတ် ၂၇ ရက် (တပ်မတော်နေ့)တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မော်ကျွန်း-မြင့်အောင်)

ရှောင်လေဝေးဝေး မူးယစ်ဆေး

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဆရာမကြီးဒေါ်သိင်္ဂီဦး(ကျောင်းအုပ်ဆရာမကြီး၊ အထက(၄)တာမွေ)၏ ၂၂-၂-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့မှသည် နှစ်ပေါင်းများစွာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ စွာဖြင့် ဘာသာအကျိုး၊ သာသနာအကျိုး၊ တပည့်များအကျိုး ဆတက်တိုး၍ ဆောင်ရွက်နိုင် ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားတပည့် ဦးဇော်သိန်း
လက်ထောက်ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်

ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

ယင်းနောက် ဇေတဝန်တောရစာသင်တိုက် ပဓာန နာယကဆရာတော်က လောက်ကိုင်ဒေသတွင် နိုင်ငံနှင့်လူမျိုးအတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူခဲ့ကြသည့် စစ်သည်ရဲမေများအတွက် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်းက လက်ခံခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ချင်းပြည်နယ် မြို့ ၁၂ မြို့ဖြစ်သည့် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ပလက်ဝ၊ ကန်ပက်လက်၊ ကျီခါး၊ ရေဇွာ၊ ရိဒ်ခေါဒါရ်၊ ဆမီးမြို့များသို့ ဒီဇယ်မီးစက်ဖြင့်လည်းကောင်း၊ အသေးစားရေအားလျှပ်စစ်ဖြင့် လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ တစ်ရက်လျှင် နာရီပိုင်းမျှသာ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်သည့် အခြေအနေသာရှိပါကြောင်း။

ဟားခါးမြို့သည် ယခင်က လိုင်ဗားရေအားလျှပ်စစ်စက်ရုံမှ ထွက်ရှိသည့် ဓာတ်အားကို ထန်တလန်မြို့နှင့် ခွဲဝေသုံးစွဲရသည့်အတွက် တစ်ရက်လျှင် အချိန်ပိုင်းသာ ဓာတ်အားရရှိခဲ့ရာမှ ယခုဆိုလျှင် နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားအပြည့်အဝ သုံးစွဲနေကြပြီဖြစ်ပါကြောင်း၊ ထို့အပြင် လိုင်ဗားရေအားလျှပ်စစ်စက်ရုံ၏ ဓာတ်အားကို ဟားခါးနှင့် ထန်တလန်နှစ်မြို့ခွဲဝေသုံးစွဲနေခဲ့ရာမှ ယခု ထန်တလန်မြို့ တစ်မြို့တည်းသာ ပေးရသည့်အတွက် ထန်တလန်မြို့တွင် ၂၄ နာရီ ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ ဟားခါးမြို့ လျှပ်စစ်ရရှိရေးအတွက် ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခဲ့ရာတွင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ သန်းနှင့် မြန်မာငွေကျပ် ၅ ဒသမ ၅၂ ဘီလီယံကို နိုင်ငံတော်ဘဏ္ဍာငွေမှ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ဖလမ်းမြို့ ဓာတ်အားရရှိရေးအတွက် ဖလမ်း-ဟားခါး ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၅ မိုင်တည်ဆောက်လျက်ရှိရာ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ ဖလမ်းမြို့အပါအဝင် ဖလမ်းမြို့နှင့် ဟားခါးမြို့ အကြား ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာ၊ ဖလမ်းနှင့် သိုင်းငင်းအကြား ကျေးရွာ ၁၁ ရွာ စုစုပေါင်းကျေးရွာ ၂၁ ရွာကို ဓာတ်အားပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ ဓာတ်အားရရှိရေးအတွက် မကွေးတိုင်းဒေသကြီး ပေါက်ဓာတ်အားခွဲရုံမှတစ်ဆင့် မင်းတပ်သို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၃၅ မိုင် တည်ဆောက်လျက်ရှိရာ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ မင်းတပ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ငါးရွာလည်း ဓာတ်အားရရှိမည်ဖြစ်ပါကြောင်း၊ မတူပီမြို့ ဓာတ်အားရရှိရေးအတွက် မင်းတပ်-မတူပီ ၆၆ ကေဗွီဓာတ်အားလိုင်း ၅၁ မိုင်ကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စတင်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လခန့်တွင် ပြီးစီးမည်ဖြစ်ရာ ပတ်ဝန်းကျင်ကျေးရွာ ငါးရွာသည်လည်း လျှပ်စစ်ဓာတ်အားရရှိနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဟိုးဆေးလ်မားကက်(မန္တလေးလက်ကားဈေးကြီး)တည်ဆောက်ရေးဆိုင်ရာများ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကန်ပက်လက်မြို့ ဓာတ်အားရရှိရေးအတွက်လည်း ဆောမြို့ဓာတ်အားခွဲရုံမှ ကန်ပက်လက်မြို့သို့ ၁၁ ကေဗွီဓာတ်အားလိုင်း ၉ ဒသမ ၅ မိုင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်သွားမည်ဖြစ်ရာ ဆောမြို့ အပါအဝင် ပတ်ဝန်းကျင်ကျေးရွာ ခုနစ်ရွာသည်လည်း လျှပ်စစ်ဓာတ်အားရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တီးတိန်-တွန်းဇံနှင့် ရိဒ်ခေါဒါရ်မြို့များ ဓာတ်အားရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကလေး-သိုင်းငင်း-တီးတိန် ၆၆ ကေဗွီဓာတ်အားလိုင်း မိုင် ၄၀၊ တီးတိန်-တွန်းဇံ ၃၃ ကေဗွီဓာတ်အားလိုင်း ၂၆ မိုင်နှင့် တီးတိန်-ရိဒ်ခေါဒါရ် ၃၃ ကေဗွီဓာတ်အားလိုင်း ၃၂ မိုင်ကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းဓာတ်အားလိုင်း တည်ဆောက်ပြီးပါက တီးတိန်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၂ ရွာ၊ တွန်းဇံမြို့ ပတ်ဝန်းကျင်ကျေးရွာ ခုနစ်ရွာနှင့် ရိဒ်ခေါဒါရ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာတို့သည်လည်း လျှပ်စစ်ဓာတ်အားရရှိမည်ဖြစ်ပါကြောင်း၊ ပလက်ဝမြို့ ဓာတ်အားရရှိရေးအတွက်လည်း ရခိုင်ပြည်နယ် ကျောက်တော်ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီဓာတ်အားလိုင်း ဆွဲသားတည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပလက်ဝ ပတ်ဝန်းကျင်ကျေးရွာ ရှစ်ရွာသည်လည်း ဓာတ်အားစနစ်မှ ဓာတ်အားရရှိနိုင်မည်ဖြစ်ပါကြောင်း။

ဓာတ်အားစနစ်နှင့် အလှမ်းဝေးကွာသည့် ကျီခါး၊ ရေဇွာ၊ ဆမီးမြို့များကိုလည်း ဓာတ်အားစနစ် မရောက်ရှိနိုင်သေးမီ လက်ရှိ ဒီဇယ်ဓာတ်အားပေးစနစ်များဖြင့် လျှပ်စစ်မီးပေးထားမည်ဖြစ်ပါကြောင်း၊ ၎င်းဒေသများတွင် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ကိုလည်း စူးစမ်းရှာဖွေ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုတင်ပြခဲ့သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ပြီးပါက ကျေးရွာပေါင်း ၉၅ ရွာသည် ဓာတ်အားစနစ်မှ ဓာတ်အားရရှိမည်ဖြစ်ပါကြောင်း၊ ဓာတ်အားစနစ်မှ ဝေးကွာသည့် ကျေးရွာများသည်လည်း အသေးစားလျှပ်စစ်၊ ဆိုလာစနစ်များဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းသည် ပြည်နယ်ငြိမ်းချမ်းရေးရရှိခြင်း၏ အကျိုးကျေးဇူးများပင်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကဏ္ဍလေးရပ်၌ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှု၊ စီးပွားရေး၌ နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍလေးရပ်၌ ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများနှင့်အစိုးရအဖွဲ့၏ ၂၀၂၀ မျှော်မှန်းချက် သုံးရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မှုများကို သုံးသပ်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ရှမ်းပြည်နယ် လောက်ကိုင်ဒေသ၌ နိုင်ငံတော်၏ နယ်မြေလုံခြုံရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေးအတွက် တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားကြသည့် စစ်သည်၊ ရဲမေများအတွက် ချင်းပြည်နယ် ပြည်သူလူထုက ထောက်ပံ့လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ အား ပေးအပ်လှူဒါန်းရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာရာ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ကလေးမြို့မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဟိုးဆေးလ်မားကက်(မန္တလေးလက်ကားဈေးကြီး)တည်ဆောက်မည့် အဆိုပြုမြေနေရာ ယာယီမဏ္ဍပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဟိုးဆေးလ်မားကက် တည်ဆောက်ရေးဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါဟိုးဆေးလ်မားကက်(မန္တလေးလက်ကားဈေးကြီး)သည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပုလိပ်ကျေးရွာ ပုလိပ်-စကားအင်းအဝိုင်းလမ်း၏ တောင်ဘက်အခြမ်းတွင်တည်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန့်ကျဲလျက်ရှိသော နေ့စဉ်လူသုံးစားသောက်ကုန်များဖြစ်သည့် အသား၊ ငါး၊ သစ်သီး၊ သီးနှံ၊ ပန်းမန်၊ ဆန်၊ ဟင်းသီးဟင်းရွက် လက်ကားရောင်းချသူများအား တစ်နေရာတည်းတွင် စုစည်းရောင်းဝယ်နိုင်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရောင်းချသူများ၏ အကျိုးစီးပွားများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်၊ တစ်နေရာတည်းတွင် စုစည်းနိုင်ခြင်းအားဖြင့် ပြည်တွင်း၊ပြည်ပ ဈေးကွက်သို့ ဒေသထွက်ကုန်များ တင်ပို့ရောင်းဝယ်ဖောက်ကားရာတွင်စုစည်းညီညွတ်ပြီး အကျိုးစီးပွားပိုမိုဖြစ်ထွန်းနိုင်စေရန်၊ လက်ကားအပြင် လက်လီရောင်းချသော ဈေးကွက်ကြီးဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသအတွင်း စီးပွားရေးလက်ဦးမှု အကောင်အထည်ဖော်နိုင်စေရန်၊ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ပြပွဲပြိုင်ပွဲများ ပြုလုပ်ပေးနိုင်ခြင်းဖြင့် နိုင်ငံတကာဈေးကွက် ပိုမိုထိုးဖောက်နိုင်စေရန်၊ နည်းပညာဖလှယ်ရေးစင်တာများ၊ သင်တန်းကျောင်းများ၊ အရည်အသွေး စစ်ဆေးစခန်းများပါဝင်ခြင်းဖြင့် စိုက်ပျိုးမွေးမြူနည်းစနစ်များ ပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်စေရန်နှင့် မြို့တွင်းယာဉ်ကြောရှုပ်ထွေးမှုလျော့နည်းသွားနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

❒ လောက်ကိုင်မှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးက ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ သမိုင်းကြောင်းနှင့်ပတ်သက်ပြီး ပြောကြားရာတွင် ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရတက်လာပြီးနောက် စော်ဘွားများအာဏာစွန့်လွှတ်ရေး ဆောင်ရွက်ခဲ့ရာ ကျေနပ်မှုမရှိ၍ ကိုးကန့်စော်ဘွား၏သား ဂျင်မိယန်း သည် ကိုးကန့်ကာကွယ်ရေးတပ်အချို့ကို ဦးဆောင်၍ ထိုင်း-မြန်မာနယ်စပ်သို့ ထွက်ခွာသွားခဲ့ပြီး ကျန်ရှိသော ကိုးကန့်ကာကွယ်ရေးတပ်များကို ဖုန်ကြားရှင်က ဦးစီးလှုပ်ရှားခဲ့ကြောင်း၊ ယင်းအဖွဲ့သည် ကူမင်တန် (တရုတ်ဖြူ)၊ ဗကပတို့နှင့် ဆက်သွယ်မှုများပြုလုပ်၍ အထောက်အပံ့များရယူခဲ့ခြင်းကြောင့် တပ်မတော်စစ်ကြောင်းများက ၁၉၆၃ ခုနှစ်တွင် စတင်တိုက်ခိုက်ခဲ့ရာ ဖုန်ကြားရှင်က တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း၊ ၁၉၆၇ ခုနှစ်တွင် ဗကပ၏ စည်းရုံးသိမ်းသွင်းမှုကြောင့် ဖုန်ကြားရှင်သည် ဗကပဘက်သို့ ကူးပြောင်းခဲ့ကြောင်း၊ ၁၉၈၉ ခုနှစ် မတ်လတွင် မုံးကိုးရှိ မြောက်ပိုင်းဗျူရိုကို ကိုးကန့်အုပ်စုမှ သိမ်းပိုက်ခဲ့ပြီး ဗကပလက်အောက်မှ ခွဲထွက်ခဲ့ကြောင်း၊ ဗကပမှခွဲထွက်ခဲ့သည့် ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များသည် "မြန်မာနိုင်ငံအမျိုးသားပေါင်းစုံဒီမိုကရေစီတပ်မတော်"အနေဖြင့် ၁၉၈၉ ခုနှစ် မတ်လ ၃၁ ရက်တွင် တပ်ဖွဲ့ဝင်အင်အား ၂၇၀၆ ဦး၊ လက်နက်မျိုးစုံ ၁၃၄၅ လက်ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြောင်း။

တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးရရှိပြီး ရှမ်းပြည်မြောက်ပိုင်းအထူးဒေသ(၁) အဖွဲ့ပေါ်ပေါက်လာချိန်တွင် ဖုန်ကြားရှင်ဦးစီးသည့် "ဖုန်"အုပ်စုသည် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးပိုင်းတာဝန်ယူပြီး ရန်မိုးလျန်ဦးစီးသည့် "ရန်" အုပ်စုသည် စစ်ရေးလုံခြုံရေးအပိုင်းတာဝန်ယူခဲ့ကြောင်း၊ အုပ်စုလိုက်တန်ခိုးကြီးထွားစေရေး မူးယစ်ဆေးဝါးကို အပြိုင်အဆိုင်ထုတ်လုပ်ခဲ့ရာမှ အချင်းချင်း အာဏာလုကြပြီး "ဖုန်" "ရန်" ပြဿနာများစွာပေါ်ပေါက်ခဲ့ကြောင်း၊ ယင်းပြဿနာများကိုလည်း တပ်မတော်မှပင် ရင်ကြားစေ့ဖြေရှင်းပေးခဲ့ကြောင်း။

စက်တင်ဘာ ၂ ရက်အထိ ပြည်သာယာစစ်ဆင်ရေးကို ဆင်နွှဲခဲ့ကာ ရဲတပ်ဖွဲ့ဝင် ၂၄ ဦးအား ကယ်တင်နိုင်ခဲ့ပါကြောင်း၊ တိုက်ပွဲတွင် လက်နက်ကြီး ၂၂ လက်၊ လက်နက်ငယ် ၂၀၀၈ လက်၊ ခဲယမ်းမျိုးစုံ ၁၉၈၆၃၀၁ တောင့်၊ မိုင်းမျိုးစုံ ၂၄၀၆ လုံး၊ ဒုံးသီးမျိုးစုံ ၁၀၁၆ လုံး၊ ယာဉ် ၃၅ စီး၊ ဆေးပြားရိုက်စက် သုံးလုံး၊ မူးယစ်ဆေးဝါး ဆေးပြားမျိုးစုံ ၁၄၆၈၁၅၂ ပြား၊ အက်ဖီဒရင်း ၇၉၆၅၂၀၀ ပြားတို့နှင့် ဘိန်းဖြူ ဘိန်းမည်း၊ ဓာတုဆက်စပ်ပစ္စည်း စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၂၀ ကျော်ခန့် သိမ်းဆည်းရမိခဲ့ကြောင်း။

အထက်ပါ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် လောက်ကိုင်မြို့နယ် စီအောကျေးရွာတွင် အမှတ် (၁၀၀၆) နယ်ခြားစောင့်တပ်အဖြစ် ဒီဇင်ဘာ ၄ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ဦးစိုင်းလင်းမှ ဖုန်ကြားရှင်အား ဖမ်းဝရမ်းရုပ်သိမ်း၍ တိုင်းရင်းသားလူမျိုးပေါင်းစုံထံ ပြန်လည်ဝင်ရောက်နိုင်ရန်အတွက် နိုင်ငံတော်မှ လက်ခံပေးပါရန် နိုင်ငံတော်သမ္မတထံသို့ အသနားခံစာတင်ပြလာခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှု၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း၊ သို့သော်လည်း ဖုန်းကြားရှင်အဖွဲ့သည် မူးယစ်ဆေးဝါးနှင့် အခြားနည်းလမ်းများမှ ရရှိသော ငွေကြေးပိုင်ဆိုင်မှုများကို တရုတ်နိုင်ငံနှင့် မိုင်းလားတို့တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပါကြောင်း။

၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်တွင် တမူးမြို့ (၃)မိုင်စစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့မှ တရုတ်နိုင်ငံသား ရှစ်ဦးအား လက်နက်မျိုးစုံ ရှစ်လက်၊ လက်ပစ်ဗုံး ၃၁ လုံး၊ လက်နက်၊ ခဲယမ်းဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ကြောချက်များအရ ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ ငွေကြေးဖြင့် မက်လုံးပေး၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့အတွင်း ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ၎င်းတို့ ရှစ်ဦးသည် မိုင်းလားမြို့ သွေးစည်းညီညွတ်ရေးတပ်ဌာနချုပ်ရှိ စစ်သားစုဆောင်းရေးစခန်းသို့ ရောက်ရှိခဲ့ကြောင်း၊ မိုင်းလားတွင် လူသစ်စုဆောင်းသိမ်းသွင်းခံရသူများ၌ တရုတ်လူမျိုး၊

တည်ဆောက်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဖုန်ကြားရှင်ဦးစီး အင်အား ၁၀၀၀ ခန့်သည် မိုင်းလားတွင် အင်အားစုစည်းလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း၊ 'ဝ' ဒေသရှိ တိန်းတန်၊ နားဝီးအခြေပြုစခန်းများတည်ဆောက်ကာ ယာယီအခြေပြု၍ တိန်းတန်ကူးတို့မှတစ်ဆင့် မုံးယော်၊ မုံးကျက်သို့ဝင်ရောက်ခဲ့ပြီး KIA အင်အား ၁၀၀ ခန့်၊ SSA(ဝမ်ဟိုင်း) ၁၀၀ ခန့်နှင့် TNLA အင်အား ၁၀၀ ခန့်တို့ဖြင့် ပူးပေါင်း၍ မုံးစီး၊ နမ့်ကျွမ်း၊ ဝေါ်ခြုံ၊ မုံးကိုးနှင့် မုံးယားဒေသများသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် ဖုန်တာရှင် ခေါင်းဆောင်သော အင်အား ၃၀၀ ခန့်မှာ မန်ကန်ရွာသို့လည်းကောင်း၊ KIA အဖွဲ့မှ တောက်ဟုန်ခေါင်းဆောင်သော အင်အား ၈၀ ခန့်နှင့် TNLA အဖွဲ့မှ ၁၂၀ ခန့်သည် မန်ဂျယ်ကျေးရွာသို့လည်းကောင်း၊ ဖုန်ဝမ်အမ်းခေါင်းဆောင်သော အင်အား ၁၀၀ ခန့်နှင့် SSA (ဝမ်ဟိုင်း)အဖွဲ့မှ စိုင်းလောဝ်ခေါင်းဆောင်သော အင်အား ၁၀၀ ခန့်သည် မုံးပေါ်လေးတံတားမှ တာပါးတံတားသို့လည်းကောင်း ချီတက်ခဲ့၍ လောက်ကိုင်၊ မုံးကိုးဒေသအား တိုက်ခိုက်ရန် လမ်းကြောင်းသုံးကြောင်းဖြင့် ဝင်ရောက်ခဲ့ကြောင်း၊ တပ်မတော်မှ ကြိုတင်သတင်းရရှိ၍ နယ်မြေရှင်းလင်းခြင်းဆောင်ရွက်ခဲ့ရာ လောက်ကိုင်အား သိမ်းပိုက်မည့် ၎င်းတို့၏ ရည်ရွယ်ချက်အောင်မြင်မှုမရရှိဘဲ တာမုံဝါးသို့ ဆုတ်ခွာစောင့်ဆိုင်းခဲ့ကြောင်း၊ ကျန်အဖွဲ့များ လောက်ကိုင်ဒေသကျေးရွာများတွင် စိမ့်ဝင်၍ အရပ်သားအသွင်တပ်ဖျောက်သွားခဲ့ကြောင်း။

၂၀၁၄ ခုနှစ် အောက်တိုဘာတွင် အင်အား ၃၂၀ ခန့်သည် လွင်ကန်ဒေသတစ်ဝိုက် ပြန်လည်ရောက်ရှိ ဖြန့်ခွဲခိုအောင်းခဲ့ကြောင်း၊ နိုဝင်ဘာ တတိယပတ်တွင် သိန်းနီမြို့နယ် မန်လင်ကျေးရွာအုပ်စုမြောက်ဘက်ရှိ တောင်ကုန်းများသို့ ဝင်ရောက်လှုပ်ရှားခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းများ သတင်းအရ ဝင်ရောက်ရှင်းလင်းခဲ့၍ နန့်ကျွမ်း၊ ဝေါ်ခြုံနှင့် မုံးပေါ်လေးနယ်မြေတစ်ဝိုက် တိမ်းရှောင်တပ်ဖျောက်သွားခဲ့ကြောင်း၊ ၎င်းအဖွဲ့တွင် KIA၊ TNLA၊ SSA

ကိုးကန့်တိုက်ပွဲအား ဖုန်ကြားရှင်နေထိုင်ကွပ်ကဲနေသည့် တစ်ဖက်နိုင်ငံရှိ ဟိုတယ်။

ဒဏ်ရာရ ကိုးကန့်သောင်းကျန်းသူများ တက်ရောက်ကုသသည့် တစ်ဖက်နိုင်ငံရှိ ဆေးရုံ။

ထို့အပြင် ကိုးကန့်ဒေသအတွင်း ခယက၊ မယကများ ဖွဲ့စည်းထားသော်လည်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိစေရန် ဖုန်ကြားရှင်မှ လိမ္မာပါးနပ်စွာဖြင့်ချုပ်ကိုင်လာခဲ့ကြောင်း၊ တစ်ဖက်မှလည်း မူးယစ်ဆေးဝါးကိစ္စ၊ လောင်းကစားမှုများနှင့် အခြားသော မှောင်ခိုစီးပွားရေးလုပ်ငန်းများဖြင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာတွင် လက်ဝါးကြီးအုပ်နိုင်ရန် စီစဉ်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်၌ ဖုန်ကြားရှင်အဖွဲ့၏ကိုးကန့်ဒေသ ရန်လုံကျိုင်းရွာတွင် လက်နက်စက်ရုံဖြင့် လက်နက်၊ ခဲယမ်းများထုတ်လုပ်လျက်ရှိသည်ဟု အတည်ပြုသတင်းများရရှိခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းအရ လောက်ကိုင်မြို့ တုံချန်မြို့သစ်ရုံးရှေ့ တိုက်ခန်းအမှတ် ၁၅ သို့ ဝင်ရောက်ရှာဖွေရာလက်နက်၊ ခဲယမ်းများသိမ်းဆည်းရမိခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ဖုန်ကြားရှင်အပါ လေးဦးအား ဥပဒေနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးရန် အကြောင်းကြားစာအား အထူးဒေသ (၁) ဗဟိုကော်မတီဝင်များထံ ပေးအပ်ခဲ့ပါကြောင်း၊ ဩဂုတ် ၂၅ ရက်တွင် ဖုန်ကြားရှင်မှာ တောင်ညီနောင်ဘက်မှတစ်ဆင့် ဘီပီ (၁၂၅/၁၂၆)ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့၍ ဖုန်ကြားရှင်၊ ဖုန်ကြာဖူး၊ ဖုန်တာရှင်တို့အား လက်နက်/မူးယစ်/သွင်းထုတ်/ပြစ်မှုဆိုင်ရာ ပုဒ်မများဖြင့် ဥပဒေကြောင်းအရ အမှုဖွင့်လှစ်ခဲ့ကာ တရားခံပြေးများအဖြစ် ကြေညာခဲ့ကြောင်း။

ဖုန်ကြားရှင် ထွက်ပြေးတိမ်းရှောင်ပြီးနောက် ကိုးကန့်နယ်မြေ၏ အေးချမ်းတည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းရန်လိုအပ်ခြင်း၊ နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်ခြင်း၊ အထူးဒေသ(၁) တွင် ခေါင်းဆောင်မှုကင်းမဲ့သွားခြင်းတို့ကြောင့် ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီကို ၂၀၀၉ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဦးပယ်စောက်ချိန်အားဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းပေးအပ်ခဲ့ကြောင်း၊ ထိုအခြေအနေကို ကျေနပ်မှုမရှိ၍ ရန်လုံကျိုင်းနယ်စပ်စစ်ဆေးရေးဂိတ်တွင် ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီး ၅၂ ဦးအား ဖုန်တာရှင်တပ်များကပိတ်ဆို့ထားခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအား ပြန်လည်စေလွှတ်ပေးရန် ဆက်သွယ်ပြောဆိုသော်လည်းစေလွှတ်ပေးခြင်း မရှိသဖြင့် သွားရောက်ကယ်ထုတ်ခဲ့ရာ ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင် ၁၄ ဦးအား ရဲစခန်း အချုပ်ခန်းအတွင်း၌ လူမဆန်စွာ သတ်ဖြတ်ခဲ့ပါကြောင်း၊ ထို့အပြင် တပ်မတော်၏ လှုပ်ရှားစစ်ကြောင်းများနှင့် စခန်းများကို လက်နက်ကြီး လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့၍ ဩဂုတ် ၈ ရက်မှ

'ဝ'လူမျိုး၊ ကိုးကန့်လူမျိုးများဖြစ်ကြကြောင်း၊ ၎င်းတို့ရှစ်ဦးသည် သံလွင်မြစ်အနောက်ခြမ်း မုံးယော်၊ မုံးကျက်ဒေသအတွင်း နယ်မြေလှုပ်ရှားဆောင်ရွက်စဉ် မျှော်မှန်းထားသကဲ့သို့ လစာ၊ ရိက္ခာမရရှိခြင်း၊ နှိမ့်ချဆက်ဆံမှုများရှိခြင်းတို့ကြောင့် ထွက်ခွင့်တောင်းရာတွင် ခွင့်မပြုခြင်းကြောင့် ဒုတပ်ခွဲမှူးဖြစ်သူ ဝုန်ကျားဖူကို လုပ်ကြံသတ်ဖြတ်၍ ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်း။

ကိုးကန့်သောင်းကျန်းသူအဖွဲ့သည် ၎င်းတို့နယ်မြေကို ပြန်လည်ရယူနိုင်ရေးအတွက် စစ်ရေး၊ နိုင်ငံရေးနည်းလမ်းများဖြင့် လူ၊ လက်နက်အင်အားတောင့်တင်းအောင် ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဖွဲ့တည်းအင်အားဖြင့် မဖြစ်နိုင်၍ အခြားသောအဖွဲ့အစည်းများဖြစ်သည့် UWSA၊ NDAA၊ KIA နှင့် TNLA အဖွဲ့တို့၏ အကူအညီဖြင့် တပ်ပေါင်းစုဖွဲ့စည်းကာ အင်အားတည်ဆောက်လျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် လောင်းကစားရုံလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများ၊ အခြားကောက်ခံရရှိသောငွေများ၊ အခြားအဖွဲ့များ၏ အားပေးကူညီမှုများဖြင့် ရပ်တည်လျက်ရှိပါကြောင်း၊ လက်နက်များအနေဖြင့် အေကေ-၄၇၊ အမ်-၁၆၊ ပုံစံ- ၅၆-၁ ချေမှုန်းရေးရိုင်ဖယ်၊ UWSA(ဝ) အဖွဲ့မှ ထုတ်လုပ်သည်ဟုသိရသော ပုံစံ-၈၁-၁ ချေမှုန်းရေးရိုင်ဖယ် အစရှိသော လက်နက်ငယ်များ ကိုယ်စီတပ်ဆင်ပေးထားပြီး လက်ပစ်ဗုံး၊ မိုင်း၊ လောင်ချာ၊ စိန်ပြောင်း၊ စက်ကြီးများ တပ်ဆင်ထားရှိပါကြောင်း။

တိုင်းရင်းသားသွေးစည်းညီညွတ်ရေးတပ်တွင် KIA မှ အင်အား ၃၀၀ ခန့်ရှိသော တပ်ရင်းတစ်ရင်း၊ UWSA (ဝ)တပ်ဖွဲ့မှ တပ်ရင်း လေးရင်းပါဝင်သော တပ်မဟာ တစ်ခုနှင့် ကိုးကန့်သောင်းကျန်းသူအင်အား ၁၀၀၀ ခန့်ရှိကြောင်း၊ တပ်ပေါင်းစုတပ်မတော်၏ရည်ရွယ်ချက်မှာ ကိုးကန့်ဒေသတစ်ခုလုံးအား တိုက်ခိုက်သိမ်းယူသွားရန်နှင့် ၎င်းမှတစ်ဆင့် မြန်မာ-တရုတ်နယ်စပ် မုံးကိုး၊ ဖောင်းဆိုင်မှ မြစ်ကြီးနားဘက်သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်သွားရန်ဖြစ်ကြောင်းဖြင့် ဖော်ထုတ်သိရှိခဲ့ရပါကြောင်း။

၂၀၁၄ ခုနှစ် ဧပြီ၊ မေလများတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ အလင်းဝင် လေးဦးနှင့် ဖမ်းဆီးရမိသူ နှစ်ဦးတို့ကို စစ်ကြောချက်များအရ ယင်းအချက်များကို အတည်ပြုနိုင်ခဲ့ကြောင်း၊ ကိုးကန့်သောင်းကျန်းသူအဖွဲ့သည် မုံးစီး၊ နမ့်ကျွမ်း၊ ဝေါ်ခြုံ၊ မုံးကိုးနှင့် မုံးယားဒေသများတွင် ငွေကြေးဖြင့်လည်းကောင်း၊ အကြောက်တရားဖြင့် လည်းကောင်း စည်းရုံးသိမ်းသွင်း၍ လွှမ်းမိုးချုပ်ကိုင်ကာ လူ၊ လက်နက်အင်အားစုဖွဲ့ပြီး အခြေခံနယ်မြေ

(ဝမ်ဟိုင်း)အဖွဲ့များလည်း ပါဝင်သည်ဟု ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ၎င်းအဖွဲ့များသည် လောက်ကိုင်ဒေသအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများသို့ ဝင်ရောက်၍ တပ်မတော်စစ်ကြောင်းများအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ အရပ်သားများအား ဖမ်းဆီးခြင်းတို့လုပ်ဆောင်ခဲ့၍ နယ်မြေရှင်းလင်းရာ တိုက်ပွဲကြီး/ငယ် ၂၀ ကြိမ်ခန့်ဖြစ်ပွားခဲ့ပြီး ရန်သူအလောင်း ငါးလောင်း၊ ဖမ်းမိတစ်ဦး၊ အလင်းဝင် ၁၇ ဦး ဖမ်းဆီးရမိကာ တပ်မတော်မှ စစ်သည် ၁၂ ဦး အသက်ပေးလှူခဲ့ပြီး အရာရှိ သုံးဦး၊ စစ်သည် ၃၃ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း၊ ကိုးကန့်သောင်းကျန်းသူအဖွဲ့ တပ်လှုပ်ရှားမှုနှင့် တစ်ချိန်တည်းတွင် ဒီဇင်ဘာ ၁၅ ရက်၌ တရုတ်နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ် ဘီပီ-၁၂၇ ၏ အရှေ့ဘက် သုံးမိုင်အကွာ တရုတ်နိုင်ငံ မိန်းတိန်၊ နမ့်ဆန်ကားလမ်းပေါ်တွင် ယာဉ်ကြီးနှစ်စီးပေါ်မှ မောင်းပြန်ရိုင်ဖယ်သေနတ် ၆၁၁ လက်၊ ကျည် ၁၂၆၀၀၀ တောင့်နှင့် ၄၀ မမရော့ကတ်လောင်ချာ ၃၀၀ ခန့်၊ ၄၀ မမ ဒုံးကျည် ၁၀၀၀ ကျော်တို့အား သံသယရှိသူ သုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ တရုတ်စစ်သံရုံး (ရန်ကုန်)သို့ မေးမြန်းရာ တရုတ်စစ်သံရုံးမှ စုံစမ်းစစ်ဆေးမှုများပြုလုပ်ဆဲဖြစ်ကြောင်း၊ ဖမ်းဆီးရမိသည့် သုံးဦးအား စစ်ဆေးမှုများပြုလုပ်ဆဲဖြစ်ကြောင်း၊ လက်နက်၊ ခဲယမ်းမှောင်ခိုခြင်းသည် တရုတ်ပြည်တွင်းတွင် အရေးကြီးသောကိစ္စဖြစ်ပြီး တရုတ်နိုင်ငံဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း၊ နယ်စပ်အေးချမ်းတည်ငြိမ်ရေးအတွက် တရုတ်နိုင်ငံဘက်မှ အဓိကထားပြီး အထူးစုံစမ်းရေးအဖွဲ့အား ဖွဲ့စည်းစုံစမ်းမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မည်သည့်လက်နက်မှောင်ခိုနှင့် မှုခင်းများကိုမဆို မြန်မာနိုင်ငံနှင့် ပူးပေါင်းနှိမ်နင်း၍ Sino-Myanmar နယ်စပ်အေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်သွားမည်ဟု ပြန်လည်ပြောကြားခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်နေ့ Want China Times အွန်လိုင်းစာမျက်နှာတွင် ဖော်ပြပါရှိသော သတင်းဆောင်းပါးတွင် ဖုန်ကြားရှင်သည် Global Time သတင်းဌာနနှင့် တွေ့ဆုံပြောကြားချက်၌ ဒီမိုကရက်တစ်မဟာမိတ်တပ်မတော်ကိုဦးဆောင်၍ မြန်မာ့တပ်မတော်နှင့် ပြန်လည်ရင်ဆိုင်တိုက်ခိုက်ရန် လုပ်ဆောင်ထားရှိသည်ဟု ပြောကြားခဲ့ကြောင်း။

လတ်တလောဖြစ်ပွားနေသည့် လောက်ကိုင်ဒေသအား သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၄ မှ

ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ အင်အားစုအချို့သည် လက်နက်ငယ်ကိုယ်စီ ကိုင်ဆောင်၍ ကွမ်းလုံမြို့မြောက်ဘက်ရှိ တောင်ရွှေကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာပြီး ကျေးရွာပြည်သူ့စစ်များထံမှ လက်နက်ငယ်ရှစ်လက် သိမ်းယူသွားခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းရာတွင် ယာယီခံစစ်ယူထားသည့် ကိုးကန့်သောင်းကျန်းသူအင်အားစုများနှင့် စတင်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် ကုန်းကြမ်းနှင့် ညံ့ခွမ်းလမ်း (၁၈)မိုင်တစ်ဝိုက်၌ တပ်မတော်စစ်ကြောင်းနှင့် ကိုးကန့်သောင်းကျန်းသူ အင်အားစုများနှစ်ကြိမ်တိုင် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ နယ်နိမိတ်မှတ်တိုင် အမှတ် ဘီပီ-၁၆၁(၁)အနီးရှိ မော်ထိုက်မြို့တစ်ဝိုက် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်စခန်းကိုလည်း နှစ်ကြိမ်ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၁၀ ရက်က ညံ့ခွမ်းနှင့် (၁၈)မိုင်ကြားတစ်ဝိုက်၌ ကိုးကန့်အင်အားစုအချို့နှင့် ထပ်မံတွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ရာ ၎င်းနေရာသို့ တပ်မတော်စစ်ကြောင်းက လောက်ကိုင်မြို့မှ စစ်ကူသွားရောက်စဉ် (၁၈)မိုင်နှင့် တာရွှေထန်ကြား သောင်းကျန်းသူအင်အား ၂၀၀ ခန့်က အသင့်စောင့်ကြိုတိုက်ခိုက်ခဲ့သဖြင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်တွင် မိမိစစ်ကြောင်းအနေဖြင့် အဆိုပါနေရာသို့မရောက်မီ တစ်မိုင်ခန့်အကွာရှိ အလုပ်သမားတဲတန်းလျားတွင် ရန်သူ့သတင်းထောက်လှမ်းရာနယ်မြေရှင်းလင်းကြောင်းသိရ၍ စစ်နည်းဗျူဟာအရ လျင်မြန်မှုကို ဦးစားပေးသည့်အသွင်ဖြင့် ဆက်လက်ချီတက်ခဲ့ကြောင်း၊ တိုက်ပွဲနေရာအနီး တောင်ကုန်းအတက်ကားလမ်းပေါ်တွင် ကျောက်တုံးများချထားသဖြင့် ပုံမှန်အနေအထားမဟုတ်ကြောင်း စစ်ကြောင်းမှူးမှ သုံးသပ်၍ ယာဉ်များအား ချက်ချင်းရပ်တန့်စေကာ တောင်ကုန်းအား ရှင်းလင်းစဉ် ကိုက် ၅၀ ခန့်အကွာမှ ကြိုတင်နေရာယူထားသည့် ရန်သူအင်အား ၂၀၀ ခန့်သည် ပုံသေပစ်ကြောင်းယူ၍ တရုတ်စက်လတ်များအပါအဝင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြင်းထန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

တပ်မတော်ဘက်မှ တိုက်ခိုက်ရေးလေယာဉ်၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များ အပါအဝင် ပစ်ကူများအသုံးပြု၍ ကျားကုတ်ကျားခဲတိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ ထိခိုက်ကျဆုံးမှုများစွာဖြင့် မြန်မာ-တရုတ် နယ်နိမိတ်မှတ်တိုင် ဘီပီ-၁၁၇ သို့ ဆုတ်ခွာသွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ တစ်ဦး၊ စစ်သည် ၂၉ ဦးကျဆုံးခဲ့၍ အရာရှိ ရှစ်ဦး၊ စစ်သည် ၃၉ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း။

အဆိုပါဒေသသည် တောထူထပ်ပြီး တောင်များမြင့်မား မတ်စောက်သော ဒေသဖြစ်ပြီး တောင်ပေါ်တောတွင်းတိုက်ပွဲများသည် မြေအခြေအနေကို အကျိုးရှိစွာ အသုံးချနိုင်ပါက တိုက်ကွက်ဖော်သူအဖို့ အကျိုးအမြတ်များရရှိနိုင်သောကြောင့် လုံခြုံမှုထက် လျင်မြန်မှုကို ဦးစားပေးရသောအခြေအနေတွင် စွန့်စားမှုများဖြင့် ရန်သူ၏ အခြေအနေ ဖန်တီးနိုင်ခွင့်ကို ရိုက်ချိုးဖျက်ဆီးရန် လိုအပ်ပါကြောင်း၊ ၎င်းအခြေအနေမျိုးတွင် မိမိဘက်မှ ထိခိုက်ဆုံးရှုံးမှုများလည်း ရှိနိုင်မည်ကို စစ်ခေါင်းဆောင်များအနေဖြင့် တွက်ဆထားပြီးဖြစ်ပါကြောင်း။

ဖေဖော်ဝါရီ ၁၀ ရက် ညပိုင်းနှင့် ၁၁ ရက်နံနက်ပိုင်းတို့တွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ အင်အားစုအချို့သည် လောက်ကိုင်တပ်နယ်သို့လည်းကောင်း၊ အင်အားစုအချို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံးသို့လည်းကောင်း၊ အင်အားစုအချို့သည် ဆိအော့အကျဉ်းဦးစီးဌာနသို့လည်းကောင်း၊ အင်အားစုအချို့သည် ရန်လုံကျိုင်းရဲစခန်းသို့လည်းကောင်း ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများနှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းနှင့် ၁၂ ရက် နံနက်ပိုင်းတို့တွင် လောက်ကိုင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ ကုန်းကြမ်းရှိ တပ်ရင်းဌာနချုပ်နှင့် ရန်လုံကျိုင်းမဆုတ်တမ်းခံစစ်စခန်းများအား ဝင်ရောက်တိုက်ခိုက်ခဲ့၍ တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြင့် တစ်ကြိမ်ပစ်ကူပေးတိုက်ခိုက်ခဲ့ရပါကြောင်း။

ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းတွင် တရုတ်နိုင်ငံနယ်စပ်အနီး ရီရှင်း၊ မာအိုက်ချန် လမ်းကြောင်းအတိုင်း ကိုးကန့်သောင်းကျန်းသူများအား တင်ဆောင်လာသော မော်တော်ယာဉ် အစီး ၅၀ ခန့်သည် မီးရောင်တန်းများဖြင့်ဝင်ရောက်လာခဲ့သဖြင့် လောက်ကိုင်ရှိမိမိတပ်များမှ လက်နက်ကြီးများဖြင့်ပစ်ခတ်၍ ကြိုတင်ချေမှုန်းခဲ့ရကြောင်း၊ အလားတူ ဝမ်ဟိုထမ်ဘက်မှ ဝင်ရောက်လာသော ကိုးကန့်သောင်းကျန်းသူများ စီးနင်းလာသည့် မော်တော်ယာဉ်အစီး ၅၀ ခန့်ကိုလည်း လက်နက်ကြီးများဖြင့် ကြိုတင်ပစ်ခတ်ချေမှုန်းရာ သောင်းကျန်းသူအဖွဲ့များသည် ရည်ရွယ်ချက်ပျက်ပြားပြီး ပြန်လည်ဆုတ်ခွာသွားခဲ့ရကြောင်း။

လောက်ကိုင်ဒေသဖြစ်စဉ်သည် အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပါကြောင်း၊ ဖုန်ကြားရှင် ခေါင်းဆောင်သည့် သောင်းကျန်းသူအဖွဲ့သည် လောက်ကိုင်ဒေသအား တိုက်ခိုက်သိမ်းပိုက်ပြီး ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့အားဖြုတ်ချ၍ အာဏာသိမ်းရန်ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ အစိတ်အပိုင်းတစ်ခုအား တိုက်ခိုက်လာခြင်းဖြစ်သဖြင့် တပ်မတော်အနေဖြင့် လုံးဝလက်မခံကြောင်း၊ လုံးဝအလျှော့ပေးမည်မဟုတ်ကြောင်း၊ မိမိတို့ရရှိထားသော အထောက်အထားများအရ လောက်ကိုင်ဖြစ်စဉ်တွင် မိုင်းလားအဖွဲ့၊ "ဝ"အဖွဲ့၊ KIA အဖွဲ့၊ TNLA အဖွဲ့၊ SSA(ဝမ်ဟိုင်း) အဖွဲ့များမှ ပါဝင်မှုများရှိနေကြောင်းသိရှိရသဖြင့် ယင်းအတွက်ကိုလည်း သက်ဆိုင်ရာအဖွဲ့များအနေဖြင့် တာဝန်ယူရမည်ဖြစ်ကြောင်းကို သတိပေးထားပြီးဖြစ်ပါကြောင်း။

လက်ရှိလောက်ကိုင်မြို့တွင် အစိုးရအုပ်ချုပ်မှုယန္တရားရပ်ဆိုင်းသွားပြီး ဒေသအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများမှာလည်း ၎င်းတို့၏အသက်အန္တရာယ်ကြောင့် လောက်ကိုင်ဒေသမှစွန့်ခွာသွားခဲ့သော်လည်း အစိုးရဌာနအဆောက်အအုံအားလုံးအား တပ်မတော်မှ ထိန်းသိမ်းကာကွယ်ထားရှိနိုင်ခဲ့ပါကြောင်း၊ သောင်းကျန်းသူများအနေဖြင့် လောက်ကိုင်မြို့အတွင်း အရပ်သားများနှင့် ရောနှောကာ အရပ်သားအသွင်ပုန်းအောင်းနေထိုင်ပြီး တပ်မတော်စစ်ကြောင်းများကို အလစ်အငိုက် ချောင်းမြောင်းပစ်ခတ်မှုများပြုလုပ်နေသဖြင့် လက်ရှိကာလတွင် ရှင်းလင်းဆောင်ရွက်နေဆဲဖြစ်ပါကြောင်း။

လတ်တလောအခြေအနေအရ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဖေဖော်ဝါရီ ၁၇ ရက်တွင် အရေးပေါ်အခြေအနေကြေညာခြင်းနှင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုက်ပွဲရှောင်စခန်းများသို့ ရောက်ရှိနေကြသည့် အရပ်သားပြည်သူများအား လောက်ကိုင်ဒေသသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရန် အကြောင်းကြား၍ လိုအပ်သောကူညီစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများနှင့်မိသားစုများကိုလည်း တပ်မတော်မှ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိပါကြောင်း။

ဖုန်ကြားရှင်အနေဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၎င်းတို့မှာ တရုတ်လူမျိုးဟန်မျိုးနွယ်များဖြစ်ကြောင်း၊ မြန်မာအစိုးရမှ တရုတ်မျိုးနွယ်စုများကို နှိပ်စက်နေခြင်းဖြစ်၍ လူမျိုးရေးအရ ကူညီပေးကြပါရန် တရုတ်အင်တာနက်စာမျက်နှာများမှတစ်ဆင့် ဝါဒဖြန့်လျက်ရှိသလို တစ်ဖက်တွင်လည်း နိုင်ငံတော်သမ္မတကြီးထံ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးထဲတွင် အပါအဝင်ဖြစ်သောညီနောင်တိုင်းရင်းသားများအပေါ်တွင် သနားငဲ့ညှာစွာစဉ်းစားပေးစေလိုကြောင်း၊ နည်းလမ်းပေါင်းစုံဖြင့် ဝါဒဖြန့်လျက်ရှိပါကြောင်း။

ဖေဖော်ဝါရီ ၁၆ ရက်တွင်ဖုန်ကြားရှင်မှ နိုင်ငံတော်သမ္မတထံသို့ ကိုးကန့်တိုင်းရင်းသားများသည်လည်း နိုင်ငံတော်၏တာဝန်နှင့်ဝတ္တရားများကို နိုင်ငံတော်၏ မိသားစုအဖွဲ့ဝင်အနေဖြင့် ထမ်းဆောင်ချင်ပါကြောင်း အိတ်ဖွင့်ပေးစာပေးပို့ခဲ့သည်ဟု သိရှိရပါကြောင်း၊ လောက်ကိုင်ဒေသတိုက်ပွဲစဉ်များတွင် ဖေဖော်ဝါရီ ၉ ရက်မှ ယနေ့အထိမြန်မာ့တပ်မတော်မှ အရာရှိခုနစ်ဦး၊ စစ်သည် ၄၈ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး အရာရှိ ၁၂ဦး၊ စစ်သည် ၉၆ ဦးဒဏ်ရာရရှိခဲ့ပါကြောင်း။

တပ်မတော်အနေဖြင့် ဒဏ်ရာရအရာရှိနှင့်စစ်သည်များအား သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များဖြင့် လားရှိုးနှင့် ပြင်ဦးလွင်ရှိတပ်မတော်ဆေးရုံများသို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်ပေးခဲ့ပြီး ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လောက်ကိုင်၊ ကုန်းကြမ်းနယ်မြေများရှိ ဌာနချုပ်အသီးသီးမှ ရဲမေနှင့်မိသားစုဝင်များကိုလည်း နောက်တန်းဌာနချုပ်များတွင် အန္တရာယ်ကင်းရှင်းစွာ ကာကွယ်ပေးလျက်ရှိပါကြောင်း၊ ရန်သူ့ဆုံးရှုံးမှုအနေဖြင့် အခြားသတင်းများအရ တပ်မဟာမှူးအဆင့်ရှိသူ တစ်ဦး၊ အထူးတိုက်ခိုက်ရေးတပ်ရင်းမှူးအဆင့်ရှိသူတစ်ဦး အပါအဝင် ၇၂ ဦးခန့်သေဆုံးခဲ့ပြီး လက်နက်မျိုးစုံ ၁၁၅လက်၊ ခဲယမ်းမျိုးစုံ၊မိုင်းနှင့် မူးယစ်ဆေးဝါးအများအပြားသိမ်းဆည်းရမိခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၁၇ ရက်တွင် လောက်ကိုင်တွင်ပိတ်မိနေသော ရွှေ့ပြောင်းလုပ်သားများကို ကူညီပို့ဆောင်လာသောအဖွဲ့၏ ယာဉ်တန်းသည် လောက်ကိုင်မြို့မှ ကြက်ခြေနီအလံလွှင့်တင်ပြီး ထွက်ခွာလာရာ ပါစင်ကျော်နှင့် ချင်းရွှေဟော်ကြားသို့ရောက်ရှိစဉ် ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ ချုံခိုပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်ပါကြက်ခြေနီတပ်ဖွဲ့ဝင် ဦးဇော်မင်းထိုက်သည် မျက်စိထိမှန်ဒဏ်ရာနှင့် ဦးမိုးကျော်သန်းမှာ ဝမ်းဗိုက်တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ပါကြောင်း၊ ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်စစ်ကြောင်းများက နယ်မြေအား ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုးကန့်သောင်းကျန်းသူအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ အချုပ်အခြာအာဏာပိုင်ဆိုင်သော လောက်ကိုင်၊ ကုန်းကြမ်း၊ တာရွှေထန်ဒေသတို့အား အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကူအညီများရယူ၍ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထုနှင့် တပ်မတော်သားများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရပ်တည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လောက်ကိုင်ဒေသအား မူလအခြေအနေကို ပြန်လည်ရောက်ရှိကာ ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် သောင်းကျန်းသူများ အခြေချလှုပ်ရှားမှုမရှိစေရေးနှင့် နယ်စပ်ဒေသတစ်လျှောက် စိမ့်ဝင်ထိုးဖောက်ခြင်းမပြုနိုင်ရေး အစွမ်းကုန်ကြိုးပမ်း ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိဒေသအခြေအနေမှာ တစ်စတစ်စ တည်ငြိမ်တိုးတက်မှုရှိလာပြီဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော Tomorrow၊ Sankei Shimbun၊ Yangon Media Group၊ Ji Ji Press၊ Messenger၊ AFP၊ Trade Time သတင်းဌာနတို့မှ သိရှိလိုသည်များမေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများနှင့် အထောက်အထား စာရွက်စာတမ်းများအား လှည့်လည်ကြည့်ရှုရာ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

၂၀၀၉ ခုနှစ် လောက်ကိုင်ဒေသတွင် ဖော်ထုတ်ရရှိခဲ့သော လက်နက်စက်ရုံမှတ်တမ်းဓာတ်ပုံများ။ (မြဝတီ)

UWSA (ဝ) တံဆိပ်နှင့်သေနတ်ကို တွေ့ရစဉ်။ (မြဝတီ)

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေသော တပ်မတော်သားများအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အလှူငွေပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၁

လောက်ကိုင်ဒေသအတွင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျင်းပရာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် မြင့်မော်၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဦးနှင်းမိုး၊ ဦးအောင်လွင်နှင့် ဦးလူမင်းတို့က ထိခိုက်ဒဏ်ရာရရှိသော စစ်သည်များအတွက် လှူဒါန်းငွေကျပ် ၁၅၅၀၀၀၀ ကို လည်းကောင်း၊ လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေသော စစ်သည်များအတွက် လှူဒါန်းငွေ ကျပ် ၅၀၀၀၀၀၀ ကိုလည်းကောင်း၊ တပ်မတော်ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် ၂၀၂၃၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀ ကိုလည်းကောင်း၊ တိုက်ပွဲရှောင်ပြည်သူများအတွက် ငွေကျပ် ၅၀၀၀၀၀၀ ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းရာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်မော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များက ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်များအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားကြသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအတွက်ယနေ့တွင် လှူဒါန်းငွေကျပ် စုစုပေါင်း ၁၃၅၇၃၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

နိုင်ငံတော်တည်ဆောက်ရေးအတွက် အမှန်တကယ်အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်နိုင်သော အမျိုးသားပညာရေးဥပဒေဖြစ်ပေါ်လာရေးသည်သာ အဓိကပဓာန

မောင်သမာဓိ

၁၉-၂-၂၀၁၅ ရက်တွင် ထုတ်ဝေသော နိုင်ငံပိုင်သတင်းစာများ၌ အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြထားသော အမျိုးသားပညာရေးဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းကို ဖတ်ရှုလေ့လာရပါသည်။ တည်ဆဲအမျိုးသားပညာရေးဥပဒေနှင့် အဆိုပါဥပဒေအပေါ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ယှဉ်တွဲဖော်ပြထားရာ ဖတ်ရှုလေ့လာရသူအတွက် စဉ်းစားဆင်ခြင်စရာများစွာ တွေ့ရှိရပါသည်။ အများပြည်သူလေ့လာအကြံပြုနိုင်ရန်အတွက်ဟု ဖော်ပြထားချက်အရ ပြည်သူတစ်ဦးအနေဖြင့် ဖတ်ရှုလေ့လာမိသည့်အတွက် အကြံပြုရန် တာဝန်ရှိလာပါသည်။ ရှိလာသည့်တာဝန်အတိုင်း လေ့လာမိသမျှကို အကြံပြုတင်ပြမည်ဖြစ်ပါသည်။

တည်ဆဲအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂။(သ)တွင် **မိဘဆရာအသင်း**အစား ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် **ကျောင်းအုပ်ချုပ်ရေးအဖွဲ့**ဟု လည်းကောင်း၊ ပုဒ်မ ၂။(ဟ)တွင် ကျောင်းအကျိုးဆောင်အဖွဲ့အစား တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီဟုလည်းကောင်း ပြင်ဆင်ထားသည်ကို ဦးစွာတွေ့ရှိရပါသည်။

အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးဆောင်အဖွဲ့သည် မရှိမဖြစ်လိုအပ်သော အသင်းအဖွဲ့များဖြစ်ပါသည်။ အကြောင်းမူ မိဘဆရာအသင်းဟူသည် အခြေခံပညာကျောင်းများတွင် သင်ယူသူတပည့်များ၏ ပညာရည်တတ်မြောက်ရေးနှင့် ကိုယ်နှုတ်နှလုံး ကောင်းမွန်လာစေရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့် ဆရာတို့ ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ ဖြစ်ပါသည်။ မိဘနှင့် ဆရာပူးပေါင်းလက်တွဲပြီး တပည့်ကျောင်းသား ကျောင်းသူများ အသိပညာကြွယ်ဝပြီး စာရိတ္တကောင်းမွန်သော လူငယ်လူရွယ်များ ပြုစုပျိုးထောင်နိုင်ရန် ရည်ရွယ်ရင်းဖြစ်ပါသည်။ အခြေခံပညာကျောင်းများတွင် ကျောင်းအကျိုးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းမှာ ကျောင်းပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန် ရည်ရွယ်ရင်းဖြင့် ပညာရေးနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍတို့တွင် အများကြည်ညိုလေးစားမှုရှိသူများအား ရွေးချယ်ပြီး ဖွဲ့စည်းခြင်းဖြစ်ပါသည်။

အခြေခံပညာကျောင်းများဟုဆိုရာတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ဟူ၍ သုံးမျိုးသုံးစားပါဝင်ပါသည်။ အဆိုပါ အခြေခံပညာကျောင်းများသည် နယ်စွန်နယ်ဖျား ကျေးလက်တောရွာများအထိ တည်ရှိနေသည်ကို အလေးအနက် သတိမူကြရပေမည်။ ဒေသအသီးသီးရှိ အခြေခံပညာကျောင်းများ၏ ဒေသအလိုက်လိုအပ်ချက်များကို ချက်ချင်းလက်ငင်း အခြေအနေများတွင် ဒေသခံပြည်သူလူထုကသာ ဝိုင်းဝန်းကူညီပံ့ပိုးကြပါသည်။ ဖြည့်ဆည်းဆောင်ရွက်ပေးကြပါသည်။ ထိုသို့ ဝိုင်းဝန်းကူညီပံ့ပိုးဖြည့်ဆည်းပေးရာတွင် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးဆောင်အဖွဲ့သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပေးနေကြရသော အသင်းအဖွဲ့များဖြစ်သည့်အတွက် အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးဆောင်အဖွဲ့တို့သည် မရှိမဖြစ်လိုအပ်သည့် အသင်းအဖွဲ့များဖြစ်ရာ ပြင်ဆင်ရေးဆွဲသည့် ဥပဒေမူကြမ်းတွင် အခြေခံပညာကျောင်းများ၌ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့များကို ထည့်သွင်းရေးဆွဲရန် အကြံပြုတိုက်တွန်းအပ်ပါသည်။ ကျေးရွာငယ်များရှိ အခြေခံပညာကျောင်းများ၌ ပြင်ဆင်သည့် ဥပဒေမူကြမ်းပါ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသားမိဘအုပ်ထိန်းသူ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ရန် အခြေအနေမရှိသည်ကို အလေးအနက်သတိပြုစေလိုပါသည်။

ဆက်လက်၍ တည်ဆဲအမျိုးသားပညာရေးဥပဒေပါ အခန်း (၃) အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများနှင့် ပြင်ဆင်သည့်ဥပဒေကြမ်းပါ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများကို နှိုင်းယှဉ်လေ့လာကြည့်ရာတွင် ပြင်ဆင်သည့်ဥပဒေကြမ်း၌ **လွတ်လပ်ခွင့်**ဆိုသည့် စကားလုံးများကို ဖောဖောသီသီသုံးစွဲပြီး ရေးဆွဲထားပါသည်။ လွတ်လပ်ခွင့်ဟူသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ နှင့်အညီ ဖြစ်ရပါမည်။ အလားတူ မြန်မာ့လူမှုဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုကျင့်ဝတ်အတွင်း၌သာ ရှိရမည်ဖြစ်ပါသည်။ ဥပဒေစည်းကမ်းများကို ကျော်လွန်သည့် လွတ်လပ်ခွင့်မျိုးသည် ထင်ရာစိုင်းသည့် လွတ်လပ်ခွင့်မျိုးဖြစ်ပါသည်။ ထိုထင်ရာစိုင်းသည့် လွတ်လပ်ခွင့်မျိုးသည် လူမှုအဖွဲ့အစည်းအတွင်း၌လည်းကောင်း၊ အပြန်အလှန် ညှိနှိုင်းဆွေးနွေးရာတွင်လည်းကောင်း ကောင်းကျိုးထက် ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် တစ်ဦးချင်း တစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်သည် ဥပဒေစည်းကမ်းအတွင်း တည်ရှိနေရန် အရေးကြီးပါသည်။ ဥပဒေစည်းကမ်းအတွင်းက လွတ်လပ်မှုကသာလျှင် ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သော ဥပဒေစည်းကမ်းနှင့်အညီ လွတ်လပ်စွာ ပြောဆိုနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကို အခြေခံပညာကျောင်းများကသာလျှင် မွေးမြူလေ့ကျင့် သင်ကြားပေးနိုင်သည်ကိုလည်း အလေးထားသတိမူအပ်ရာ၏။ လွတ်လပ်ခွင့်ကို တလွဲတွင် အသုံးပြုပါမူ မင်းမဲ့စရိုက်ဘက်သို့ ဦးတည်သွားနိုင်သည်ကိုလည်း အလေးထားသတိမူအပ်ရာ၏။ မူလအနှစ်သာရများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ လူမှုကျင့်ဝတ်များကို သွေဖည်မည့်ဘက်သို့ ဦးတည်ရွေ့လျားစေသော လွတ်လပ်ခွင့်မျိုးကိုလည်း အလေးအနက်သတိထား ရှောင်ကြဉ်ရာ၏။ **လွတ်လပ်ခွင့်နှင့် ဥပဒေစည်းကမ်း**တို့သည် **အပြန်အလှန် အမှီသဟဲပြုမှုသာ ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားမည်**ကိုလည်း အလေးထား သတိမူအပ်ရာ၏။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ဗဟိုချုပ်ကိုင်မှုစနစ်ကို ဖြေလျှော့ပေးလျက်ရှိရာ ပြင်ဆင်သည့်ဥပဒေကြမ်း၌ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများဖြစ်သော ပုဒ်မ ၄။(ဂ)(ဃ)ပါ အကြောင်းအရာများသည် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့က ထိန်းချုပ်နေသည့် အုပ်ချုပ်မှုအသွင်ကို ဖော်ဆောင်နေပါသည်။ ပြင်ဆင်သည့် ဥပဒေကြမ်း၌ ပုဒ်မ ၄။(က)(ခ)(ဂ)တို့တွင် ပညာရေးလွတ်လပ်ခွင့်ဟု သာမန်အားဖြင့် လူကြိုက်များအောင် ဖော်ပြထားသော်လည်း နိုင်ငံတကာတွင် ကျင့်သုံးသည့် ပညာရေးလွတ်လပ်ခွင့်၊ စီမံခန့်ခွဲရေး လွတ်လပ်ခွင့်၊ ဘဏ္ဍာငွေကြေးသုံးစွဲမှုဆိုင်ရာ လွတ်လပ်ခွင့်၊ ဝန်ထမ်းရေးရာ လွတ်လပ်ခွင့်တို့နှင့် လုံးဝကင်းလွတ်နေသည်ကို တွေ့ရှိရပါသည်။ အဆိုပါပုဒ်မအပိုဒ်ခွဲ(ဂ)ပါ ဆောင်ရွက်မည့်အစီအစဉ်သည် ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ တစ်နည်းအားဖြင့် သမဂ္ဂများကသာ အစစအရာရာတွင် စီမံခန့်ခွဲမည့်ပုံသဏ္ဍာန်ကို ထင်ဟပ်နေပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရေးဆွဲကြရာတွင် မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာအောင် လှုံ့ဆော်သွေးထိုးသည့် ဥပဒေပြဋ္ဌာန်းချက်တို့ကို ရှောင်ကြဉ်အပ်ကြောင်း စေတနာကောင်းဖြင့် အကြံပြုလိုပါသည်။ နိုင်ငံတစ်နိုင်ငံ၏ သက်ဆိုင်ရာ ပညာရေးစနစ်သည် ထိုနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ထိုနိုင်ငံ၏ အခြေခံဥပဒေအတွင်း ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသော်လည်းကောင်း၊ အခြားဥပဒေ၊ နည်းဥပဒေကိုလည်းကောင်း ဆန့်ကျင်သွေဖည်ခြင်းမရှိသည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်။

ပြင်ဆင်လိုသည့်ဥပဒေ ပုဒ်မ ၄။(ပ)တွင် အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေးဟူ၍ တွေ့ရှိရပြန်ပါသည်။ **ယနေ့အခါ**တွင် **အခမဲ့မူလတန်းပညာရေး**ကိုလည်းကောင်း၊ **အခမဲ့အလယ်တန်းပညာရေး**ကိုလည်းကောင်း **ဆောင်ရွက်နေ**ပြီဖြစ်ပါသည်။ **လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်းပညာရေးအစီအစဉ်**ကို **ဆောင်ရွက်သွားမည်ဟု သိရှိရ**ပါသည်။ ထို့ကြောင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်းတွင် အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေးအစား တည်ဆဲအမျိုးသားပညာရေးဥပဒေပါ ပုဒ်မ ၄။(ည)တွင် ဖော်ပြသည့်အတိုင်း **"အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည် အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး"ဟု ဖော်ပြမည်ဆိုပါက ပိုမိုသင့်လျော်**ပါကြောင်း အကြံပြုလိုပါသည်။

ဆက်လက်၍ အမျိုးသားပညာရေးဥပဒေပါ အခန်း (၄) နှင့် ပြင်ဆင်သည့်ဥပဒေပါ အခန်း(၄) တို့ကို နှိုင်းယှဉ်လေ့လာမိပါသည်။ အမျိုးသားပညာရေးဥပဒေတွင် **အမျိုးသားပညာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်**များဟူ၍ ကဏ္ဍသတ်မှတ်ထားသော်လည်း ပြင်ဆင်သည့် ဥပဒေကြမ်းတွင် **ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကို အာမခံခြင်း**ဟူ၍ ကဏ္ဍတပ်ထားသည်ကို တွေ့ရှိရပါသည်။ ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ခေါင်းစဉ်ပြောင်းလဲပေးထားသည်ကို ကြည့်ခြင်းအားဖြင့် တည်ဆဲအမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကဏ္ဍကို ချန်လှပ်ထားခဲ့လိုဟန်ရှိပါသည်။ ထိုကဏ္ဍပါ ဖော်ပြချက်များသည် နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီ အရည်အသွေးရှိပြီး အာမခံချက်ရှိသော အဆင့်မြင့်ပညာရေးဖြစ်ပေါ်လာစေရန်အတွက် လိုအပ်ချက်ဖြစ်ပါသည်။ ယနေ့ကာလ ပုဂ္ဂလိကတက္ကသိုလ်များ မပေါ်ပေါက်သေးမီ နိုင်ငံပိုင်တက္ကသိုလ်များသာ အဆင့်မြင့်ပညာရေးတွင် ဦးဆောင်လျက်ရှိပါသည်။ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရပ်တည်ကာ နိုင်ငံပိုင်ကျောင်းများအနေဖြင့် ဘဏ္ဍာရေးကိစ္စ၊ ပညာရေးဆိုင်ရာ မူဝါဒများကို အာမခံပေးမည့် နိုင်ငံပိုင်ကျောင်းများနှင့် နိုင်ငံတော်အစိုးရအကြားတွင် ကြားခံအဖွဲ့အစည်းတစ်ရပ် မဖြစ်မနေလိုအပ်သည်ဟု ထင်မြင်ပါသည်။ နိုင်ငံပိုင် ကျောင်းတစ်ကျောင်းချင်းအနေဖြင့် နိုင်ငံတော်အစိုးရကို တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် လုပ်ငန်းသဘောအရ မည်သို့မျှ မဖြစ်နိုင်ပါ။ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ရမည့် အဖွဲ့အစည်းလည်း ဖြစ်ပါသည်။ အမျိုးသားပညာရေး ဥပဒေတွင် ထိုအခန်းကဏ္ဍမပါရှိပါက ပြီးပြည့်စုံသော ဥပဒေတစ်ရပ် ဖြစ်ပေါ်လာနိုင်ချေမရှိဟု ထင်မြင်သုံးသပ်မိပါသည်။ ထို့ကြောင့် ထိုအခန်းကဏ္ဍတွင် ထိုအကြောင်းအရာများကို မပါမဖြစ် ထည့်သွင်းဖော်ပြပေးပါရန် အကြံပြုလိုပါသည်။

> "ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အခန်း(၄)၌ ဒီမိုကရေစီစနစ် လွတ်လပ်ခွင့်ကို အာမခံခြင်း ခေါင်းစဉ်အောက်တွင် (က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)အပိုဒ်ခွဲများဖြင့် ကဏ္ဍခွဲလျက် ဖော်ပြထားပါသည်။ အပိုဒ်ခွဲ (က)ပါ ကျောင်းသားကျောင်းသူများ၏ အခွင့်အရေးနှင့်ပတ်သက်၍ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နိုင်ပါသည်။ အကြောင်းမူ အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ဆန့်ကျင်သွေဖည်နေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအခန်းကဏ္ဍပါ အပိုဒ်ခွဲ (က)မှ (ဆ)အထိ ပြဋ္ဌာန်းလိုသည်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများဥပဒေနှင့်လည်းကောင်း၊ အခြားသောဥပဒေများနှင့်လည်းကောင်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဘဏ္ဍာငွေသုံးစွဲရေး စည်းမျဉ်းစည်းကမ်းများနှင့်လည်းကောင်း သွေဖည်ဆန့်ကျင်မှုမရှိစေဘဲ လိုက်လျောညီထွေဖြစ်မည့် ဥပဒေကိုသာ ရေးဆွဲသင့်"

ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အခန်း (၄) ၌ **ဒီမိုကရေစီစနစ် လွတ်လပ်ခွင့်ကို အာမခံခြင်း** ခေါင်းစဉ်အောက်တွင် (က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)အပိုဒ်ခွဲများဖြင့် ကဏ္ဍခွဲလျက် ဖော်ပြထားပါသည်။ အပိုဒ်ခွဲ (က)ပါ ကျောင်းသား ကျောင်းသူများ၏ အခွင့်အရေးနှင့်ပတ်သက်၍ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နိုင်ပါသည်။ အကြောင်းမူ အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ဆန့်ကျင်သွေဖည်နေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအခန်းကဏ္ဍပါ အပိုဒ်ခွဲ (က)မှ (ဆ)အထိ ပြဋ္ဌာန်းလိုသည်များကို **ဖွဲ့စည်းပုံအခြေခံဥပဒေ**နှင့်လည်းကောင်း၊ **နိုင်ငံ့ဝန်ထမ်းများဥပဒေ**နှင့်လည်းကောင်း၊ **အခြားသော ဥပဒေ**များနှင့်လည်းကောင်း၊ **ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း**နှင့်အညီ ဘဏ္ဍာငွေသုံးစွဲရေး စည်းမျဉ်းစည်းကမ်းများနှင့်လည်းကောင်း **သွေဖည်ဆန့်ကျင်မှုမရှိစေဘဲ လိုက်လျောညီထွေဖြစ်မည့် ဥပဒေကိုသာ ရေးဆွဲသင့်**ပါသည်။

သို့ပါ၍ **ဥပဒေတစ်ရပ်ရေးဆွဲရာတွင် မိခင်ကြီးသဖွယ်ဖြစ်သော ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း ညီညွတ်ရန်လိုအပ်ပါသည်။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်လည်း ညီညွတ်ရန်လိုအပ်ပါသည်။** အချုပ်ဆိုရသော် နိုင်ငံတော်တည်ဆောက်ရေးအတွက် အမှန်တကယ်အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်နိုင်သော အမျိုးသားပညာရေးဥပဒေဖြစ်ပေါ်လာရေးသည်သာ အဓိကပဓာနဖြစ်ကြောင်း အကြံပြုရေးသားတင်ပြအပ်ပါသည်။ ။

ပြည်တွင်းရေးရာ

✻ လုပ်ငန်းများမှ

ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် စုစုပေါင်းအလှူငွေ ကျပ်(၅၆)သိန်းကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် လားရှိုးတပ်နယ်ခန်းမ၌ လတ်တလောကာလအတွင်း လောက်ကိုင်တိုက်ပွဲများ၌ နိုင်ငံတော်အတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ကာကွယ်ခဲ့ရာမှ ကျဆုံးခဲ့သည့် တပ်မတော်သား မိသားစုဝင်များအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးစကားပြောကြားပြီး မိသားစုဝင် ၂၃ ဦး အတွက် ငွေကျပ် ၁၁၅ သိန်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ကျဆုံးခဲ့သည့် တပ်မတော်သား မိသားစုဝင်များအတွက် အလှူငွေများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။ လတ်တလောကာလအတွင်း လောက်ကိုင်တိုက်ပွဲများ၌ နိုင်ငံတော်အတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ကာကွယ်ခဲ့ရာမှ ကျဆုံးခဲ့သည့်တပ်မတော်သား မိသားစုဝင်များအား စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၇၇ ဒသမ ၅ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့ "ထင်းရှူးမြိုင်" ပြည်သူ့ဝန်ထမ်း တန်ဖိုးမျှအိမ်ရာစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်မိုးက စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အိမ်ရာများဆောက်လုပ်ရာတွင် စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများအား ပြန်လည်ပြုပြင်သည့်စနစ် ပြုလုပ်၍လည်းကောင်း၊ ကျန်းမာရေးနှင့်ညီညွတ်စေရန် လေကောင်းလေသန့်ရရှိမှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးကိစ္စရပ်များကို လည်းကောင်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် မှာကြားပြီး စီမံကိန်းနယ်မြေအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း ကျဆုံးစစ်သည်မိသားစုများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း တိုက်ပွဲရှောင်နေရပ်ပြန်သူများအား နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့ "ချယ်ရီမြိုင်" တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှိုင်းနီးမြန်မာကုမ္ပဏီမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဌေးဝင်းက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးက အဆင့်မြင့်ယာဉ်ရပ်နားစခန်း တည်ဆောက်ခဲ့မှုနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက လုပ်ငန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သတ်မှတ်အရည်အသွေးများနှင့်အညီ စနစ်တကျဆောင်ရွက်ရေး မှာကြားပြီးစီမံကိန်းလုပ်ငန်းခွင်နှင့် အဆင့်မြင့်ယာဉ်ရပ်နားစခန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြကွင်း တည်ဆောက်ရန် မြေနေရာရွေးချယ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မုံရွာမြို့ တန်ဖိုးသင့် နန္ဒဝန်အိမ်ရာတည်ဆောက်မှုများ ပန္နက်တင်

မုံရွာ ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် တည်ဆောက်မည့် မုံရွာမြို့ နန္ဒဝန်ရပ်ကွက် တန်ဖိုးသင့် နန္ဒဝန်အိမ်ရာစီမံကိန်း ပန္နက်တင်မင်္ဂလာကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်အစောပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။ တန်ဖိုးသင့် နန္ဒဝန်အိမ်ရာစီမံကိန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရှစ်ခန်းတွဲငါးထပ် ၁၁ လုံး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှု ဦးစီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့ပူးပေါင်း၍ ၁၁ လုံး စုစုပေါင်း ၂၂ လုံး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုစတင်တည်ဆောက်မည့် အဆောက်အအုံ ၁၁ လုံး၏ တည်ဆောက်ပြီးစီးမှု ၅၀ ရာခိုင်နှုန်းသို့ရောက်လျှင် တိုက်ခန်းဝယ်ယူလိုသူများအား ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် လက်ရှိဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကျဆုံးစစ်သည် မိသားစုများနှင့် အများပြည်သူများကို လက်ငင်းငွေချေစနစ်၊ အရစ်ကျငွေချေစနစ်များဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။တိုက်ခန်းဈေးနှုန်းကို ညှိနှိုင်းသတ်မှတ်ထားရာတွင် အပေါ်ဆုံး ထပ်တစ်ခန်းငွေကျပ် ၁၂၅ သိန်းဖြင့် ကြားအထပ်များကို ကျပ်သိန်း၂၀ စီအကွာဖြင့် အောက်ဆုံးမြေညီထပ်ကို ငွေကျပ် ၂၀၅ သိန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ဖိုးသင့်အိမ်ရာစီမံကိန်းမှ ပထမအသုတ်အဆောက်အအုံ ၁၁ လုံးကို ဆောက်လုပ်ရေးကုမ္ပဏီများဖြစ်သော ချန်ပီယံဆောက်လုပ်ရေးမှ တစ်လုံး၊ ငွေကံဆင့်ဆောက်လုပ်ရေးမှ နှစ်လုံး၊ Strone Dragon ကုမ္ပဏီမှ နှစ်လုံး၊ Original Group ကုမ္ပဏီမှ နှစ်လုံး၊ Holy Land ကုမ္ပဏီမှ နှစ်လုံး၊ အောင်မြင်သူဆောက်လုပ်ရေးကုမ္ပဏီမှ နှစ်လုံး စုစုပေါင်း ၁၁ လုံးကို ရှစ်လအတွင်းအပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ခေတ်သစ်ပြည်သူ့ပါတီ
ပါတီဗဟိုရုံးချုပ်

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တိမ်းရှောင်ကိုးကန့်လက်နက်ကိုင်အဖွဲ့၏ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်လာမှုအပေါ် အသက်၊ သွေး၊ ချွေး၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ စွန့်လွှတ်ကာကွယ်တိုက်ပွဲဝင်ခဲ့သော တပ်မတော်နှင့် တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုထုတ်ပြန်ခြင်း

ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၈)ရက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံဖွား တိုင်းရင်းသားတို့သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ မိမိတို့နိုင်ငံ၏ ကံကြမ္မာကို မိမိတို့လွတ်လပ်စွာ ဖန်တီးရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတည်းဟူသော လွတ်လပ်သောနိုင်ငံ၏ ဂုဏ်အင်္ဂါကို ထာဝစဉ်အသက်ပေးစောင့်ထိန်းကာကွယ်သွားရမည်ဖြစ်ပါသည်။

၂။ ယခုကဲ့သို့ ငြိမ်းချမ်းရေး၊ အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေး၊ ဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးများကို အမျိုးသားရေးစွမ်းအားဖြင့် ကြိုးပမ်းနေချိန်တွင် တိမ်းရှောင်ကိုးကန့် လက်နက်ကိုင်အဖွဲ့နှင့် အပေါင်းပါတို့၏ ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်မှ စ၍ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်လာမှုအပေါ် အမိမြေနှင့် တိုင်းရင်းသားပြည်သူတို့အား အသက်၊ သွေး၊ ချွေး၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများစွန့်လွှတ်၍ ကာကွယ်တိုက်ပွဲဝင်ခဲ့သော တပ်မတော်နှင့် တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ခေတ်သစ်ပြည်သူ့ပါတီ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖေဖော်ဝါရီ ၂၀ ရက်က ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်းတွင် ကျင်းပသော ချင်းအမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ

ပြည်တွင်းရေးရာ

☆ **ကျောဖုံးမှ**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ခမ်းနားသိုက်မြိုက်အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပြီး မြန်မာ့သမိုင်းမှာ မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူခွင့်ရခဲ့သည့်အတွက် မိမိတို့အားလုံး ဂုဏ်ယူဝမ်းမြောက်ခဲ့ကြရပါကြောင်း။

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ် ၈၆ ဆု၊ ငွေတံဆိပ် ၆၂ ဆုနှင့် ကြေးတံဆိပ် ၈၅ ဆု စုစုပေါင်း ၂၃၃ ဆုနှင့် ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံအနက် ဒုတိယအဆင့်နေရာကို ရရှိခဲ့ပါကြောင်း၊ အလားတူ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင်လည်း အားကစားနည်း ၁၂ နည်းဖြင့် လက်ခံကျင်းပခဲ့ရာ ရွှေတံဆိပ် ၃၄ ဆု၊ ငွေတံဆိပ် ၂၆ ဆုနှင့် ကြေးတံဆိပ် ၃၆ ဆု စုစုပေါင်း ၉၆ ဆုဖြင့် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် ပဉ္စမအဆင့်ကို ရရှိခဲ့ပါကြောင်း။

ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့ကြသည့် မြန်မာ့ဂုဏ်ဆောင်အားကစားသမား မောင်မယ်များ၏ စွမ်းဆောင်ချက်များသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးနိုင်ခဲ့သည့်အတွက် မြန်မာ့အားကစားသမိုင်းမှာ ကမ္ပည်းမော်ကွန်းတင်ခဲ့ပြီးဖြစ်ပါကြောင်း။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၄ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ် အမျိုးသား အားကစားပွဲတော်ကို ၁၉၉၇ ခုနှစ်တွင်လည်းကောင်း ကျင်းပခဲ့ပြီးနောက်ပိုင်း ၁၈ နှစ်ကြာမှ ယခု စတုတ္ထအကြိမ် အမျိုးသား အားကစားပွဲတော်ကို ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခု အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းအားကစားပြိုင်ပွဲကိုလည်း အားကစားနည်း ခုနစ်နည်းဖြင့် ထည့်သွင်းကျင်းပမည်ဖြစ်ပါကြောင်း။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်သည် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် ကြိုတင်စမ်းသပ်သည့် ပြိုင်ပွဲကြီးဖြစ်ပြီး ယခုပြိုင်ပွဲမှစမ်းသပ်ခံ အောင်မြင်သည့် အားကစားသမားများကို ရွေးချယ်ကာ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် မြန်မာ့လက်ရွေးစင်အသင်းများကို အထောက်အပံ့ပေးသွားနိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဦးညဏ်ထွန်း နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ဖြစ်စေရန် အစွမ်းကုန်ကြိုးစားကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အဆိုအကများနှင့် အားကစားအဖွဲ့ချုပ်များ၏ အားကစားသရုပ်ပြများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ အားကစားသမားများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့ပြီး စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်က ပါဝင်ကူညီဆောင်ရွက်ပေးကြသူများအား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။

ယနေ့ဖွင့်ပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ စုစုပေါင်း ၇၀၀၀ ခန့် တက်ရောက်ကြသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့)

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ Head Line NEWS
၈း၃၅ “ရွှေ့သို့လှမ်းချီပညာရေး၏ အနာဂတ်ဆီ”
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၃၅ “အနုပညာသတင်းအစီအစဉ်”
၁၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း(Package)
၁၀း၃၅ “ကင်းကျေးရွာဒေသဖွံ့ဖြိုးရေး”
၁၁း၃၅ ချစ်သောဤကမ္ဘာမြေ
၁၂း၅၀ ဖြူမည်းရုပ်ရှင် “တတိယအရွယ်၏ ဒုတိယဝေဒနာ” (ပထမပိုင်း) (ထွန်းဝေ၊ ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း) (ဒါရိုက်တာ-မင်းမာသဿနှင့် ကျော်သိုက်ထွန်း)
၂း၃၀ Head Line NEWS
၂း၃၅ ဖြူမည်းရုပ်ရှင် “တတိယအရွယ်၏ ဒုတိယဝေဒနာ” (ဒုတိယပိုင်း) (ထွန်းဝေ၊ ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း) (ဒါရိုက်တာ-မင်းမာသဿနှင့် ကျော်သိုက်ထွန်း)
၃း၀၀ ပြည်တွင်း(၃)နာရီသတင်း၊ နိုင်ငံတကာသတင်း(Package)
၄း၂၀ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သင်္ချာဘာသာရပ်)
၅း၃၅ “အနာဂတ်ငွေကြယ်ပွင့်များ ဖြစ်တည်ရာ---မြန်မာနိုင်ငံကလေးများနေ့”

လောက်ကိုင်ဒေသမှ နေရပ်ပြန်ပြည်သူများအား ကွမ်းလုံမြို့မှ အခမဲ့ကူညီပို့ဆောင်ပေး

ကွမ်းလုံ ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ဒေသမှ နေရပ်ပြန်ပြည်သူများသည် ကွမ်းလုံမြို့ မြို့မစုဝေးကွင်းသို့ ဖေဖော်ဝါရီ ၁၁ ရက်က စတင်ရောက်ရှိလာခဲ့ရာ ကွမ်းလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် လူမှုရေးအသင်းများ၊ စေတနာရှင် အလှူရှင်များက ထမင်းဘူးနှင့်ရေသန့်ဘူးများ ကျွေးမွေးလှူဒါန်းကြပြီး လားရှိုးမြို့သို့ ကားများဖြင့် ဆက်လက်ပို့ဆောင်ပေးလျက်ရှိပြီး ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းမှစတင်၍ ၂၀ ရက်အထိ လူဦးရေ ၃၅၄၈ ဦးတို့အား အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင်လောက်ကိုင်ဒေသမှ ရောက်ရှိလာသူများအား ထမင်းဘူး၊ ရေသန့်ဘူးများကို ကွမ်းလုံမြို့နယ်အတွင်းရှိ လူမှုရေးအသင်းများ၊ စေတနာရှင် အလှူရှင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများမှ ပေးဝေခဲ့ကြသည်။ အဆိုပါ လောက်ကိုင်ဒေသသို့ သွားရောက်အလုပ်လုပ်ကြသူများသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှဖြစ်ပြီး ၎င်းတို့သည် ကြံခုတ်ခြင်းလုပ်ငန်းနှင့် အခြားလုပ်ငန်းများ သွားရောက်လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)



တပ်မတော်စစ်ကြောင်းများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ထားသော ကိုးကန့်သောင်းကျန်းသူအဖွဲ့ များ တိုက်ပွဲများဆက်လက်ဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကိုးကန့်သောင်းကျန်းသူများသည် လောက်ကိုင်မြို့သို့ ဆက်သွယ်သည့် လမ်းကြောင်းများအား ဖြတ်တောက်ပိတ်ဆို့ကာ လောက်ကိုင်မြို့အား အုပ်ချုပ်မှုခက်ခဲစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းမှစ၍ ကုန်းကြမ်း-လောက်ကိုင် လမ်းကြောင်းရှိ (၁၈)မိုင်လမ်းဆုံ အနီးတစ်ဝိုက်တွင် အခြေပြုခံစစ်ယူထားသည့် ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ဝိုင်းပတ်ပိတ်ဆို့ရှင်းလင်းရာ စုစုပေါင်းတိုက်ပွဲ ခြောက်ကြိမ်ဖြစ်ပွားခဲ့ပြီး ကိုးကန့်သောင်းကျန်းသူများ ယာယီခံစစ်ယူထားသည့် တောင်ကုန်းတစ်ကုန်းအား သိမ်းပိုက်ရရှိခဲ့၍ အလောင်း နှစ်လောင်း၊ အမ်(၂၂) သုံးလက်၊ ၎င်းကျည်အိမ်သုံးခုနှင့် ကျည် ၁၅ တောင့်တို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ တိုက်ပွဲများတွင် တပ်မတော်မှ စစ်သည် တစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကာ ဒဏ်ရာရစစ်သည်များအား တပ်မတော်ရဟတ်ယာဉ်ဖြင့် လားရှိုးမြို့သို့ ဆက်လက်ပို့ဆောင်၍ ဆေးကုသစေလျက်ရှိသည်။

ယနေ့တွင် တပ်မတော်စစ်ကြောင်းများက အဆိုပါ(၁၈)မိုင်လမ်းဆုံအနီး တစ်ဝိုက်ရှိ ကိုးကန့်သောင်းကျန်းသူများအား ဆက်လက်ရှင်းလင်းဆောင်ရွက်ရာ ကိုးကန့်သောင်းကျန်းသူများက စက်သေနတ်များ၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား၍ တပ်မတော်က တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြင့် လေကြောင်းပစ်ကူ နှစ်ကြိမ်ဆောင်ရွက်ခဲ့သည်။ တပ်မတော်က သောင်းကျန်းသူများအား ဝိုင်းပတ်ထိန်းချုပ် အမြစ်ပြတ်တိုက်ခိုက်နိုင်ရေး လိုအပ်သောစစ်ကူများ ထပ်မံဖြည့်တင်း၍ ဆက်လက်တိုက်ပွဲဝင်လျက်ရှိသည်။

ယနေ့တိုက်ပွဲများတွင် တပ်မတော်မှ စစ်သည် နှစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည် ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လောက်ကိုင်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက ဆက်သွယ်ရေး လမ်းကြောင်းများအား ဖြတ်တောက်ပိတ်ဆို့လျက်ရှိသည့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များအား ဆက်လက်တိုက်ခိုက်၍ နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ကြက်ခြေနီအလံလွှင့်ထူထားသောယာဉ်အား ကိုးကန့်သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယနေ့ မွန်းလွဲ ၁ နာရီတွင် လောက်ကိုင်မှ ကွမ်းလုံသို့ထွက်ခွာလာသည့် သတင်းထောက်များနှင့် စစ်ဘေးရှောင်အင်အား ၁၅ ဦး စီးနင်းလိုက်ပါလာသော ကြက်ခြေနီအလံလွှင့်ထူထားသည့် ယာဉ်သည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် လုံထန်ကျေးရွာအကျော် ၃ မိုင်ခန့်အကွာရှိ တံတားအနီးသို့ ရောက်ရှိစဉ် ကားလမ်း၏ ဘယ်ဘက်နှင့် ညာဘက်တောင်ကုန်းများမှ အသင့်စောင့်ဆိုင်းလျက်ရှိသည့် ကိုးကန့်(တိမ်းရှောင်)သောင်းကျန်းသူအဖွဲ့များမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ယာဉ်ပေါ်တွင်ပါရှိသည့် ဦးကျော်ဇောထူး(၄၇)နှစ် (ဘ)ဦးသိန်းကြွယ် ဒုဦးစီးမှူး (လောက်ကိုင်ခရိုင် ကြက်ခြေနီအသင်း)၊မောင်မြတ်သီဟမောင်(၂၂)နှစ်(ဘ) ဦးမောင်မောင် MRTV-4 (အင်းစိန်မြို့နယ် ရန်ကုန်)၊ မောင်ဆန်းလင်းဦး (၂၃)နှစ် (ဘ)ဦးဝေလ(ဆင်ပေါင်ဝဲမြို့နယ်၊ ရှင်မတောင်ရွာ၊ မကွေးတိုင်းဒေသကြီး)၊ မောင်ရန်ရှင်းမျိုးလတ်(၂၆)နှစ် (ဘ)ဒုအရာခံဗိုလ်ကျင်မောင် (ဒေသကွပ်ကဲမှုစစ်ဌာနချုပ်၊ လောက်ကိုင်)၊ မစန္ဒာဝင်း(၂၈)နှစ်(ဘ) ဦးဖိုးထူး(ရှင်မတောင်ကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး) တို့ ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ ချင်းရွှေဟော်မြို့ရှိ တပ်မတော်စစ်ကြောင်းများမှ သွားရောက်ရှင်းလင်းပြီး ဒဏ်ရာရလူနာများအား ကွမ်းလုံပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရာ ည ၁၀ နာရီတွင် ဆေးရုံသို့ရောက်ရှိပြီး အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

လောက်ကိုင်ဒေသမှနေရပ်ပြန်ပြည်သူများအား အခမဲ့ဆက်လက်ပို့ဆောင်ပေးလျက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးမြို့ ချမ်းမြရွှေပြည် ခရီးသည်တင်ယာဉ် ရပ်နားစခန်းသို့ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၁ ရက် ညနေ ၆ နာရီအထိလောက်ကိုင်ဒေသမှရောက်ရှိလာသည့် နေရပ်ပြန်သူ ၅၇၃၂ ဦးအား မော်တော်ယာဉ် ၂၆၉ စီးဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါနေရပ်ပြန်သူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်ပေးမှုဖြင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ကားများဖြင့်လည်းကောင်း၊ လူမှုကူညီရေးအသင်းများနှင့်ယာဉ်လိုင်းများကြီးကြပ်မှုကော်မတီမှကားများဖြင့် လည်းကောင်း အကူအညီပေးကြပြီး အခမဲ့ပို့ဆောင်ပေးသည့်အပြင် စေတနာရှင်အလှူရှင်များမှလည်းလာရောက်ကျွေးမွေးလှူဒါန်းလျက်ရှိသည်။

"ကျွန်တော်တို့အဖွဲ့က သူတို့တွေရောက်လာရင်စားဖို့ကြိုတင်ပြီးထမင်း၊ ဟင်းတွေချက်ထားပါတယ်။ကျွန်တော်တို့ရှာလို့ရတဲ့ငွေရယ်အနီးအနားဆိုင်တွေကလှူဒါန်းငွေတွေနဲ့စုပေါင်းပြီး ကျွေးမွေးလှူဒါန်းတာပါ။ ဒီလိုကျွေးမွေးလှူဒါန်းတာကသူတို့ရဲ့အားငယ်စိတ်တွေပျောက်သွားစေချင်လို့ပါ"ဟု ကျွဲဆည်ကန်ကားဝင်းမှ ဆိုင်ကယ်တက္ကစီအဖွဲ့က ပြောသည်။

နေရပ်ပြန်သူများသည်မန္တလေးမြို့သို့ ၁၂ ဘီးယာဉ်၊ခြောက်ဘီးယာဉ်များဖြင့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး သက်ဆိုင်ရာနေရပ်များသို့ နေ့ချင်းပြန်နိုင်ရန် စီစဉ်ပေးလျက်ရှိရာ နောက်ရက်များတွင်လည်း ဆက်လက်ဝင်ရောက်လာမည် ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်**

ပုသိမ် ဖေဖော်ဝါရီ ၂၁

တပ်မတော်သားများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ဒေသတွင် နိုင်ငံတော် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေကြသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် အလှူငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်ဌေးမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းမှူးဗိုလ်ချုပ်လူအေးနှင့် အရာရှိ အရာခံ၊ အကြပ်၊ တပ်သားများ၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ မြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထိုအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်၊ မြို့နယ်ခွဲ ခုနစ်မြို့နယ်ရှိ ပြည်သူများက ပထမအကြိမ်အဖြစ် ငွေကျပ် ၁၀၅၇၀၁၅၀၀ နှင့် ငွေကျပ် ၇၉၅၇၅၀၀ နှင့်တန်ဖိုးရှိ ပစ္စည်းများကို ပေးအပ်ကြကြောင်း သိရသည်။

မောင်တင်လှိုင်(ဟိုတယ်/ခရီး)

ပြည်တွင်းရေးရာ

မေတ္တာတရား၊ သစ္စာတရားတွေကိုအခြေခံပြီး ဆွေးနွေးခဲ့တာဖြစ်တဲ့အတွက် ကျောင်းသားတွေရဲ့အမြင်၊ ဆရာ ဆရာမတွေရဲ့အမြင်ကို သိရှိနားလည်

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တည်ဆဲအမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယားကို ပြည်သူများ၊ တက္ကသိုလ် ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ သိရှိလေ့လာအကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ ယင်းဖော်ပြချက်များနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ပင်မဆောင်ခန်းမ၌ကျင်းပရာ ဆွေးနွေးပွဲသို့ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြအပ်ပါသည်။

မြန်မာ့သတင်းစဉ်
(သတင်းအဖွဲ့)

ဒေါက်တာဒေါ်ခင်နိုင်ဦး
ပါမောက္ခချုပ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ဆွေးနွေးနိုင်ဖို့အတွက် ဒီအစီအစဉ်ကိုပြုလုပ်ပေးရခြင်းဖြစ်ပါတယ်။ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ/ပြင်ပအဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တွေ တက်ရောက်လာတဲ့အတွက် ဝမ်းသာပါတယ်။ နိုင်ငံ့အရေးကို စိတ်ဝင်စားတာဟာ အလွန်ကောင်းမွန်ပါတယ်။ အနာဂတ်လူငယ်တွေ စိတ်ဝင်တစားပါဝင်လာမှ တာဝန်တွေကို ပခုံးပြောင်းလွှဲအပ်တဲ့အခါ စိတ်ချရမှာ ဖြစ်ပါတယ်။ အကောင်းမြင် Positive အမြင်နဲ့ ဆွေးနွေးဖို့လိုအပ်ပါတယ်။ ရုပ်ကိုနိုင်ဖို့ထက် စိတ်ကိုနိုင်ဖို့က အရေးကြီးပါတယ်။ ဒီတက္ကသိုလ်မှာ တိုင်းရင်းသားများအရေးနဲ့ပတ်သက်ပြီးတော့ စည်းလုံးညီညွတ်မှုရရှိအောင် တိုင်းရင်းသား ပဒေသာကပွဲတွေ ကျင်းပခဲ့ပြီး တိုင်းပြည်ချစ်စိတ်၊

ဒေါက်တာဒေါ်ခင်နိုင်ဦး ဆွေးနွေးစဉ်။

စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကို ဖော်ထုတ်ပေးခဲ့ပါတယ်။ ဗိုလ်ချုပ်မွေးနေ့ နှစ်(၁၀၀)ပြည့်ကိုလည်း ကျင်းပပေးခဲ့ပါတယ်။ ပညာတော်သူတွေကို ပညာတော်သင်ငွေကြေးအထောက်အပံ့တွေပေးထားပြီး ယခုဆိုရင် ၁၉၈ ဦး ထောက်ပံ့ပေးထားပြီးဖြစ်ပါတယ်။ သတင်းအချက်အလက်တွေကို ရှာဖွေကြည့်ရှုနိုင်ဖို့အတွက် Wi-fi စနစ်ကိုလည်း ကျောင်းသား ကျောင်းသူတွေအတွက် ဆောင်ရွက်ပေးထားပါတယ်။ ယခုဥပဒေကြမ်းမှာ သင်ရိုးညွှန်းတမ်းနဲ့ပတ်သက်ပြီး အကောင်အထည်ဖော်ရာမှာ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်နေဖို့လိုပါတယ်။ အဲဒီအခွင့်အရေးတွေဟာ ယခုဥပဒေအရဆိုရင် ဆုံးရှုံးနေတယ်လို့ ပြောလိုပါတယ်။ သင်ရိုးညွှန်းတမ်း မကောင်းရင် နိုင်ငံတကာမှာ ပညာရေးနဲ့ အလုပ်အကိုင်တို့မှာ အဆင့်မမီနိုင်ပါဘူး။ အဓိကအားဖြင့် ယခုဥပဒေကြမ်းပါ အုပ်ချုပ်ရေး၊ သင်ရိုးညွှန်းတမ်းနဲ့ အပြောင်းအရွှေ့ကိစ္စရပ်တွေမှာ တစ်ဦးချင်းစည်းကမ်းတကျ လေးလေးစားစားနဲ့ အပြုသဘောဆောင် အကြံပြုဆွေးနွေးကြဖို့လိုပါတယ်။ ဆွေးနွေးပွဲက ရရှိတဲ့ အကောင်းဆုံးအဖြေတွေနဲ့ တင်ပြချက်တွေကို လွှတ်တော်သို့ ဆက်လက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

မောင်ဇေယျာလွင် III B.DevS-104 (2013-2014)

ဒီဥပဒေကြမ်းကို လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ ကျွန်တော်ကိုယ်တိုင်ပါဝင်ဆွေးနွေးထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီး ရေဆင်းတက္ကသိုလ်နဲ့ ဒဂုံတက္ကသိုလ်တို့မှာ ကျောင်းသား ကျောင်းသူတွေ အခန်းပိတ်အစီအစဉ်နဲ့ ကန့်ကွက်သလိုလို၊ ထောက်ခံသလိုလို ပြုလုပ်သွားတာတွေ့ရပါတယ်။ ဆရာမကြီးကိုယ်တိုင် လေးပွင့်ဆိုင်အစည်းအဝေးကို တက်ရောက်ခဲ့တာဖြစ်တဲ့အတွက် ပြုပြင်လိုတဲ့အချက်တွေကို ပြောကြားရမှာဖြစ်ပါတယ်။ ပုဒ်မ(၂၂) အုပ်ချုပ်ရေးပိုင်းမှာ လူပုဂ္ဂိုလ်အတိအကျဖော်ပြမထားတဲ့အတွက် နားလည်မှုလွဲနေပါတယ်။ ကျောင်းသားတွေမှာ ကျောင်းသားအခွင့်အရေးရှိပါတယ်။ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးအပိုင်း Administration Board မှာ တက္ကသိုလ်က တာဝန်ရှိသူအားလုံး ပါဝင်ရမှာဖြစ်သည်ကို အသေးစိတ်မဖော်ပြမိခြင်းဖြစ်ပါတယ်။ ပြန်လည်ပြင်ဆင်ရေးအတွက် လွှတ်တော်သို့ ပြင်ဆင်ဆွေးနွေးပေးမှာ ဖြစ်ပါတယ်။ ပုဒ်မ (၄၀)(က)အရ လွတ်လပ်သောပညာရှင်များမှာ အရည်အသွေးတိုင်းတာတဲ့

ဒေါက်တာမိုးအောင် ဆွေးနွေးစဉ်။

အဖွဲ့ Quality Assurance အဖွဲ့ လိုအပ်မှာဖြစ်ပါတယ်။ ကျောင်းတစ်ကျောင်းရဲ့ အရည်အသွေးနဲ့ စာမေးပွဲစနစ်ကို တိုင်းတာဖို့ဖြစ်ပါတယ်။ ဆရာအပြောင်းအရွှေ့ကိစ္စနဲ့ ပတ်သက်ပြီး Social Welfare ဖြစ်နေတဲ့အတွက် ဒီဥပဒေတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ အခြားဥပဒေတွေနဲ့ ချိတ်ဆက်ပြီး ညှိနှိုင်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။

ဒေါက်တာမိုးအောင်
ကထိက၊ မြန်မာစာဌာန

ဒီဥပဒေကြမ်းကို NNER က ထုတ်ပြန်တဲ့ အချိန်ကတည်းက ဖတ်ခဲ့ပါတယ်။ ပုဒ်မ (၁၇) ဘာသာရပ်လိုအပ်ချက်နဲ့ ကျောင်းသားရဲ့လေ့လာသင်ယူမှုအပိုင်းမှာ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်တဲ့နေရာမှာ အမှတ်နိမ့်ပြီးဝင်ရောက်လာတဲ့ ကျောင်းသား ကျောင်းသူတွေ စာမေးပွဲများမှာ Moderation နဲ့ အောင်မြင်ခဲ့တာကို တွေ့ရှိရပါတယ်။ အရည်အချင်းနဲ့ အရေအတွက် ဘာကိုဦးစားပေးလိုပါသလဲဟု မေးလိုပါတယ်။ ပုဒ်မ (၂၂) ဗဟိုအုပ်ချုပ်မှုကို မနှစ်သက်ပါဘူး။ ကျောင်းအုပ်ချုပ်ရေးမှာ ရပ်ရွာက လေးစားသူများဆိုတဲ့ အပိုင်းမှာ မည်သူ့ကို ပြောလိုသည်ကို သိရှိလိုပါတယ်။ ဘုရားဒကာ၊ ကျောင်းဒကာတွေ ဖြစ်နေမှာကိုစိုးရိမ်မိပါတယ်။ ပါဝင်သင့်သူတွေမှာ သက်ဆိုင်ရာဘာသာရပ်ကို ကျွမ်းကျင်သူတွေ ဖြစ်ဖို့လိုအပ်ပါတယ်။ ပုဒ်မ(၂၂) (စစ)မှာ ဆရာ ဆရာမတွေအပေါ် ကျောင်းသား ကျောင်းသူတွေရဲ့ အကဲဖြတ်မှုဆိုတာကို စိုးရိမ်ပါတယ်။ စာသင်တာကို အကဲဖြတ်မှာလား၊ လူကိုအကဲဖြတ်မှာလား၊ စည်းကမ်းတကျ ဆောင်ရွက်နေမှုကို အကဲဖြတ်မှာလားဆိုတာ မသိရပါဘူး။ အကဲဖြတ်ခြင်းမှာ ဆရာ ဆရာမတွေရဲ့ ဘဝတစ်ခုလုံးနဲ့ ဆိုင်နေပါတယ်။ ဆရာ ဆရာမတွေအပေါ်မှာ မှန်ကန်တဲ့အကဲဖြတ်မှုကို ရရှိနိုင်မလားဆိုပြီး စဉ်းစားမိပါတယ်။ ပုဒ်မ (၂၂)(င)(ဃဃ)မှာ မိခင်ဘာသာစကားကို မူလတန်းအဆင့် ၄၀ ရာခိုင်နှုန်းသင်ကြားရာမှာ ဆရာ ဆရာမ နှစ်ဦးကို ရွေးချယ်ခန့်ထားပေးရမည်ဆိုပြီး ဖြစ်နေပါတယ်။ မိခင်ဘာသာစကားတတ်ပြီးသားကို ခန့်မှာလား၊ ဆရာ ဆရာမနှစ်ဦးကို ခန့်မှာလားဆိုတဲ့ကိစ္စရပ်တွေရှိနေပါတယ်။ ပုဒ်မ (၄၀)(က)အရ ရွှေ့ပြောင်းကိစ္စရပ်တွေမှာ နယ်မြေအခြေအနေများအရ လုံခြုံရေးကိစ္စရပ်များကို သိလိုပါတယ်။ မိမိတက်လိုတဲ့ကျောင်းကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိတယ်ဆိုတဲ့ အချက်မှာ အခုရန်ကုန်က ဒဂုံ၊ TTC

မောင်စည်သူမောင် ဆွေးနွေးစဉ်။

ကျောင်းတွေဟာ ဦးစားပေးရွေးချယ်သူ ပေါ်များတဲ့အတွက် ကျောင်းမှာရှိတဲ့ ဆရာ ဆရာမ၊ အဆောက်အအုံ၊ အခန်းလုံလောက်မှုရှိ၊ မရှိကို Rule တစ်ခု သတ်မှတ်ပေးဖို့လိုအပ်ပါတယ်။ ပုဒ်မ(၆၀) ပုဂ္ဂလိကကျောင်းတွေရဲ့ မသမာမှုတွေကိုတွေ့ရှိရပါတယ်။ အဲဒီကိစ္စရပ်တွေကို ဘယ်လိုအရေးယူရမယ်ဆိုတာကို စဉ်းစားပေးရမှာဖြစ်ပါတယ်။ ရန်ကုန်နဲ့ နယ်တွေမှာ (၁၀) တန်းဖြေတာခြင်းအတူတူ အောင်မြင်မှုအခြေအနေ၊ ရွေးချယ်ရာအခြေအနေတွေ မတူညီကြပါဘူး။ ပီတိကိုစား အားရှိပါတယ်ဆိုတဲ့ ဆောင်ပုဒ်ဟာ ကောင်းပေမယ့်လည်း ဆရာ ဆရာမတွေရဲ့စားဝတ်နေရေးအတွက် လစာတိုးမြှင့်ပေးရေးကိစ္စရပ်ကို ထည့်သွင်းစဉ်းစားပေးရန် လိုအပ်မှာဖြစ်ပါတယ်။

မောင်စည်သူမောင်၊ တတိယနှစ်
B.Econ(Stats) နားခွင့်

အမျိုးသားပညာရေးဥပဒေနဲ့ ပတ်သက်ပြီး စိန်ရတုခန်းမမှာ NNER အဖွဲ့တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ နိုင်ငံ့ပညာရေး တိုးတက်စေဖို့အတွက် Mother Law ဖြစ်နေတာကြောင့် အချက်ကိုးချက်အရ ကန့်ကွက်ရခြင်းဖြစ်ပါတယ်။ Higher Education Law ဆိုတာထပ်ရှိနိုင်ပါတယ်။ သို့ဖြစ်ပါက AB အဖွဲ့နဲ့ Senate အဖွဲ့နှစ်ခုရှိလာပြီး ကျောင်းတွေက တာဝန်ရှိသူတွေပါဝင်လာမှာဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်ဆိုတာဟာလည်း လက်ရှိပညာသင်ကြားနေတဲ့ ကျောင်းသားတွေ မဟုတ်ဘဲ ကျောင်းသားသမဂ္ဂက ရွေးချယ်ပေးထားတဲ့ ဘွဲ့ရပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဆရာ ဆရာမတွေကို အကဲဖြတ်တယ်ဆိုရာမှာ ကျောင်းသားတိုင်းကို Comment စာရွက်တွေပေးဝေပြီး သင်ကြားပေးမှု မြန်လား၊ နှေးလား၊ Home Work အိမ်စာတွေ သေချာပေးသလားဆိုတာကို ထောက်ပြဖို့ဖြစ်ပါတယ်။

ဒေါက်တာကျော်ဇော
ကထိက၊ သင်္ချာဌာန

ပုဒ်မ (၁၀၅) နဲ့ (၁၀၇) တို့ဟာ Contra ဖြစ်နေပါတယ်။ အရင်ကတည်းက ဒီဥပဒေတွေကို သိခဲ့ပါတယ်။ Autonomy ကိုယ်ပိုင်ကျောင်းကိစ္စကို ကြိုက်လည်းကြိုက်ပါတယ်။ ကြောက်လဲကြောက်ပါတယ်။ အဘယ်ကြောင့်လဲဆိုရင် ကျောင်းသား ကျောင်းသူတွေကို တတ်စေချင်တဲ့ ဆန္ဒနဲ့ မြန်မာ့ဓလေ့အရ စည်းကမ်းတွေသတ်မှတ်ရင် ကျောင်းသား ကျောင်းသူဘက်က သူတို့ရဲ့အခွင့်အရေးကိုချိုးဖောက်တယ်လို့မြင်မှာကို စိုးရိမ်ပါတယ်။ အကဲဖြတ်စနစ်ကို

ဒေါက်တာကျော်ဇော ဆွေးနွေးစဉ်။

သတ်သတ်မှတ်မှတ် သေသေချာချာ စဉ်းစားပေးစေလိုပါတယ်။ သင်ကြားရေးကို ဆုံးဖြတ်မှာလား၊ အပြောအဆိုကို ဆုံးဖြတ်မှာလားစသည်ဖြင့် မတွေးတတ်ပါဘူး။ လွတ်လပ်သော ပညာရှင်များဟုဆိုလိုသည့် အဓိပ္ပာယ်ကို သိရှိလိုပါတယ်။ အစိုးရဝန်ထမ်းမဟုတ်ရဘူးလား။ ဘယ်သူတွေကို ပြောတာလဲဆိုတာကို သိချင်ပါတယ်။ ဗဟိုချုပ်ကိုင်မှုထက် ဘာမှန်း၊ ညာမှန်း မသိသူတွေက ဦးဆောင်မယ်ဆိုပါက မကောင်းနိုင်ပါဘူး။ အလွတ်ကျက်ပညာသင်ကြားရေးနဲ့ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင် မနှစ်သက်ပါဘူး။ စဉ်းစားတွေးခေါ်တဲ့ပညာရေးစနစ်ကို ကြိုက်နှစ်သက်ပါတယ်။ ကျောင်းဝင်ခွင့်ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာ အရည်အချင်းစစ်ဆေးသတ်မှတ်ချက် IGSE ဖြေဆိုပြီးမှသာ ဝင်ခွင့်ကိုသတ်မှတ်ပါတယ်။ ပုဒ်မ(၂၂) (ဇဇ)အရ တက္ကသိုလ်တွေကို လွတ်လပ်စွာလျှောက်ထားနိုင်တယ်ဆိုရာမှာ တက္ကသိုလ်တစ်ခုခုမှာ လျှောက်ထားသူတွေ များနေရင် ကျန်တက္ကသိုလ်တွေကို ဖျက်ပစ်ရမလားလို့စဉ်းစားမိပါတယ်။ ထားဝယ်၊ စစ်တွေ၊ မြစ်ကြီးနားစတဲ့ကျောင်းတွေက ကျောင်းသားတွေရဲ့သင်ကြားရေးကို စဉ်းစားရမှာဖြစ်ပါတယ်။ ပုဒ်မ (၆၅)(က)ကို ကြိုက်နှစ်သက်ပါတယ်။ ဒါပေမယ့် ဘယ်တော့စတင်မယ်ဆိုတာကို အဆုံးအစမပါဝင်တဲ့အတွက် ဖော်ပြပေးဖို့လိုအပ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးဆိုတာဟာ နိုင်ငံတော်အတွက် အရေးကြီးပါတယ်။

မောင်ရဲမင်းဦး
မဟာတန်း M.Econ(Stats)

ဥပဒေကြမ်းထွက်ရှိလာကတည်းက ဖတ်ပြီးဖြစ်ပါတယ်။ အပြုသဘောပြောမှာ ဖြစ်ပါတယ်။ အရင်က ပုဒ်မ (၆၈)၊(၆၉)ခုသာ ပါသော်လည်း ယခုအခါ ပုဒ်မ(၇၀)ကျော် ပါဝင်လာပါတယ်။ ကျောင်းသား၊ ဆရာကိစ္စတွေ သမဂ္ဂ၊ ဘတ်ဂျက်ကိစ္စတွေ ပါဝင်လာတာကို ကြိုက်ပါတယ်။ ဒီဥပဒေအရ ပညာရေးဝန်ကြီးဌာနကို ဖျက်သိမ်းရတော့မလားဆိုတဲ့ အခြေအနေ ဖြစ်ပေါ်လာပါတယ်။ အခြားအဖွဲ့တွေနဲ့ ဘယ်လိုဆက်သွယ်မှာလဲ ဆိုတာကို စဉ်းစားပါတယ်။ ရောထွေးယှက်တင်ဖြစ်လာနိုင်ပါတယ်။ ဥပဒေကွဲလွဲနေတာတွေရှိနေတာကို တွေ့ရပါတယ်။ ပုဒ်မ(၇၂) ၆၉ နဲ့ ၇၁ ကို ပယ်ဖျက်ဖို့လိုပါတယ်။ မြန်မာ့ယဉ်ကျေးမှုပျောက်ပျက်ပြီး အနောက်တိုင်းယဉ်ကျေးမှုဝင်လာမှာကို စိုးရိမ်ရပါတယ်။ ဟီရိဩတ္တပ္ပတရားအရ

မောင်လှထွန်းဖြူ ဆွေးနွေးစဉ်။

အကြောက်တရားတွေ မရှိပါက မကောင်းနိုင်ပါဘူး။ ပုဒ်မ (၂၂)(ဇဇ) အရ လွတ်လွတ်လပ်လပ်ဆိုတာ ဘာကို ပြောလိုပါသလဲဆိုတာကို သိလိုပါတယ်။ ဆရာ ဆရာမတွေကို အကဲဖြတ်ရာမှာ ဘယ်အတိုင်းအတာနဲ့ စံအဖြစ် သတ်မှတ်မှာလဲဆိုတာကို သိလိုပါတယ်။ ပုဒ်မ(၂၂)(ညည)အရ သန့်စွမ်း ဆွံ့အနားမကြားကိစ္စရပ်တွေနဲ့ပတ်သက်ပြီး အကောင်းတွေနဲ့ ပေါင်းဖို့မဖြစ်နိုင်ပါဘူး။ (၁၀)တန်းအောင်ခဲ့စဉ်က Fit Certificate ပြပြီး တက္ကသိုလ်ဝင်လျှောက်ထားခဲ့ရပါတယ်။ ဥပမာပြောရရင် ရွှေချိန်ခွင်နဲ့ ငါးပိချိန်ခွင် ဘယ်လိုမှပေါင်းပြီး ချိန်လို့ရမှာမဟုတ်ပါဘူး။ ပုဒ်မ(၃၆)(ည)၊ (၇၁)တွေကို ဖြုတ်ရမှာဖြစ်ပါတယ်။ ဒီဥပဒေကို နိုင်ငံရေးအရ ဖြေရှင်းရမှာဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းတွေကိုလည်း (၉)ဦးက ရေးဆွဲမယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ Board of Studies တွေမှာ တောင် ကထိကနဲ့ အထက်ပါမောက္ခတွေက ဆွေးနွေးညှိနှိုင်းရပါတယ်။

မောင်လှထွန်းဖြူ
မဟာတန်း၊ ဒုတိယနှစ် MBE

ပုဒ်မ(၁၈)နဲ့ (၂၂)(ဃဃ)တို့ဟာ ကွာဟနေတဲ့အတွက် ကန့်ကွက်ပါတယ်။ ပါတီစွဲတွေကြောင့် အချင်းချင်း ညီညွတ်မှုပျက်ပြားစေပါတယ်။ ပုဒ်မ (၃၆)(၇၂)၆၉၊ (၇၁)တို့ကို ပယ်ဖျက်ဖို့ ထောက်ခံပါတယ်။

မသက်နှင်းစု၊ ပထမနှစ် B.Com

ကျောင်းသားသမဂ္ဂအလံဟာ ယခင်ကအတိုင်း ဒေါင်းက ကျော့ကွင်းအတွင်းမှ ရုန်းထွက်ပုံဖြစ်ပါတယ်။ NLD အလံနဲ့တူနေပေမယ့်လည်း ကျောင်းသားသမဂ္ဂနဲ့ NLD ပါတီ လုံးဝမသက်ဆိုင်ပါဘူး။ ပုဒ်မ (၂၂)(စစ)မှာ ကျောင်းသားက ဆရာကို အကဲဖြတ်ဆိုပြီး စာလုံးသုံးထားခြင်းဟာ မှားနေတယ်လို့ ယူဆပါတယ်။ ကောင်းတာကိုရော မကောင်းတာကိုပါ ဝေဖန်ရမှာဖြစ်ပါတယ်။ အလယ်အလတ်ဖြစ်အောင် ညှိနှိုင်းလုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ ပုဒ်မ(၃၆)(ည)မှာ အခြားဘာသာရေးဆိုတာ ဘာကိုဆိုလိုသလဲလို့ သိလိုပါတယ်။

မောင်ဇေယျာလွင်
III B.DevS-104(2013-2014)

ဥပဒေအတည်ပြုရေးမှာ (၇)ရက်အတွင်း သမ္မတက လက်မှတ်ထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ အတည်ဖြစ်ပါတယ်။ ဥပဒေတွေမှာ ယေဘုယျစကားလုံးတွေရှိနေတဲ့အတွက် ယခုလို ရှင်းလင်းနေရခြင်းဖြစ်ပါတယ်။ Assessment ကိစ္စရပ်တွေမှာ Formative Assessment ကို

မောင်ဇေယျာလွင် ဆွေးနွေးစဉ်။

သွားဖို့ပြင်ဆင်နေပါတယ်။ ကျောင်းဝင်ခွင့်သတ်မှတ်ရာမှာ ကျောင်းတွေက ပုံစံအမျိုးမျိုးစစ်ဆေးပြီး သတ်မှတ်ဝင်ခွင့်ပြုရမှာဖြစ်ပါတယ်။ အပြောင်းအရွှေ့ကိစ္စရပ်တွေမှာ ဒီဥပဒေနဲ့ မလုံလောက်ပါဘူး။ အလုပ်သမားဥပဒေ၊ အခြားဆက်စပ်ဥပဒေတွေနဲ့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးကိစ္စမှာ ဘတ်ဂျက် ၂၀ ရာခိုင်နှုန်းရရှိရေးဟာ ဥပဒေအတည်ပြုချိန်မှစတင်မှာဖြစ်ပါတယ်။ မသန်မစွမ်းကိစ္စမှာ မသန်စွမ်းကလေးကို Special Education မှာထားရင် ကလေးရဲ့သာတူညီမျှခံစားမှု၊ စိတ်ပိုင်းဆိုင်ရာခံစားမှုမရှိစေဖို့အတွက် Inclusive Education မှာ ထည့်ထားတာ ဖြစ်တယ်။

ဒေါက်တာခင်နိုင်ဦး
ပါမောက္ခချုပ်

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း ဆွေးနွေးပွဲကို တက်ရောက်လာပြီး ဆွေးနွေးပေးကြတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ အခြားပုဂ္ဂိုလ်တွေကို ကျေးဇူးတင်ရှိပါတယ်။ မေတ္တာတရား၊ သစ္စာတရားတွေကိုအခြေခံပြီး ဆွေးနွေးခဲ့တာဖြစ်တဲ့အတွက် ကျောင်းသားတွေရဲ့အမြင်၊ ဆရာ ဆရာမတွေရဲ့ အမြင်ကို သိရှိနားလည်ရပါတယ်။ ဆုံမှတ်တစ်ခုကိုလည်း ရရှိခဲ့ပါတယ်။ ဒီဆွေးနွေးပွဲကို ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ အတင်းအဓမ္မခေါ်ယူထားခြင်း မဟုတ်ပါဘူး။ မိမိတို့၏ ဆန္ဒအရ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လာရောက်ဆွေးနွေးကြခြင်း ဖြစ်ပါတယ်။

မြန်မာယူ-၂၀ အသင်း ဖီဂျီယူ-၂၀ အသင်းကို ထပ်မံအနိုင်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၀ အသင်းနှင့် ဖီဂျီယူ-၂၀ အသင်းတို့မှာ ယနေ့ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ ထပ်မံခြေစမ်းကစားရာ မြန်မာအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

မြန်မာယူ-၂၀ - သုံးဂိုး
(သန်းပိုင်-နှစ်ဂိုး၊
အောင်သူ- တစ်ဂိုး)
ဖီဂျီယူ- ၂၀ - ဂိုးမရှိ

မန္တလေးတွင် ကစားခဲ့သည့် ပထမပွဲတွင် သန်းပိုင်၏ တစ်လုံးတည်းသောဂိုးဖြင့်သာ အနိုင်ရခဲ့သည့် မြန်မာယူ-၂၀ အသင်းမှာ ယနေ့ပွဲတွင် သုံးဂိုးအထိသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာယူ-၂၀ အသင်းမှာ နောက်တန်း သုံးယောက်အထိုင်ဖြင့် ဆက်လက်ပွဲထွက်လာခဲ့ပြီး ဖီဂျီအသင်း၏ နောက်တန်းနှင့် ဂိုးသမားတို့၏ အားနည်းချက်ကို အခွင့်ကောင်းယူကာ အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာယူ-၂၀ အသင်းမှာ ပထမပွဲက လူစာရင်းကို အမာခံထားပြီး မောင်မောင်စိုးနေရာတွင် အောင်သူဝင်းအား ပြောင်းလဲခဲ့သည်မှလွဲ၍ အပြောင်းအလဲမလုပ်ခဲ့ပေ။ မြန်မာယူ-၂၀ အသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး မိနစ် ၂၀ တွင် နန်းဝေမင်း၏ ဖြတ်တင်ဘောမှ တစ်ဆင့် အောင်သူက ပိတ်သွင်းယူကာ အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ ဂိုးပေးရပြီးနောက်ပိုင်းတွင် ဖီဂျီအသင်း ပြန်ဖိကစားလာနိုင်သော်လည်း မြန်မာဂိုးသမား မျိုးမင်းလတ် အမှားအယွင်းမရှိ ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မြန်မာ ယူ-၂၀ အသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ရှေ့တန်းမှ အောင်သူနှင့် သန်းပိုင်တို့၏ တိုးအား၊ တောင်ပံနှစ်ဖက်မှ ထိုးဖောက်မှုများကို ဖီဂျီနောက်တန်း ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပေ။ မြန်မာယူ-၂၀ အသင်းအတွက် အနိုင်ဂိုးများကို သန်းပိုင်က ၆၅ မိနစ်နှင့် ၈၂ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက လူအပြောင်းအလဲများပြုလုပ်ကာ ပွဲကို ထိန်းကစားသွားခဲ့သည်။ မြန်မာ ယူ-၂၀ အသင်းမှာဖီဂျီနှင့် ခြေစမ်းပွဲနှစ်ပွဲစလုံး အနိုင်ရခဲ့ခြင်းဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ
ရှိုင်းထက်ဇော်

မြန်မာယူ-၂၀ အသင်းနှင့် ဖီဂျီယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်စဉ်။

နွေရာသီအထူးရေကူးသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ကြီးမှူး၍ မျိုးဆက်သစ်လူငယ်ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန် လည်းကောင်း၊ ထူးချွန်ထက်မြက်သောရေကူးအားကစားသမားများအား ရွေးချယ်ပြီး လက်ရွေးစင်အသင်းများတွင် အခြေခံနိုင်စေရန် လည်းကောင်း ရည်ရွယ်လျက် ၂၀၁၅ ခုနှစ် နွေရာသီ အထူးရေကူးသင်တန်း (၁/၂၀၁၅)ကို မတ် ၁ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ရေကူးသင်တန်းတွင် အသက် (၁၂)နှစ်အောက် ကလေးများအတွက် ကလေးကန်၌သင်ကြားပို့ချမည်ဖြစ်ပြီး အမျိုးသား အမျိုးသမီးတို့အား ကန်ကြီး၌သင်ကြားပို့ချမည်ဖြစ်သည်။ အမျိုးသမီးများအတွက် အမျိုးသမီး ဆရာမများသင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်ကြမည့်သင်တန်းသားများအား တီရှပ်တစ်ထည်စီ လက်ဆောင်ပေးမည်ဖြစ်သည့်အပြင် သင်တန်းအောင်လက်မှတ်လည်းပေးမည်ဖြစ်သည်။

နွေရာသီအထူးရေကူးသင်တန်း၌ တစ်ဦးလျှင် သင်တန်းကြေးငွေကျပ် ၃၀၀၀၀ သတ်မှတ်ထားသည်။

သင်တန်းနှင့်စပ်လျဉ်း၍ သိရှိလိုပါက မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်အမျိုးသားရေကူးကန် ဖုန်း-၀၁-၃၈၅၉၂၈၊ ၀၁-၃၇၈၅၅၀ နှင့် ၀၉-၄၂၃၇၄၂၇၈၄ တို့ထံသို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

၂၀၁၅ ခုနှစ်၊ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်
(၁၃-၂-၁၅)ရက်နေ့မှ (၂၁-၂-၁၅)ရက်နေ့ထိ ဆုတံဆိပ်ရရှိမှု အခြေအနေ

တိုင်းဒေသကြီး / ပြည်နယ်	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ရန်ကုန်တိုင်းဒေသကြီး	၆၆	၃၇	၂၇	၁၃၀
မန္တလေးတိုင်းဒေသကြီး	၂၅	၂၈	၃၉	၉၂
ပဲခူးတိုင်းဒေသကြီး	၁၂	၁၃	၁၈	၄၃
ရခိုင်ပြည်နယ်	၉	၁၀	၁၉	၃၈
နေပြည်တော်ကောင်စီနယ်မြေ	၆	၆	၁၀	၂၂
ဧရာဝတီတိုင်းဒေသကြီး	၅	၈	၂၁	၃၄
ကယားပြည်နယ်	၅	၃	၈	၁၆
မွန်ပြည်နယ်	၄	၉	၉	၂၂
ကချင်ပြည်နယ်	၄	၅	၇	၁၆
မကွေးတိုင်းဒေသကြီး	၃	၅	၇	၁၅
စစ်ကိုင်းတိုင်းဒေသကြီး	၃	၅	၅	၁၃
ရှမ်းပြည်နယ်	၂	၁၀	၁၆	၂၈
ကရင်ပြည်နယ်	၂	၂	၆	၁၀
ချင်းပြည်နယ်	၂	-	-	၂
တနင်္သာရီတိုင်းဒေသကြီး	၁	၇	၁၂	၂၀

**** စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ၌ ကျင်းပပြုလုပ်ပြီးဖြစ်ပါသည်။

ပယ်နယ်တီဂိုးဖြင့် လက်ရှိချန်ပီယံ ရတနာပုံအသင်း နိုင်ပွဲပြန်ရ

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

(သုဝဏ္ဏကွင်း)
ရတနာပုံ- တစ်ဂိုး။
(မက်ဆီမင်-ပယ်နယ်တီ)
ဟံသာဝတီ- ဂိုးမရှိ။

လူမစုံသည့် ရတနာပုံအသင်း နောက်ဆုံး ပယ်နယ်တီဂိုးကြောင့်သာ နိုင်ပွဲပြန်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းမှာ ပုံစံကောင်းရရန် ရုန်းကန်နေရဆဲဖြစ်ပြီး အမာခံကစားသမားအချို့မှာ ဒဏ်ရာများထပ်မံရရှိခဲ့သောကြောင့် လာမည့်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။ ဟံသာဝတီအသင်းမှာ သရေတစ်မှတ်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားသားကစားသမားနှစ်ဦးနှင့် လမ်းခွဲခဲ့သည့် ရတနာပုံအသင်းမှာ တိုက်စစ်ပိုင်းကို ဒွေးကိုကိုချစ်၊ ရှိုင်းသူရ၊ စည်သူအောင်၊ မက်ဆီမင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ရတနာပုံအသင်း ဖိကစားနိုင်ခဲ့သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့်များဖန်တီးနိုင်ခြင်းမရှိခဲ့ပေ။ ဟံသာဝတီအသင်း ဂိုးရနိုင်သည့် အခွင့်အရေးနှစ်ကြိမ်ရခဲ့သော်လည်း သီဟစည်သူ ကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်း အနိုင်ဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဟံသာဝတီနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ၈၅ မိနစ်တွင် ရတနာပုံအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ကွင်းလယ်လူ မက်ဆီမင်က အမှားအယွင်းမရှိ ကန်သွင်းယူခဲ့သောကြောင့် ရတနာပုံအသင်း နိုင်ပွဲပြန်ရခဲ့ခြင်းဖြစ်သည်။

(အောင်ဆန်းကွင်း)
ရန်ကုန်-သုံးဂိုး
(ကျော်ကိုကိုဆီဇာနှင့်သန်းထက်အောင်)
မကွေး- နှစ်ဂိုး
(ထူးထူးအောင်နှင့် စိုးမင်းနိုင်)
(ယနေ့ပွဲ)
(သုဝဏ္ဏကွင်း)
ရခိုင် - မနောမြေ
(တောင်ကြီးကွင်း)
ကမ္ဘောဇ - ဇွဲကပင်
(ပေါင်းလောင်းကွင်း)
နေပြည်တော် - ဇေယျာရွှေမြေ

သတင်းနှင့်ဓာတ်ပုံ-ချစ်ကိုကို

ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်
၂၂-၂-၂၀၁၅ ရက်နေ့တွင် ကျင်းပမည့် အားကစားပြိုင်ပွဲအစီအစဉ်

စဉ်	အားကစားနည်း	ပြိုင်ပွဲအရေအတွက်	အချိန်	ကျင်းပမည့်နေရာ	ဆုချီးမြှင့်မည့်အချိန်
၁	ပြေးခုန်ပစ်	ကျား(၅)ပွဲ မ(၉) ပွဲ	(၀၆း၃၀) နာရီ စတင်ပါမည်	ဝဏ္ဏသိဒ္ဓိကွင်း	(၀၇း၃၀)နာရီတွင်တစ်ကြိမ် (၁၀း၃၀)နာရီတွင်တစ်ကြိမ် ဆုပေးပါမည်။
၂	ဘောလုံး(ကျား)	ကွာတား (၂)ပွဲ	(၀၇း၃၀)နာရီ (၁၅း၃၀)နာရီ	လေ့ကျင့်ရေးကွင်း(၃)	
၃	ဘောလုံး(မ)	ကွာတား (၂)ပွဲ	(၀၇း၃၀)နာရီ (၁၅း၃၀)နာရီ	လေ့ကျင့်ရေးကွင်း(၁)	
၄	ဘတ်စကက်ဘော	ကျား(၃)ပွဲ မ(၃)ပွဲ	(၀၈း၀၀)နာရီ စတင်ပါမည်။	ဘတ်စကက်ဘော လေ့ကျင့်ရေးရုံ	
၅	ပိုက်ကျော်ခြင်း	(၃)ယောက်တွဲ ဆီမီး ကျား (၂)ပွဲ တတိယလုပွဲ (ကျား+မ) ဗိုလ်လုပွဲ (ကျား) (မ)	(၀၈း၀၀)နာရီ (၁၂း၀၀)နာရီ (၁၅း၀၀)နာရီ	ဝဏ္ဏသိဒ္ဓိ(B) ရုံ	(၁၈း၀၀)နာရီတွင် ဆုပေးပါမည်။
၆	ဘော်လီဘော	ကျား(၃)ပွဲ မ(၃)ပွဲ	(၀၈း၀၀)နာရီ စတင်ပါမည်။	TC-1 လေ့ကျင့်ရေးရုံ	
၇	ဖူဆယ်(ကျား)	အုပ်စုပတ်လည် (၄)ပွဲ	(၀၉း၀၀)နာရီ စတင်ပါမည်။	ဖူဆယ်ပြိုင်ပွဲရုံ	
၈	ဖူဆယ်(မ)	အုပ်စုပတ်လည် (၂)ပွဲ	(၀၉း၀၀)နာရီ စတင်ပါမည်။	ဖူဆယ်လေ့ကျင့်ရေးရုံ	
၉	ဂျူဒို	ကျား(၃၁) မ(၂၀)ပွဲ	(၀၈း၃၀)နာရီ စတင်ပါမည်။	ဝဏ္ဏသိဒ္ဓိ(A)ရုံ	(၁၄း၀၀)နာရီ ဆုပေးပါမည်။
၁၀	တိုက်ကွမ်ဒို	အတိုက်(၄)ပွဲ	(၁၁း၃၀)နာရီ စတင်ပါမည်။	ဝဏ္ဏသိဒ္ဓိ(C)ရုံ	(၁၂း၀၀)နာရီ ဆုပေးပါမည်။
၁၁	ကာယကြံ့ခိုင်မှု	ကျား(၇)တန်း မ(၂)တန်း	(၁၀း၀၀)နာရီ စတင်ပါမည်။	ပေါင်းလောင်း အားကစားခန်းမ	
၁၂	ရိုးရာလက်ဝှေ့	ဗိုလ်လုပွဲ ကျား(၈)ပွဲ မ(၅)ပွဲ	(၁၄း၀၀)နာရီ စတင်ပါမည်။	လက်ဝှေ့ပြိုင်ပွဲရုံ	ပြိုင်ပွဲတစ်ပွဲပြီးလျှင် တစ်ပွဲဆုပေးပါမည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး အာဖဂန်နစ္စတန်နိုင်ငံသို့ရောက်ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အမေရိကန်အဖွဲ့များကို အာဖဂန်နစ္စတန်နိုင်ငံမှ ဆုတ်ခွာမှုနှင့်ပတ်သတ်ပြီး အာဖဂန်နစ္စတန် အရာရှိကြီးများ အပါအဝင် အမေရိကန်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာက အာဖဂန်နစ္စတန်နိုင်ငံသို့ ယနေ့အလည်အပတ်ခရီး သွားရောက်ခဲ့သည်။

အမေရိကန်တပ်ဖွဲ့များ အာဖဂန်နိုင်ငံမှ ဆုတ်ခွာပေးမည့်အစီအစဉ်ကို ၎င်းအနေဖြင့် အလျင်စလိုပြုလုပ်မည် မဟုတ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာက ဆိုသည်။ အမေရိကန်သမ္မတ ဘာရတ်အိုဘားမားအနေဖြင့် အာဖဂန်သမ္မတ၏ အမေရိကန်တပ်ဖွဲ့များဒေသတွင်းမှ အလျင်အမြန်ဆုတ်ခွာမသွားရေး တောင်းခံချက်အပေါ် ချင့်ချိန်စဉ်းစားနေသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ကျန်ရှိနေသည့် အမေရိကန်စစ်တပ် ၁၀၀၀၀ခန့်ရှိသည့်အနက် ယခုနှစ်ကုန်ပိုင်းတွင် ၅၅၀၀ခန့်သာ ချန်ထားမည်ဖြစ်ကြောင်းနှင့် ၂၀၁၆ ခုနှစ်အဆုံးပိုင်းတွင် ကဘူးမြို့ရှိ အမေရိကန်သံရုံးကို ပြန်လည်ဖျက်သိမ်းမည်ဖြစ်ကြောင်း သမ္မတအိုဘားမား၏ အစီအစဉ်ထဲတွင်ပါရှိသည်။

အမေရိကန်နိုင်ငံ၏ ဒုတိယကာကွယ်ရေးဝန်ကြီးဟောင်း အက်ရှ်တန်ကာတာသည် အမေရိကန်နိုင်ငံ၏ (၂၅)ယောက်မြောက်ကာကွယ်ရေးဝန်ကြီးနှင့် သမ္မတဘာရက်အိုဘားမား၏ ခြောက်နှစ်တာ သမ္မတသက်တမ်းကာလအတွင်း လေးယောက်မြောက်ကာကွယ်ရေးဝန်ကြီးအဖြစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျမ်းသစ္စာဆိုခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်တွင် ဗျူရိုကရက်အရာရှိတစ်ဦးအဖြစ် ကာလကြာရှည်တာဝန်ထမ်းဆောင်ခဲ့သည့် ရူပဗေဒပညာရှင် အက်ရှ်တန်ကာတာ ကာကွယ်ရေးဝန်ကြီး ရာထူးရယူသည့်အချိန်အခါသည် အမေရိကန်နိုင်ငံအနေဖြင့် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်နှိမ်နင်းရေးနှင့် ယူကရိန်းတပ်ဖွဲ့များသို့ လက်နက်ထောက်ပံ့ရေး၊ မထောက်ပံ့ရေးစသည့် နိုင်ငံတကာစစ်ဘက်ရေးရာများကို ရင်ဆိုင်နေရသည့်အချိန်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ပထမဦးစားပေးလုပ်ငန်းစဉ်ကတော့ နိုင်ငံတော်ကာကွယ်ရေးအတွက် ဖြစ်နိုင်ခြေနဲ့ အကောင်းဆုံးအမျိုးသားလုံခြုံရေးမူဝါဒချမှတ်တဲ့နေရာမှာ သမ္မတကို ကူညီပံ့ပိုးနိုင်ဖို့ပါ။ အဲဒီနောက် ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်ဖို့ပါပဲ" ဟု အက်ရှ်တန်ကာတာက ၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲအပြီးတွင် ထုတ်ဖော်ပြောကြားသည်။

အက်ရှ်တန်ကာတာရင်ဆိုင်ရမည့် နောက်ထပ်ပြဿနာတစ်ခုမှာ ၂၀၁၆ ခုနှစ်အတွက် ပင်တဂွန်စစ်ဌာနချုပ်၏ ဘတ်ဂျက်တောင်းဆိုမှုကို ကွန်ဂရက်က ငြင်းဆန်လျက်ရှိသည်။ မကြာသေးမီက အိုဘားမားအစိုးရသည် ကွန်ဂရက်သို့ ၂၀၁၆ ခုနှစ် ပင်တဂွန်စစ်ဌာနချုပ် ဘတ်ဂျက်အတွက် ဒေါ်လာ ၅၃၄ ဘီလီယံတောင်းဆိုခဲ့ရာ ၂၀၁၁ ခုနှစ်က ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြည်ထောင်စုကန့်သတ် ဘတ်ဂျက်ထက် ၃၅ ဘီလီယံပိုမိုများပြားလျက်ရှိသည်။ **ရိုက်တာ။**

ဗြိတိန်ကျောင်းသူသုံးဦး အိုင်အက်စ်အဖွဲ့သို့ ဝင်ရောက်နိုင်ဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၁

လန်ဒန်မြို့တော်တွင် ဆယ်ကျော်သက်အရွယ် မိန်းကလေးသုံးဦး နေအိမ်မှ ပျောက်ဆုံးသွားကြောင်း ၎င်းတို့၏မိဘများက တိုင်တန်းခဲ့သဖြင့် ဗြိတိန်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပျောက်ဆုံးနေသည့် မိန်းကလေးသုံးဦးသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့သို့ဝင်ရောက်ရန် ဆီးရီးယားနိုင်ငံသို့သွားရောက်ခဲ့သည်ဟု ထင်မြင်ယူဆနေသည်။ ၎င်းတို့သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီတွင် ဂတ်ဝတ်စ်လေဆိပ်တွင် အချင်းချင်းတွေ့ဆုံခဲ့ကြပြီး အစ္စတန်ဘူလ်မြို့သို့ တူရကီလေကြောင်းလိုင်းဖြင့် သွားရောက်နိုင်ဖွယ်ရှိသည်။

ပျောက်ဆုံးနေသည့် မိန်းကလေးများသည် အသက် ၁၅ နှစ်အရွယ်ရှိ 'ရှမီမာဘီဂန်'၊ အသက် ၁၆ နှစ်အရွယ်ရှိ 'ကာဒီဇာဆော်တန်နာ'နှင့် အသက် ၁၅ နှစ်အရွယ်ရှိ အမည်မဖော်လိုသူတို့ဖြစ်ကြပြီး ဘီတ်နယ်ဂရင်းအကယ်ဒမီကျောင်းမှ စာတော်သည့်ကျောင်းသူများ ဖြစ်သည်ဟု ရဲအရာရှိများက ဆိုသည်။

"ကျွန်တော်တို့ မျှော်လင့်တာ ကလေးတွေ ဘေးအန္တရာယ်ကင်းကင်းနဲ့ အိမ်ပြန်ရောက်ဖို့ပါပဲ" ဟု အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ အကြီးအကဲ ရစ်ချာဒ်ဝဲလ်တန်က ပြောသည်။

ပျောက်ဆုံးလျက်ရှိသော ကျောင်းသူများနှင့် အဆက်အသွယ်ရရှိရန် တူရကီမီဒီယာအပါအဝင် လူမှုကွန်ရက်များတွင်ပါ မက်ဆေ့ချ်များပို့ထားကြောင်းနှင့် အဆိုပါမိန်းကလေးများ အိုင်အက်စ်တို့နယ်မြေထဲသို့ ဝင်ရောက်သွားမည်ကိုစိုးရိမ်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါမိန်းကလေးသုံးဦးသည် ဒီဇင်ဘာလက ဆီးရီးယားနိုင်ငံသို့ သွားရောက်ခဲ့ဖူးသည့် အသက် ၁၅ နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးနှင့် ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း စုံစမ်းသိရသည်။ **ဘီဘီစီ။**

နိုင်ဂျီးရီးယားတွင် ပြန်ပေးဆွဲခံရသူ ၁၅၈ ဦး မိသားစုနှင့် ပြန်လည်ပေါင်းစည်း

အဘူဂျာ ဖေဖော်ဝါရီ ၂၁

ယမန်နှစ် ဒီဇင်ဘာလတွင် ဘိုကိုဟာရမ်စစ်သွေးကြွများ၏ ပြန်ပေးဆွဲခြင်းခံခဲ့ရသည့် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းမှ ကလေးများနှင့် အမျိုးသမီး ၁၅၈ ဦးတို့သည် ၎င်းတို့မိသားစုများနှင့် ပြန်လည်ပေါင်းဆုံကြပြီဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယိုဘဲပြည်နယ်အတွင်း ကာတာကိုကျေးရွာအား စစ်သွေးကြွများ ဝင်စီးစဉ် ၎င်းတို့သည် ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရပြီး တစ်လခန့် ချုပ်နှောင်ထားခြင်း ခံခဲ့ရသည်။

၎င်းတို့ကို ပြန်လွှတ်ပေးခြင်း၏ အကြောင်းရင်းအား ရှင်းလင်းစွာ မသိရသော်လည်း စိတ်ခွန်အားပေးရေးနှင့် ပြန်လည်ထူထောင်ပေးရေးအတွက် ပြည်နယ်အာဏာပိုင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်သည်။

ပြည်နယ်မြို့တော် ဒါမာတူရူ၌ မိသားစုများ ပြန်လည်ပေါင်းစည်းကြခြင်းမှာ ပျော်ရွှင်စရာဖြစ်ပါသည်ဟု တာဝန်ရှိသူများက ပြောသည်။

မိသားစုနှင့် ပြန်လည်ပေါင်းစည်းမိသော ၁၅၈ ဦးအနက် ၆၂ ဦးသည် အိမ်ထောင်သည်များဖြစ်ကြပြီး ကျန်လူများမှာ ကလေးများဖြစ်ကြကြောင်း ယိုဘဲပြည်နယ် အရေးပေါ်စီမံရေး အေဂျင်စီ၏ အတွင်းရေးမှူး မူဆာအိုင်ဒီဂျီဒါဝါက ဘီဘီစီသို့ ပြောကြားသည်။

အမျိုးသမီး ၁၆ ဦး၏ ခင်ပွန်းများကို ဘိုကိုဟာရမ်စစ်သွေးကြွများက ရွာကိုဝင်စီးစဉ် သတ်ပစ်ခဲ့ကြသည်။ ၎င်းတို့ကို ဖမ်းဆီးထားစဉ် စစ်သွေးကြွများက နှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်းများ မပြုလုပ်ကြပါဟု ဆိုသည်။ **ဘီဘီစီ။**

အဘူဒါဘီနှစ်ထပ်အဆောက်အအုံ မီးလောင်၊ နိုင်ငံခြားသားအလုပ်သမား ဆယ်ဦးသေ၊ ရှစ်ဦးဒဏ်ရာရ

ရီယာဒ် ဖေဖော်ဝါရီ ၂၁

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တော်ရှိ တာယာဆိုင်တစ်ဆိုင်၌ ဖေဖော်ဝါရီ ၂၀ ရက်နှောင်းပိုင်းက မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံအပေါ်ထပ်တွင် နေထိုင်သည့် နိုင်ငံခြားသား အလုပ်သမား ၁၀ ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံသတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။

အဆိုပါ မီးလောင်မှုကြောင့် နှစ်ထပ်အဆောက်အအုံတစ်ခုလုံး ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရင်းမြစ်များကိုကိုးကား၍ အဆိုပါသတင်းစာက ပြောကြားသည်။ လူ ၁၀ ဦး သေဆုံးခဲ့သည့် အပေါ်ထပ်အခန်းမှာ အမှန်တစ်ကယ် လူနေထိုင်သည့်နေရာမဟုတ်ဘဲ ကုန်လှောင်ရုံတစ်ခုအဖြစ်သာအသုံးပြုရန် ပုံစံထုတ်ထားခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်ကို ကိုးကား၍ ယင်းသတင်းစာက ဆက်လက်ပြောသည်။ သို့သော် သေဆုံးဒဏ်ရာရရှိသူများ၏အမည်နှင့် မည်သည့်နိုင်ငံသားဆိုသည်ကိုမူမသိရှိသေးပေ။ ရဲတပ်ဖွဲ့အနေဖြင့် မီးလောင်မှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလုပ်အကိုင်နှင့် နေထိုင်ရေးတွင် ခက်ခဲမှုများတွေ့ကြုံနေရသည့် နိုင်ငံခြားသား အလုပ်သမားများအတွက် ကာကွယ်စောင့်ရှောက်မှုများ တိုးမြှင့်ပေးရန် နိုင်ငံတကာလူ့အခွင့်အရေးအုပ်စုများက ပင်လယ်ကွေ့တိုင်းပြည်များအား တောင်းဆိုထားကြောင်း သိရသည်။ **ရိုက်တာ။**

ဒူဘိုင်းမိုးမျှော်အဆောက်အအုံ၌ မီးလောင်

ဒူဘိုင်း ဖေဖော်ဝါရီ ၂၁

ကမ္ဘာပေါ်တွင် အမြင့်ဆုံးလူနေအဆောက်အအုံများ၌ အပါအဝင်ဖြစ်သော ဒူဘိုင်းမြို့ မာရီနာခရိုင်ရှိ 'တော့ချ်' မိုးမျှော်အဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် ၁၁၀၅ ပေမြင့်သည့် အဆောက်အအုံတွင် ကူးစက်လောင်ကျွမ်းခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မီးလောင်သော အပျက်အစီးအပိုင်းအစများသည် နေရာအနှံ့ကျရောက်လျက်ရှိရာ အနီးရှိအဆောက်အအုံများအတွင်းသို့ပင် ကျရောက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူက ဘီဘီစီသို့ ပြောကြားသည်။

တစ်နာရီခွဲခန့်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို မသိရသေးသော်လည်း အထပ် ၅၀ မှ စတင်လောင်ခြင်း ဖြစ်ဖွယ်ရာရှိသည်ဟု ဆိုသည်။

နေထိုင်သူရာပေါင်းများစွာကို ရွှေ့ပြောင်းကယ်ထုတ်နိုင်ခဲ့ပြီး အသေအပျောက်စာရင်းကို ယခုအချိန်အထိ မရရှိဟု ဆိုသည်။ **ဘီဘီစီ။**

ဩစတြေးလျ၌ ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်

ဆစ်ဒနီ ဖေဖော်ဝါရီ ၂၁

ဩစတြေးလျနိုင်ငံ၌ အပျက်အစီးကြီးမားသော အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းနှစ်လုံး တိုက်ခတ်ခဲ့ခြင်းကြောင့် နေအိမ် ရာပေါင်းများစွာ ပျက်စီးခဲ့ရပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ရကြောင်း၊ မုန်တိုင်းများ တိုက်ခတ်ပြီးသည့်တိုင်အောင် ရေလွှမ်းမိုးမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု အာဏာပိုင်များက သတိပေးထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၂၀ ရက်က ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကွင်းစလန်းပြည်နယ်ကိုဖြတ်သန်းလျက် "မာစီယာ"ဟု အမည်ပေးထားသော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့သည်။ ယင်းမုန်တိုင်း၏ပြင်းအားကို အဆင့်-၅ သတ်မှတ်ထားသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးခြင်း၊ သစ်ပင်များ အမြစ်မှကျွတ်ထွက်ခြင်းတို့ ဖြစ်ပေါ်ရပြီး ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရသည်။

ဩစတြေးလျနိုင်ငံ မြောက်ပိုင်းနယ်မြေတွင် "လမ်"ဟုအမည်ပေးထားသော အပူပိုင်းဆိုင်ကလုန်းတိုက်ခတ်ခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ဒုတိယမြောက်မုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည်။ **ပီတီအိုင်။**

စစ်တွေမြို့တွင် တရားမဝင်အရက်နှင့် ဘီယာများ ဖျက်ဆီး

စစ်တွေ ဖေဖော်ဝါရီ ၂၁

စစ်တွေမြို့နယ်တရားရုံးသို့ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးဥပဒေအရ တရားစွဲဆိုတင်ပို့လာသည့် အမှုများမှ သက်သေခံ တရားမဝင်အရက်နှင့် ဘီယာများဖျက်ဆီးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီတွင် စစ်တွေမြို့ ဝေသာလီ အားကစားကွင်းရှေ့ကွင်းပြင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်ကက ဥပဒေပြဋ္ဌာန်းချက်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်တွေမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီး ဒေါ်မေထွန်းထွန်းအေးက စစ်တွေမြို့နယ် တရားရုံးသို့တရားစွဲဆို တင်ပို့လာသည့် တရားမဝင်အရက်များနှင့် ဘီယာများ ဖျက်ဆီးမှုအခြေအနေနှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်သေခံတရားမဝင်အရက်နှင့် ဘီယာများအား လိုက်လံကြည့်ရှုပြီး လမ်းကြိတ်စက် (Roller) ဖြင့် ဖျက်ဆီးနေမှုများကို ကြည့်ရှုသည်။

မြန်မာစည်ဘီယာ ၁၄၇ စည်၊ မြန်မာဘီယာ ၄၉၇ ကတ်၊ ANDAMAN ဘီယာ ၁၂၉၇ ကတ် စုစုပေါင်း ဘီယာမျိုးစုံ ကာလတန်ဖိုးကျပ် ၂၇၈၄၉၀၀၀ နှင့် အရက်မျိုးစုံ ၃၄ လုံးကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ညှို့သည်ပေးပို့သည့်ပစ္စည်း ဖွင့်စစ်ရာမှ ဘိန်းဖြူသိမ်းဆည်းရမိ

မူဆယ် ဖေဖော်ဝါရီ ၂၁

မူဆယ်မြို့မရဲစခန်း၌ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက အချုပ်ခန်းသို့ ပေးပို့သည့်ပစ္စည်း စစ်ဆေးရာမှ ဘိန်းဖြူသိမ်းဆည်းရမိ၍ မယ(ပ)၄၂/၁၄၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)အမှုဖြင့် ချုပ်နှောင်ခံထားရသူ လဂျာဆိုသူအား ညှို့သည်လာရောက်တွေ့ဆုံသည့် လဂျာ၏ဇနီးမခေါ်နီရာနှင့် အစ်မဖြစ်သူ မဆိုင်ဆာတို့ပေးပို့သည့် ပစ္စည်းများအား အချုပ်ခန်းလုံခြုံရေးနှင့် အချုပ်ခန်းအတွင်းသို့ မလိုလားအပ်သောပစ္စည်းများ မရောက်ရှိစေရေးအတွက် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရုတ်နိုင်ငံလုပ် ခေါက်ဆွဲခြောက်ထုပ်ထဲမှ ပလတ်စတစ်အိတ်ငယ်ဖြင့် ထည့်ထားသော ဘိန်းဖြူ ၁ ဒသမ ၃ ဂရမ်အား ရှာဖွေတွေ့ရှိ၍ ၎င်းတို့နှစ်ဦးအား မမစ(မဆ)မယ(ပ)၂၀/၁၅၊ မူး/စိတ်ပုဒ်မ ၁၅/၁၆ (ဂ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဆရာမောင်(မူဆယ်)

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၂)လမ်း နိုင်ငံတော်ပရိယတ္တိ တက္ကသိုလ်အနီး လမ်းအလယ်၌ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်နှင့် ဟိုင်းလတ်ယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိစဉ်။ အေးမြ(မန္တလေး)

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်က ကွတ်ခိုင်မြို့ ရပ်ကွက်(၈) ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းမပေါ်တွင် ကောင်းခါးမြို့သစ်ဘက်မှ ကွတ်ခိုင်မြို့ဘက်သို့ စိုင်းဘညာဏ် မောင်းနှင်ပြီး စိုင်းထွန်းစိန်နှင့် မနန်းညွန့်အေးတို့ လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ဘေးလွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် ဘိန်းဖြူဆပ်ပြာခွက် ၁၅ ခွက် (ဘိန်းဖြူအလေးချိန် သုည ဒသမ ၁၈ ကီလို) တို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းဘညာဏ် (၃၁)နှစ်၊ စိုင်းထွန်းစိန် (၆၀) နှစ်နှင့် မနန်းညွန့်အေး (၃၃)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၉ ရက်က မူးယစ်တပ်ဖွဲ့စု (၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းကျေးရွာအုပ်စု မဟုန်ကန်ကျေးရွာနေ စိုင်းကျော်၏ နေအိမ်အား သတင်းအရ ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်အတွင်းရှိ လက်ကိုင်ပိုက်ဆံအိတ် အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂ ပြား သိမ်းဆည်းရမိသဖြင့် စိုင်းကျော် (၂၁)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

စိုင်းဘညာဏ်၊ စိုင်းထွန်းစိန်နှင့် မနန်းညွန့်အေးတို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အမြန်ပြန်လာပါ

ညီလေး ကောင်းမြတ်မိုး ညီလေးအိမ်ကထွက်သွားတဲ့အချိန်ကစပြီး အဖေ၊ အမေ စိတ်ထိခိုက်ပြီး ကျန်းမာရေးစိုးရိမ်ပူပန်နေရတယ်။

ညီလေး ရောက်ရာအရပ်ကနေ အမြန်ဆုံးဆက်သွယ်ပေးပါ။ ညီလေး ကိစ္စအဝဝအားလုံး ခွင့်လွှတ်တယ်။

ကိုကြီးဟိန်းထက်အောင်(ခ)ကိုထက်
ဖုန်း-၀၉-၄၅၀၀၁၃၇၄၄၊ ၀၉-၅၁၃၀၄၈၂၊
၀၉-၄၉၃၀၀၅၇၆၊ ၀၁-၄၂၂၄၄၃-၅၁၅

The Global New Light of Myanmar သတင်းစာတိုက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၅)

၁။ The Global New Light Of Myanmar သတင်းစာတိုက်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းများအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	၆၄ လက်မစက္ကူ	(၂၇၀၀)တန်
(ခ)	၃၂ လက်မစက္ကူ	(၂၀၀)တန်
(ဂ)	ပလိပ် (CTP)	(၁၂၀၀၀)ချပ်
(ဃ)	မင်နက်	(၁၄၆၀၀)kg
(င)	မင်ဝါ	(၁၀၀၀၀)kg
(စ)	မင်ပြာ	(၁၀၀၀၀)kg
(ဆ)	မင်နီ	(၁၀၀၀၀)kg
(ဇ)	အယ်လ်ကာလိုင်း	(၁၇၀၀)liter

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၂-၂၀၁၅ ရက်မှ ၉-၃-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၃-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း Global New Light Of Myanmar အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

၅။ တင်ဒါ(က)မှ (ဇ)အထိ တင်ဒါပိတ်ရက်မှာ (၉-၃-၂၀၁၅)ရက် ဖြစ်ပါသည်။

တင်ဒါတင်သွင်းရန်လိပ်စာ
Global New Light of Myanmar
အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

Global New Light of Myanmar သတင်းစာတိုက် CTP (Computer to Plate)Machine ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ Global New Light Of Myanmar သတင်းစာတိုက်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် CTP(Computer to Plate)Machine စက်ကို မြန်မာကျပ်ငွေဖြင့် အောက် ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) CTP(Computer to Plate)Machine -1 Set

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၂-၂၀၁၅ ရက်မှ ၉-၃-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၃-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း Global New Light Of Myanmar သတင်းစာတိုက် အမှတ်(၅၀/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၆၀၄၅၃၀၊ ၀၁-၈၆၀၄၅၃၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်၊ တင်ဒါတင်သွင်းရန်လိပ်စာ
Global New Light of Myanmar သတင်းစာတိုက်၊
အမှတ်(၅၀/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း -၀၁-၈၆၀၄၅၃၀၊ ၀၁-၈၆၀၄၅၃၁

နိုင်ငံတကာ သတင်းဂျာနယ်

နှစ်(၂၀)ပြည့်နှင့် အမှတ်စဉ် (၁၀၀၀)ပြည့်အထိမ်းအမှတ်
ရောင်စုံအထူးထုတ် ထုတ်ဝေ

- နိုင်ငံတကာသတင်းဂျာနယ် တည်ထောင်ခဲ့သူနှင့် ဆက်နွယ်ခဲ့သည့် စာတည်းမှူးချုပ်(ငြိမ်း)တို့၏ မှတ်တမ်းစကားများ
- နိုင်ငံတကာသတင်းဂျာနယ် အမှတ်စဉ်(၁၀၀၀)ပြည့်အထိမ်းအမှတ် ဥယျာဉ် ◦ မြန်မာ့ဂျူသာ ဤသို့ပြောသည်
- နိုင်ငံတကာသတင်းဂျာနယ် "၁၀၀၀" လည်ပြန်တဲ့ပြန်သံများ နိုင်ငံတကာသတင်းဂျာနယ်နှင့် ကျွန်တော့်အမြင်
- ဂျာနယ်အထိန်းတော်တစ်ဦး၏ အန္တမှန် ကိုယ့်အသားကိုယ် လိုးစားသူများသို့ နောက်ထပ်ရာစုနှစ်များစွာ…နှင့်တူ အပတ်စဉ် ရေးသားဖော်ပြခဲ့သည့် နိုင်ငံတကာရေးရာဆောင်းပါးများဖြစ်သည်
- တရုတ်၏ စစ်ရေးကြီးထွားမှုကိုမမှုသော အမေရိကန် ◦ ဗီယက်နမ်နိုင်ငံနှင့် သံတမန်ဆိုင်ရာ
- စောင့်ကြည့်ရမည့် ယူကရိန်းငြိမ်းချမ်းရေးသဘောတူညီချက်
- အနောက်အုပ်စုကြောက်အားပိုရမယ့် ရုရှားလက်နက်များ ◦ ယီမင်နိုင်ငံကို ကယ်နိုင်ပါဦးမလား
- ယူကရိန်းစစ်ပွဲပြီးဆုံးရေးနှင့် ရုရှား ◦ ဂျကာတာမြို့တော်၏ မော်တော်ယာဉ်ပိတ်ဆို့မှုအကျပ်အတည်း ပြဿနာ
- တောင်ဆူဒန်အစိုးရတပ်နှင့် သူပုန်များက ကလေးစစ်သားများအမှုစုဆောင်းနေ
- အမေရိကန် စစ်လက်နက်များအပေါ်မှီခို အသုံးသတ်တော့မည့် အီရန်
- အစ္စလာမ်ဘာသာကနေ သွေးထည်သူများကိုသာ စစ်ဆင်နေခြင်းဖြစ်သည်ဟု သမ္မတ အိုဘားမားပြောကြား
- အမေရိကန်စစ်ဘက်သုံး ဒရုန်းလေယာဉ်များကို မဟာမိတ်နိုင်ငံများထံ ရောင်းချခွင့်ပေးမည်
- ISIS တို့ လူ့ဒူးကိုယ်အစိတ်အပိုင်းများ ရောင်းချနေပြီလား ◦ ဗိုင်းဘာမျိုး ဆေးဝါးသစ်များထုတ်လုပ်ရာတွင် အသုံးဝင်လာမည်
- အာရှတွင် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တက်လာဖွယ်ရှိ စသည့် နိုင်ငံတကာသတင်းသုံးသပ်ချက်ဆောင်းပါးများ

ဝေဝေဆာဆာဖြင့် နိုင်ငံတကာသတင်းဂျာနယ် အမှတ်စဉ် (၁၀၀၀) ပြည့် ထွက်ရှိလာပြီ။

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၂၈၃၁၊ ၂၉၉၄၂၇၊ ၀၁ - ၈၆၁၀၆၈၅

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ကြေညာချက်

၁။ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထား၍ တရားသောစစ်ကို ဆင်နွှဲနေကြသော တိုင်းရင်းသားပြည်သူပေါင်းစုံ၏ ရင်နှစ်သည်းချာ မြန်မာ့တပ်မတော်သားများသည် ယုံကြည်ချက်အပြည့်ဖြင့် အမိမြေအလှ တစ်လက်မမျှ အထိမခံ ဇာတိမာန်ဖြင့် တွန်းလှန်ချေမှုန်းလျက်ရှိနေကြသည်။ အသက်သွေးချွေး စတေးပြီး အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုက်ပွဲဝင်ခဲ့ကြရာ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပြီး ကျဆုံးသူများ၊ ထိခိုက်ဒဏ်ရာရရှိသူများရှိခဲ့ရာ ပြည်သူများနှင့်အတူ များစွာစိတ်ထိခိုက်မှု ဖြစ်ကြရပါသည်။

၂။ ကျူးကျော်စစ် စစ်ပွဲဆင်နွှဲသည့်အင်အားစုများကို အပြင်းအထန် ရှုတ်ချကြောင်း အမိမြေအတွက် လှေခွက်ချည်းကျန် အလံမလှဲ သတ္တိဖွဲ့နှင့် သူရဲကောင်းတပ်မတော်သားအပေါင်းကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)နှင့် ဂီတလောကသားများမှ လေးစားဂုဏ်ယူ အတူလက်တွဲ သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ(၁၉)ရက်
မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်ဆင့်ပွားသင်တန်း၁၁/၂၀၁၅သင်တန်းဆင်း

သုံးခွ ဖေဖော်ဝါရီ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့မရဲစခန်းတွင် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်ဆင့်ပွားသင်တန်းအမှတ်စဉ် ၁၁/၂၀၁၅ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းတို့က သင်တန်းဆင်းလက်မှတ်များနှင့် ရင်ထိုးတံဆိပ်များကိုပေးအပ်ခဲ့ကြသည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်တရားသူကြီး ဦးဇော်ဝင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးညီညီဇံ၊ စစ်မှုထမ်းဟောင်းအဖွဲ့ ဒုဥက္ကဋ္ဌ ဦးအောင်ညွှန့်နှင့် မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ပြီး သင်တန်းသို့ အရာရှိတစ်ဦးနှင့် အခြားအဆင့် ၁၅ ဦး စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။

အောင်ဆွေ(ရွှေတံတား)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် အင်းမမြို့၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်ဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားကျဆင်းသည့်နေရာများဖြစ်သော အထက ကျောင်းရှေ့တွင် ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၁၁ကေဗွီ ဓာတ်အားလိုင်း ပေ ၂၀၀၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို အင်းမမြို့ လျှပ်စစ်ရုံးမှ မြို့နယ်လျှပ်စစ်မှူး ဦးဇော်ဇော်မင်းနှင့် ဝန်ထမ်းများက တည်ဆောက်ပေးခဲ့ရာ ဗို့အားကျဆင်းသည့်နေရာများတွင် ဗို့အားများတက်လာခဲ့ပြီး ဓာတ်အားသုံးစွဲသူများ ဓာတ်အားပြည့်ပြည့်ဝဝ သုံးစွဲနိုင်ပြီဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

ရေသန့်ပေးဝေနိုင်ရန်အတွက် ဂါလန် ၁၀၀၀၀ဆံ့ရေစင်တည်ဆောက်

မိတ္ထီလာ ဖေဖော်ဝါရီ ၂၁

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တင်ဒါစနစ်ဖြင့် အောင်ဆန်းမြို့သစ်ရပ်ကွက် ရေပေးဝေရေးအတွက် ခွင့်ပြုငွေကျပ် ၉၅ ဒသမ ၆၄သန်းဖြင့် ခိုင်ခန့်ဖြူစင်ကုမ္ပဏီမှ တာဝန်ယူ၍ ရေစင်ကြီးကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေစင်ကြီးကို အောင်ဆန်းနယ်မြေ မြို့သစ် (၂)ရပ်ကွက် မြို့သစ်ဈေးအနီး ဒေါနလမ်းတွင် အမြင့်ပေ ၄၀ ရေဂါလန် ၁၀၀၀၀ဆံ့ ရေစင်ကြီးတည်ဆောက်ခြင်းနှင့်အတူ ရပ်ကွက်အတွင်းရှိ ရေတိုင်ပေါင်း ၃၀၀အတွက် ရေပေးဝေနိုင်ရန် ရေပိုက်များသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၄ခုနှစ် ဒီဇင်ဘာလမှစတင်၍ စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ ကြီးကြပ်ပြီး စတင်ဆောင်ရွက်လျက်ရှိသည်။

ရေစင်ကြီးတည်ဆောက်ပြီးစီးပါက အောင်ဆန်းရပ်ကွက်အတွင်း ရေအခက်အခဲမရှိ ဖြန့်ဝေနိုင်တော့မည်ဖြစ်သဖြင့် ရပ်ကွက်နေပြည်သူများ သောက်သုံးရေအတွက် အဆင်ပြေမည်ဖြစ်ကြောင်း အဆိုပါရပ်ကွက်နေသူတစ်ဦးက ပြောသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

အမက(၂၂)တာမွေ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေးအဆင့်မြင့်စံပြကျောင်း ဒုတိယဆုရရှိအောင် ဆောင်ရွက်ခဲ့သော ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းဌေးအား မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့က စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သည့်ဆု ချီးမြှင့်စဉ်။(ကြေးမုံ)

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ရေး ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ် ရေးမြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြု ရန်ပုံငွေဖြင့် မြတ်သူရဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒူးယား-အံဒင် ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးမှုကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ကျေးလက်ဦးစီး)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်
နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
"တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့
အသိပေးနှိုးဆော်ချက်"

ပြည်နယ်/တိုင်းဒေသအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ သုံးစွဲကာလအတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှု ယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင် အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	တယ်လီဖုန်း အမျိုးအစား	နောက်ဆုံးအခွန် ပေးသွင်းရမည့်ရက်
၁။	နေပြည်တော်၊ရန်ကုန်၊ မန္တလေး စစ်ကိုင်း၊မကွေး၊ ကချင်၊ ကရင် ကယား၊ရောဝတီ၊မွန်၊ ပဲခူး(ရှေ့/အနောက်)	Autoနှင့် Mobile ဖုန်းများ Email,ADSL MPT Satellite	(၂၇-၂-၂၀၁၅)
၂။	ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ	Autoနှင့် Mobileဖုန်းများ Email,ADSL MPT Satellite	(၂၇-၂-၂၀၁၅)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/5054 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

အမြန်ပြန်လာပါ

ထားဝယ်မြို့၊ အိုးလုပ်ရပ်၊ ဦးဖေယျလမ်း၊ အမှတ်(၆၃)နေ ကျွန်တော် ဦးမြင့်ကျော်[၉/ပမန(နိုင်)၁၄၅၄၅၃]၏ဇနီးဖြစ်သူ မမြတ်မွန်အေး(ခ)မြတ်နိုး[၆/ထဝန(နိုင်)၁၁၅၄၅၃]သည် ကျွန်တော်အား စကားအချေအတင်ပြောဆိုပြီး နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် နေအိမ်သို့ အမြန်ပြန်လာစေလိုပါသည်။ (လက်ခံ၊ ဖြားယောင်းသွေးဆောင် ဟန့်တားနှောင့်ယှက်သူများရှိပါက ဥပဒေအရအရေးယူသွားမည် ဖြစ်ပါသည်။)

ဦးမြင့်ကျော်[၉/ပမန(နိုင်)၁၄၅၄၅၃]

"ရှုံးမယ်ဆိုတာ သိသိကြီးနဲ့ ဘဝတစ်ခုလုံးကိုရင်းပြီး အစလောင်းအစား မြှုပ်စရာ ပုဂ္ဂိုလ်မျိုး သင်တွေ့ဖူးပါ သလား။ အစဝးကြီးကို လိုက်မရှာပါနဲ့ အဲဒါသင်တို့ ကျွန်ုပ်တို့ရဲ့ ကျေးဇူးရှင် မိဘနှစ်ပါးပဲ။"

မိဘဂုဏ် (ကိုထွေး) အဆင့်မြင့်(စတီး)ဘလိုင်ခါးသွားသူးကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက် ရောင်းချ တင်ဆင်ပေးနေပါသည်။

ရန်ကုန်အရောင်းဆိုင် - အမှတ် (၁၂)၊ အခန်း (၄/၅)၊ မင်းနန္ဒာလမ်းမကြီး (Capital Hyper Market) အနီး၊ သာကေတမြို့နယ်၊
Ph : 09 - 50 - 64145 , 09 - 49 - 276627 , 09 -4200-60449

နေပြည်တော်အရောင်းဆိုင် - အမှတ် (၉/၄၁၂၆)၊ ထုတ္တရာလမ်းမကြီး၊ (ဘောလုံးကွင်းအနီး)၊ နေပြည်တော်၊ ပျဉ်းမနားမြို့။
Ph : 09 - 420-707316 , 09 - 49 - 588063 , 09 - 49 - 580855

အရည်အသွေးအာမခံချက်မရှိသော သောက်ရေသန့်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ယမန်နေ့မှအဆက်

စဉ်	လုပ်ငန်းအမည်	လိပ်စာ
၂၈	ရေကမ္ဘာသောက်ရေသန့်	အမှတ်(၄၂၃)၊ ကမ်းနားလမ်း၊ တောင်မင်းတဲ၊ သရက်မြို့၊ မန္တလေးတိုင်းဒေသကြီး။
၂၉	ပင်းသောက်ရေသန့်	ရေနံချောင်းစက်မှုဇုန်၊ ရေနံချောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။
၃၀	ရေတံခွန်သောက်ရေသန့်	အမှတ်(၄)၊ စက်ကွင်းရပ်၊ ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၊ပဲခူးတိုင်းဒေသကြီး။
၃၁	Zeal သောက်ရေသန့်	စက်ရုံလမ်း၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၃၂	မင်္ဂလာ သောက်ရေသန့်	အမှတ် (၂၉၃)၊ ရန်ကုန်-မန္တလေးလမ်း၊ (၁)ရပ်ကွက်၊ ပဲခူးတိုင်းဒေသကြီး။
၃၃	အောင်မင်္ဂလာ သောက်ရေသန့်	စည်ပင်သာယာဈေးအနီး၊ (၁)လမ်း၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး။
၃၄	ကောင်းသန့် သောက်ရေသန့်	ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၃၅	Soe သောက်ရေသန့်	(၃)ရပ်ကွက်၊ အထောင်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၃၆	ကုမုဒြာ သောက်ရေသန့်	မထူး(၃)လမ်း၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၃၇	အေးကမ္ဘာ သောက်ရေသန့်	ပဒုမ္မာလမ်း၊ ဒေးဒရဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၃၈	Lion သောက်ရေသန့်	(၃၅)မိုင်၊ ရန်ကုန်-ပုသိမ်ကားလမ်း၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၃၉	ရွှေကောင်းကင် သောက်ရေသန့်	အမှတ်(၁)ရပ်ကွက်၊ ဗန္ဓုလလမ်းပန်းခြံ၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၀	ရေတံခွန် သောက်ရေသန့်	ကမ်းနားလမ်း၊ အလယ်ပိုင်း၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၁	လိုတရ သောက်ရေသန့်	ဘုရင့်နောင်လမ်း၊ အလယ်ပိုင်း၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၂	Lion သောက်ရေသန့်	ဘုရင့်နောင်လမ်း၊ အလယ်ပိုင်း၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၃	Korea သောက်ရေသန့်	ဘုရင့်နောင်လမ်း၊ အလယ်ပိုင်း၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၄	Discovery သောက်ရေသန့်	အမှတ်(၁)ရပ်ကွက်၊ သမိုင်းလမ်း၊ ဟိုင်းကြီးကျွန်း၊ဧရာဝတီတိုင်းဒေသကြီး။
၄၅	ရွှေကသစ် သောက်ရေသန့်	ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၆	ရှမ်းရိုးမ သောက်ရေသန့်	ဗိုလ်ချုပ်လမ်း၊ တောင်ပိုင်းရပ်ကွက်၊ ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၇	ပြည်တွင်းဖြစ် သောက်ရေသန့်	ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၈	ပီတိ သောက်ရေသန့်	မဟာဗောဓိလမ်း၊ (၉)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၉	ရွှေကောင်းကင် သောက်ရေသန့်	ဗန္ဓုလကြေးရုပ်လမ်း၊(၁)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်း ဒေသကြီး။
၅၀	ကျား သောက်ရေသန့်	မဟာဗောဓိလမ်း၊ (၉)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၁	Royal သောက်ရေသန့်	ရဲရိပ်သာလမ်း၊ မြောက်ရွာရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၅၂	Alpha သောက်ရေသန့်	အမှတ်(၁၇၁)၊ ရေးလမ်း၊ ဝဲကျွန်း၊ ထိန်လယ်ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း ဒေသကြီး။
၅၃	ငွေကြယ်လင်းသောက်ရေသန့်	အမှတ်(၁၃၁-ခ)၊ မြသီတာလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၅၄	New Winner သောက်ရေသန့်	အမှတ်(၂)ရပ်ကွက်၊ ရွှေဝါ(၁)လမ်း၊ ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၅၅	Sein Water သောက်ရေသန့်	ရှပ်ပုံစံပြကျေးရွာ၊ ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၅၆	King Star သောက်ရေသန့်	ဒေါ်မြင့်ရီ မြို့မရပ်ကွက်၊ ဘုတ်ပြင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၅၇	ကောင်းမြတ် သောက်ရေသန့်	ကန်ပေါက်တိုက်နယ်၊ ရေဖြူမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၅၈	ရတနာ သောက်ရေသန့်	ကန်ပေါက်တိုက်နယ်၊ ရေဖြူမြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၅၉	သစ္စာ သောက်ရေသန့်	ဈေးကုန်းရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၀	အိုကေသိန်း သောက်ရေသန့်	မိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၁	မြတ်ရတနာ သောက်ရေသန့်	ပါရမီရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၂	သဇင် သောက်ရေသန့်	မြောက်ရပ်ကွက်၊ မြောင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၃	ဇင်ယော်နီ သောက်ရေသန့်	ဗန္ဓုလရပ်ကွက်၊ ဘုတလင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၄	MO သောက်ရေသန့်	သစ်ရာမြိုင်ရပ်ကွက်၊ ကွန်းလှမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၅	ရှယ် သောက်ရေသန့်	စံတော်သာမကျေးရွာ၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၆	ပူးလောက် သောက်ရေသန့်	ကျောက္ကာရွာ၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၇	Smile သောက်ရေသန့်	ဈေးတန်းရပ်ကွက်၊ တမူးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၈	Safe သောက်ရေသန့်	စော်ဘွားလေးရပ်၊ တမူးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၉	နွေမိုးဆောင်း သောက်ရေသန့်	သမိန်ဗရမ်းလမ်း၊ သီရိနန္ဒာရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်။
၇၀	OXXO သောက်ရေသန့်	ရွှေတောင်ကြားလမ်း၊ သီရိခေမာရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်။
၇၁	မွန်အောင်ပန်း သောက်ရေသန့်	ရင်းဒိန်းကျေးရွာ၊ ခေါဲစာမြို့နယ်ခွဲ၊ ရေးမြို့၊ မွန်ပြည်နယ်။
၇၂	ရာမည သောက်ရေသန့်	သာယာကုန်းရပ်ကွက်၊ သိမ်ဇရပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။
၇၃	မီဂါ သောက်ရေသန့်	အမှတ်(၁၇၁)၊ သစ္စာလမ်း၊ ဆီဆိုင်မြို့၊ မွန်ပြည်နယ်။

ကျန်းမာရေးဝန်ကြီးဌာန

နွေရာသီရေကူးသင်တန်းများ
ဖွင့်လှစ်သင်ကြားပေးနေပါပြီ။
တက္ကသိုလ်ရေကူးကန်(အင်းယားလမ်း)
ဖုန်း-၇၃၁၀၅၂၇၆၊
၅၂၅၈၉၁၊ ၂၅၄၀၆၇၃၉၄

ရောင်းရန်
လှည်းကူးမြို့နယ်၊ သခွပ်ပင်
လယ်မြေများ ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၇၁၃၀၂
၀၉-၄၃၁၇၅၄၅၂

နည်းပညာ

ဘဏ်များ၏ဆိုက်ဘာလုံခြုံရေး ဖောက်ထွင်းခံရမှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်အထိ ဆုံးရှုံးနေ

ကမ္ဘာ့တစ်ဝန်းဘဏ်ပေါင်းတစ်ရာကျော်အား ဆိုက်ဘာတိုက်ခိုက်ခံရမှုကြောင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ (ပေါင် ၆၄၈ သန်း)ခန့် ဆုံးရှုံးခဲ့သည်ဟု ထိပ်တန်းလုံခြုံရေးကုမ္ပဏီတစ်ခုက ထုတ်ပြန်ကြေညာခဲ့သည်။

သို့သော် လုံခြုံရေးကျွမ်းကျင်ပညာရှင်များက ငွေသားပမာဏ မည်ရွေ့မည်မျှသည် ဥပဒေချိုးဖောက်မှုအမျိုးအစားအလိုက် ဆုံးရှုံးခဲ့သည်ဆိုသည်ကို ခွဲခြမ်းစိတ်ဖြာရန်လိုအပ်နေသေးသည်ဟု ဆက်လက်ဖော်ပြခဲ့သည်။ ရုရှားကုမ္ပဏီကပ်ဘယ် ရမ်စကီးလပ်ဘ်က ဟက်ကာများသည် ဘဏ်၏ကွန်ရက်ထိန်းချုပ်မှုစနစ်ကိုရရှိရန် ဘဏ်ဝန်ထမ်းများထံသို့ အပြောင်အပျက်ပုံစံဖြင့် လှည့်ဖျား၍ အီးမေးလ်လိပ်စာများကို ရရှိခဲ့ခြင်းဟု ထုတ်ဖော်ပြောဆိုလိုက်သည်။ ၎င်းကုမ္ပဏီက အဓိကဘဏ်များဖောက်ထွင်းခံရမှုမှာ ငွေသားထုတ်ပေးသည့်စက်များမှ ခိုးယူခံနေရခြင်းဖြစ်သည်ဟုလည်း ထပ်လောင်းပြောကြားခဲ့သည်။

အဓိကဆိုက်ဘာတိုက်ခိုက်ခံနေရသော ဘဏ်များမှာ ရုရှား၊ တရုတ်၊ ယူကရိန်း၊ ဥဇဘက်ကစ္စတန်အပြင် အခြားတိုင်းပြည်များအထိပါ ပျံ့နှံ့လာခဲ့ပြီဖြစ်သည်။ ယင်းကိစ္စကို အင်တာပိုနှင့် ယူရိုပိုတို့က တာဝန်ယူ၍စုံစမ်းစစ်ဆေးနေပြီး ယူရိုပိုညွှန်ကြားရေးမှူး ရော့ဘ်ဝိန်းရိုက်က ဘီဘီစီသို့ပြောကြားခဲ့ရာတွင် "ဥရောပဘဏ်လုပ်ငန်းအဖွဲ့ချုပ်လက်အောက်မှာရှိတဲ့ ဥရောပဘဏ်တွေ အမျိုးသားဥပဒေအတည်ပြုပြဋ္ဌာန်းရေးအာဏာပိုင်တွေကို သတိပေးချက်တွေ ထုတ်ပြန်ပေးထားပါတယ်။ ကျွန်တော်တို့အဖွဲ့အစည်းက အခုကိစ္စရပ်နဲ့ပတ်သက်ပြီး တက်တက်ကြွကြွဆက်လက် လုပ်ဆောင်နေပေမယ့်လည်း ဥရောပသမဂ္ဂကတော့ ဒီအခြေအနေကို အစီရင်ခံစာရေးပြီး အတည်ပြုပြဋ္ဌာန်းတာမျိုး မရှိသေးဘူး"ဟု ပြောကြားခဲ့သည်။

ကပ်ဘယ်ရမ်စကီးလပ်ဘ်ကမူ အဆိုပါဟက်ကာများအနေဖြင့် လုံခြုံရေးတင်းကျပ်ထားသည့်တိုင်အောင် ဆက်လက်ဖောက်ထွင်းရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း၊ ယခုအခါ ယင်းကဲ့သို့ ဆိုက်ဘာတိုက်ခိုက်ခံရမှုမျိုးကို နည်းဗျူဟာ မတူ၊ စနစ်မတူသော်လည်း ပုံစံမျိုးစုံဖြင့် ဆက်လက်ဖောက်ထွင်းရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း ပြောကြားထားသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလက ကပ်ဘယ်ရမ်စကီးလပ်ဘ်အနေဖြင့် အခြားဆိုက်ဘာလုံခြုံရေးကုမ္ပဏီများဖြစ်သော Fox-IT နှင့် ပူးပေါင်း၍ အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့ကာ အဆိုပါအစီရင်ခံစာတွင် ဆိုက်ဘာဖောက်ထွင်းမှုပြုသောအဖွဲ့အစည်းအနေဖြင့် ၎င်းတို့၏လှုပ်ရှားဆောင်ရွက်မှုကို သိသိသာသာလျှော့ချလာခဲ့ပြီး ယခုအခါ လုပ်ငန်းများ အားလုံးနီးပါးကို ရပ်ဆိုင်းလုနီးပါးဖြစ်နေသည်ဟု ထုတ်ပြန်ခဲ့သည်။

လုံခြုံရေးကျွမ်းကျင်ပညာရှင်အချို့ကမူ ဒေါ်လာတစ်ဘီလီယံမှာ အလွန်များပြားသည့် ငွေပမာဏဖြစ်ပြီး ယင်းငွေများကို မည်သို့မည်ပုံ ပြန်လည်ရရှိရန် ဆောင်ရွက်ရနည်းဆိုသည့် မေးခွန်းများအတွက်မူ ပြန်လည်သုံးသပ်နေဆဲဖြစ်သည်ဟု ဖြေကြားခဲ့သည်။ စိတ်ရှည် သည်းခံမှုနှင့် များစွာသော အစီအမံများကသာ ထိုလုပ်ငန်းကိုတိုက်ထုတ်နိုင်မည့်တစ်ခု တည်းသောနည်းလမ်းဖြစ်လာလိမ့်မည်ဟုလည်း မှတ်ချက် ပြုခဲ့သည်။ ထို့အပြင် အဆိုပါပုဂ္ဂိုလ်များ၏ ပုံသဏ္ဍာန်အစစ်အမှန်ကို မည်သူမျှလည်းမသိရှိသေးဟု သတိပေးပြောကြားခဲ့သည်။ အမှန်စင်စစ်မှုလုံခြုံရေးစည်းမျဉ်းများ ယခင်ထက်ပိုမိုတင်းကျပ်စွာရှိနေရန်လိုအပ်နေသည်ဟု ကမ္ဘာ့ဘဏ်လုပ်ငန်းများ၏ဆိုက်ဘာထိုးဖောက်ခံရမှုများက သက်သေပြနေခဲ့သည်။ **(မေလှဲ့သင်း)**

တစ်နှစ်အတွင်း Apple စမတ်နာရီသန်းနှစ်ဆယ်ရောင်းချနိုင်မည်ဟု CCS ခန့်မှန်း

ယခု ၂၀၁၅ခုနှစ်အတွင်း Apple ကုမ္ပဏီထုတ် ဝတ်ဆင်နိုင်သော စမတ်နာရီများ သန်းနှစ်ဆယ်ခန့် ရောင်းချနိုင်မည်ဖြစ်ကာ စမတ်နာရီဈေးကွက်ကို ဦးဆောင်နိုင်မည်ဖြစ်ပြီး နည်းပညာဈေးကွက်တွင် အပြောင်းအလဲဖြစ်စေရန် အဓိကအရာတစ်ခုဖြစ်လာလိမ့်မည်ဟု CCS Insight ၏ အစီရင်ခံစာတွင် ခန့်မှန်းထားသည်။

ထို့ပြင် ၎င်းကဆက်လက်၍ ၂၀၁၅ခုနှစ်သည် နည်းပညာနှင့်ပတ်သက်၍ အပြောင်းအလဲနှစ်တစ်နှစ်ဖြစ်ကာ လူသားများ၏ကျန်းမာရေးကို ခြေရာခံပေးနိုင်သော စက်များသည် ယခုနှစ်တွင် ပိုမိုအရောင်းသွက်လာနိုင်ပြီး Apple စမတ်နာရီများသည် လူခန္ဓာကိုယ်တွင်ဝတ်ဆင်နိုင်သော ကိရိယာများဈေးကွက်အားလုံး၏ လေးပုံတစ်ပုံခန့်ကို ရယူနိုင်မည်ဟုလည်း ခန့်မှန်းခဲ့သည်။

ဖေဖော်ဝါရီ ၁၉ရက်က ထုတ်ပြန်ခဲ့သော ဩစတြေးလျနိုင်ငံ Telsyte ၏ စမတ်ဖုန်းနှင့် ဝတ်ဆင်နိုင်သောကိရိယာများ ဈေးကွက်လေ့လာချက် ၂၀၁၅ က ဒေသအတွင်းရှိ စမတ်နာရီဈေးကွက်သည် Apple စမတ်နာရီ၏ လူကြိုက်များမှုကြောင့် ၂၀၁၅ခုနှစ်တွင် ၅၀ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ကြောင်း ခန့်မှန်းခဲ့သည်။

(ခင်ခင်သက်)

ဧတနာရှင် ... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
မန်းရွှေစက်တော်ဘုရားပွဲ မြတ်မော်တင်စွန်းဘုရားပွဲ
အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း (၄)ရက်။ ပုဂံ-ပြောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၄)ရက်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅)ရက်။ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (၃)ရက်။
ထားဝယ်ရှင်ကိုးရှင် (၆)ရက်။
၂၈၀၊ ပ-ထပ်၊ ၃၉လမ်း၊ (အထက်) 392704, 09 50 66657, 09 73017110

ရွှေပင့်ကူ (၃)နှစ်ပြည့်အထူး
၀၉-၇၃၃၃၀၃၄၆၊ ၀၉-၄၂၇၂၀၀၇၊ ၀၉-၂၅၀၅၉၇၇၇

ဗျာဘိုးသား
မြန်မာပြည်အနှံ့ဘုရားဖူးနှင့်အပန်းဖြေခရီးသွားလုပ်ငန်း
ရွှေစက်တော်ဘုရားပွဲတော်၊ အလောင်းတော်ကဿပ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ လမ်းဘုရားစုံ
ကျိုက်(၅)ကျိုက်
မြတ်မော်တင်စွန်းဘုရားပွဲသို့ အထူးခရီးစဉ် (၁)ညအိပ်(၂)ရက် (စား/တည်း/ငြိမ်း) ၃၅၀၀၀
Ph: 09-425334456, 09-49578205,09-49323965,09-250233599

B.L.T Travels
ကျိုက်ထီးရိုး နေ့စဉ် 8000
ချောင်းသာ 13000
YUTONG (or) SCANIA
09-73163538, 09-31785622

(၁၉၆၈ -၁၉၉၈)ခုနှစ် စက်မှုလက်မှုအထက်တန်းကျောင်း(တောင်ကြီးမြို့) ကျောင်းသားဟောင်းများ၏(၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

(၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံဆရာကြီးများ/ဆရာမကြီးများနှင့် ကျောင်းသားများအားလုံး (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၁၉၆၈-၁၉၉၈ခုနှစ်အတွင်း ၎င်းကျောင်းတွင် ဆရာ/ဆရာမအဖြစ် ပညာသင်ပေးခဲ့ကြဖူးသော ဆရာ/ ဆရာမများခင်ဗျာ-- ကျောင်းသားဟောင်းများမှ ပူဇော်ကန်တော့လိုပါသဖြင့် ၁၅-၄-၂၀၁၅ရက်အတွင်း ဆက်သွယ်စာရင်းပေးပို့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂-၅-၂၀၁၅ရက် (စနေနေ့)
အချိန် - ညနေ (၄း၀၀ မှ ၉း၀၀) နာရီ
နေရာ - (Dolphin -Restaurant)မြေပဒေသာဥယျာဉ်ဝင်း၊ ငါးပြတိုက်ဝင်ပေါက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ရှေ့၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်/လှူဒါန်းရန်-ရန်ကုန် (၁) ဦးချစ်ထွန်း ဖုန်း-၀၉ ၅၀၁၉၇၇၁
(၂) ဦးလှမြိုင် ဖုန်း-၀၉ ၄၃၀၈၈၉၀၁
(၃) ဦးလှသိန်း ဖုန်း-၀၉ ၅၁၉၂၉၇၅
(၄) ဦးစိုးမြင့် ဖုန်း -၀၉ ၅၁၃၁၂၁၉ (အင်းလေးမွှာရုံ)
(၅) ဦးစိုင်းထွန်းမြင့် ဖုန်း-၀၉ ၅၁၀၀၃၈၁
(၆) ဦးထွန်းထွန်းမောင် ဖုန်း-၀၉- ၅၁၃၆၈၆၈
တောင်ကြီး (၁) ဦးတင်အောင် ဖုန်း-၀၉ ၅၂၁၁၁၄၆
(၂) ဦးခင်မောင်ဝင်း ဖုန်း-၀၉ ၄၉၅၇၁၈၆၂
မန္တလေး (၁) ဦးအေးဝင်း ဖုန်း-၀၂-၆၂၅၄၄
မင်းဘူး (၁) ဦးကြည်အောင် ဖုန်း-၀၉- ၄၇၂၀၀၃၂၄
ပခုက္ကူ (၁) ဦးအောင်မြင့်သိန်း ဖုန်း-၀၉ ၂၃၀၀၅၁၅

ရန်ကုန်မြို့၊ **KBZ Bank** ဆင်မလိုက်ဘဏ်ခွဲ **Account No 1221130000019**သို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံရောရာများကို မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ပစ္စည်းကြည့်ရမည့်နေရာ - အမှတ်(၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်
(ခ) တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ) တင်ဒါဖွင့်လှစ်မည့်နေရာ - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်) နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၂၃-၂-၂၀၁၅ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၆-၃-၂၀၁၅ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

သင့်ကြောင့် မီးမလောင်ပါစေနှင့်



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁) တိုက်ခန်းသစ်၊ (12.5'×50') ပထမထပ်၊ မင်္ဂလာသိရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ လမ်းကျယ်၊ ရပ်ကွက်သန့်၊ ဈေးနီး၊ ကျောင်းနီး။ ရောင်းဈေး သိန်း(၅၅၀)
(၂) ကြို့ပွိုင့်၊ ၅-လွှာ၊ သဒ္ဒါရုံ(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း-၀၉-၄၂၁၁၅၆၉၈၇

သက်ဆိုင်သူများသိစေရန်ကြေညာခြင်း

Sonnenberg Co.,Ltd တွင် Business Relation ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ဦးဆန်းဝင်း[၁၁/မပတ(နိုင်)၀၇၁၇၇]နှင့် Computer Operator ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်ကေကေလင်းအောင်[၁၂/ဒဂတ(နိုင်)၀၂၃၃၇၀]တို့သည် မိမိတာဝန်ယူလုပ်ကိုင်ခဲ့သော တာဝန်ဝတ္တရားများ၊ ရုံးသုံးပစ္စည်းများအား စနစ်တကျလွှဲပြောင်းခြင်းမရှိဘဲ အလုပ်မှနုတ်ထွက်သွားပါသောကြောင့် အမြန်ဆုံးပြန်လည်လာရောက်ရှင်းလင်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။

U WIN NAING
MANAGING DIRECTOR
SONNENBERG SERVICE COMPANY LIMITED

ခွေးရောင်းမည်
Alsation
Doberman
Larbrador
Pekingese
Ph: 09-425330828, 09-261350595

လှေလှော်ရေးအဖွဲ့ မင်းလှမြို့အတွင်းလှည့်လည်ကြည့်ရှု

မင်းလှ ဖေဖော်ဝါရီ ၂၁

မကွေးတိုင်းဒေသကြီး မင်းလှမြို့အတွင်း ဖေဖော်ဝါရီ ၁၆ ရက် ညနေပိုင်းတွင် Viking Mandalay River Cruise လှေလှော်ရေးအဖွဲ့မှ ရေကြောင်းခရီးဖြင့် ရောက်ရှိလာပြီး မင်းလှမြို့ဂုဏ်ဆောင် သမိုင်းဝင်ခံတပ်ကြီးအား ဝင်ရောက်လှေ့လာကြည့်ရှုသည့်အပြင် မြို့အတွင်း ဈေးကြီးနှင့် ရပ်ကွက်များသို့ ခြေကျင်လှည့်လည်၍ လူနေမှုဓလေ့စရိုက်များအား လေ့လာခဲ့ကြကြောင်း သိရသည်။

လှေလှော်ရေးအဖွဲ့တွင် USA, AU, British, Canada စသည့်နိုင်ငံများမှ လူဦးရေ ၅၀ ပါဝင်၍ မန္တလေးမှ ပြည်အထိ ၁၀ ရက်လှေ့လာရေးခရီးစဉ်ဖြစ် ကြောင်းသိရသည်။

ယင်းအဖွဲ့သည် မြို့တွင်းအနှံ့ ကြည့်ရှုလေ့လာပြီး စီးနင်းလိုက်ပါလာသော RY INDOCHINA PANDAW သင်္ဘောဖြင့် ပြန်လည်ထွက်ခွာမည်ဖြစ်ကာ မင်းရွာတွင် ညအိပ်ရပ်နားမည်ဖြစ်ကြောင်း စကားပြန်ဒေါ်ရတီက ပြောခဲ့သည်။

Viking Mandalay River Cruise အဖွဲ့၏ ၁၀ ရက် လှေ့လာရေးခရီးစဉ်သည် ပြည်တွင် အဆုံးသတ်မည်ဖြစ်ပြီး ပြည်မှရန်ကုန်သို့ ဘတ်(စ်)ကားဖြင့် သွားမည်ဖြစ်ကြောင်း သိရသည်။

ပိုင်ဇေ(မကွေး)

မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်း ဆောင်ရွက်

ညောင်လေးပင်၊ ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးလွင်နှင့် ဝန်ထမ်းများသည် မိုးပွင့်(အထူး)စီမံချက်လုပ်ငန်းများကို တိုင်းရင်းသားပြည်သူများထံ အသိပညာပေးဟောပြောခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် စမ်းကလေးကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းက ကျေးလက်နေပြည်သူများအား မိုးပွင့်(အထူး)စီမံချက်အကြောင်း အသိပညာပေး ရှင်းလင်းပြောကြားပြီး ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်ခဲ့သည်။ယင်းနောက် စမ်းကလေးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ခင်မောင်လွင်

ကျေးရွာစာကြည့်တိုက် အမြန်ဖွင့်လှစ်နိုင်ရေး အုန်းတောတွင်ကွင်းဆင်းဆောင်ရွက်

စစ်ကိုင်း ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ရွှေပြည်ဖြိုး စာကြည့်တိုက် အမြန်ဖွင့်လှစ်နိုင်ရေးအတွက် စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် စာအုပ်များ တိုက်ပိုင်ရေးသွင်းနည်း၊ စာရင်းရေးသွင်းနည်း၊ ပညာရပ်အမှတ် ခွဲခြားနည်း၊ လျှို့ဝှက်နံပါတ်များထားရှိနည်းများကို လက်တွေ့ကွင်းဆင်းပြသပေးခဲ့ကြောင်းသိရသည်။

"စာကြည့်တိုက် ဆောက်လုပ်ပြီးစီးတာကတော့ ယခင်လပိုင်း လောက်ကပါ။ ပရိဘောဂပစ္စည်းတွေနဲ့ စာအုပ်၊ စာတမ်းတွေ စုဆောင်းနေရတာရယ်ကြောင့် ဖွင့်လှစ်ဖို့ နည်းနည်းကြာသွားတာပါ။ ရက်ပိုင်းအတွင်း ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားပါ့မယ်" ဟု ကျေးရွာစာကြည့်တိုက်မှူးကပြောသည်။

အဆိုပါစာကြည့်တိုက်မှာ ၂၀၁၃-၂၀၁၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထောက်ပံ့ငွေ ကျပ် ၁၀ သိန်း နှင့် အလှူရှင်များ၊ ကျေးရွာပြည်သူများလှူဒါန်းငွေ ကျပ် ၁၃ သိန်းကျော် အပါအဝင် စုစုပေါင်း ၂၃ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇော်မြင့်နိုင်

ကျေးရွာချင်းဆက်မြေသားလမ်းမှ ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်

ကနီ ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်အစပ်မှ သခွတ္တနယ်ကျေးရွာ ဘုရားကြီးကျေးရွာနှင့် ကနီမြို့နယ်အတွင်းမှ ပျဉ်တောကျေးရွာကို ဆက်သွယ်ထားသောကျေးရွာချင်းဆက်လမ်း အရှည် ၃မိုင် ၆ဖာလုံရှိ မြေသားလမ်းကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကျယ်၁၂ပေ၊ ထု ၇လက်မရှိသည့်ကျောက်ခင်းလမ်းအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျောက်ခင်းလမ်းကို၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၃ ဒသမ ၈ သန်းဖြင့်ဆောင်နေဖြစ်သည်။

ယင်းကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများကို မျိုးမြတ်ချမ်းသာကုမ္ပဏီက တင်ဒါအောင်မြင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုင်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၁၉ ရက်တွင် ကွင်းဆင်းကြည့်ရှုကြပြီး လုပ်ငန်းများကို သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သခွတ္တနယ်-ဘုရားကြီး-ပျဉ်တော ကျေးရွာချင်းဆက်ကျောက်ချောင်းလမ်း ဆောင်ရွက်ပြီးစီးပါက ယင်းလမ်းမှသွားလာနေသောကျွန်းပင်အိုင်၊ဘုတ်ကုန်း၊ ဝင်မနားနှင့် တပုန်းကျေးရွာအုပ်စုများရှိကျေးရွာ ပေါင်း၂၀ကျော်တို့မှ ဒေသထွက်ကုန်များကို ဘုတလင်နှင့် မုံရွာမြို့များသို့ မော်တော်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်ကာ ကုန်စည် စီးဆင်းမှုများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝများ တိုးတက်လာမည်ဖြစ်သည်။

သန်းဌေးအောင်(ကနီ)

ဘုရားဖူးများ၏ကျန်းမာရေးအတွက်လူနာတင်ကားလှူ

ရွှေစက်တော် ဖေဖော်ဝါရီ ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် မန်းရွှေစက်တော်ဘုရားသို့ လာရောက်ကြသော အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ အရေးပေါ် ကျန်းမာရေး အခက်အခဲ ပြဿနာများဖြင့် ကြုံတွေ့သည့်အခါ တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်ရန်အတွက် ဘုရားကြီးအတွင်းရှိ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဆယ့်နှစ်ပွဲဈေးသည်များမှ လှူဒါန်းသော လူနာတင်ယာဉ် ကားတစ်စီးအား ကျန်းမာရေးဌာနရှေ့တွင် ထားရှိကြောင်းသိရသည်။

အကျိုးတော်ဆောင် ဦးကျော်ခိုင်ဝင်းက "မန်းရွှေစက်တော်ဘုရားပွဲအချိန်ဟာ သုံးလတာဖြစ်ပေမယ့် အလွန်စည်ကားတဲ့ ပွဲတော်ကြီးဖြစ်တာနဲ့အညီ မတော်တဆ ယာဉ်တိမ်းမှောက်မှုတွေ၊ ရေနစ်သေဆုံးမှုတွေ၊ ဘုရားပွဲအတွင်းမှာ ခဏခဏဖြစ်ပေါ်လာပါတယ်။ ကျန်းမာရေးအရ ဆေးရုံဆေးပေးခန်းလည်းမရှိတော့ အခက်အခဲဖြစ်မှုတွေ နှစ်စဉ်နှစ်တိုင်းဆိုသလို နှစ်ပေါင်းများစွာဖြစ်ပွားခဲ့ပါတယ်။ မန်းရွှေစက်တော် ဘုရားပွဲတော်က မင်းဘူး(စကု) မြို့နယ်အတွင်းရှိသော်လည်း မင်းဘူးမြို့နှင့် မိုင် ၃၀ ခန့်ဝေးတာကြောင့် ကျန်းမာရေးအခက်အခဲဖြစ်တဲ့အခါ အရေးပေါ် ယာဉ်မရှိတဲ့အတွက် မသေသင့်ဘဲ သေဆုံးခဲ့ရတဲ့ အန္တရာယ်အများကြီး ရှိခဲ့ပါတယ်။

ဒါ့ကြောင့် အနယ်နယ် အရပ်ရပ်က ဆယ့်နှစ်ပွဲဈေးသည်တွေဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်ကစတင်ပြီး ပွဲတော်အတွင်းမှာ သာရေး၊ နာရေးကိစ္စတွေကို ဈေးသည်မိသားစုတွေ၊ ဘုရားဖူးလာ မိဘပြည်သူများအတွက် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်ပေးနိုင်မယ့် ကားတစ်စီးဝယ်ယူဖို့ ဆောင်ရွက်ခဲ့ကြပါတယ်။ မနှစ်က ပွဲတော်ရာသီမှာ အလှူငွေ စတင်ကောက်ခံတော့ ၈၃ သိန်းခန့် ရရှိခဲ့ပါတယ်။ ဒါ့ကြောင့် ကားတစ်စီး ဝယ်ယူပြီး ယခုနှစ် ပွဲတော်ရာသီတွက် ကျန်းမာရေးစောင့်ရှောက်မှုများ စတင်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ယခုနှစ်တွင် နေရာအခက်အခဲကြောင့် အဆိုပါကားအား ကျန်းမာရေးဌာနရှေ့တွင် ဂေါပကအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၄ နာရီထားရှိ၍ ဘုရားဖူး မိဘပြည်သူများ၊ ဒေသခံ ဈေးသည်များ ကျန်းမာရေးအခက်အခဲကြုံတွေ့ရသည့်အခါ ဈေးသည်မိသားစုကော်မတီမှ ကျန်းမာရေးဌာန၏ ဆုံးဖြတ်ချက်ဖြင့် မကွေး၊ မင်းဘူး၊ စလင်း၊ မင်းတုန်းစသည့် ဆေးရုံများသို့ အခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်းသိရသည်။

အရေးပေါ်ကျန်းမာရေးပြဿနာဖြစ်ပေါ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန်းရွှေစက်တော်ဂေါပကအဖွဲ့၊ ရွှေစက်တော် ကျန်းမာရေးဌာနနှင့် ဦးနေမျိုးကျော်၊ ဖုန်း ၀၉ ၂၅၆၃၉၉၇၅၀၊ ဦးအေးကိုဖုန်း ၀၉၄၀၁၆၃၉၃၈၄၊ မင်းဘူး၊ စကု ဦးခင်မောင်ညွှန့်ဖုန်း ၀၉ ၄၀၀၄၀၅၀၈၀၊ ဦးကျော်ခိုင်ဝင်း ဖုန်း ၀၉၄၀၀၅၄၈၇၄၄၊ ဦးအောင်နိုင်မျိုး ဖုန်း ၂၁၃၀၉၀၅ မုံရွာ၊ ဦးဝင်းလွင် ဖုန်း ၀၉၄၇၂၁၃၀၆၂၄ ကျောက်ပန်းတောင်း၊ ဦးကျော်လွင်ဦး ဖုန်း ၀၉ ၂၅၉၁၃၀၄၉၀တို့အား ဆက်သွယ်အကူအညီ တောင်းနိုင်ကြောင်းသိရသည်။ **ပိုင်ဇေ(မကွေး)**

စစ္စနီမှကန်တုတ်ထိကားလမ်းမကြီးဖောက်လုပ်ပြီးစီးသွား၍ ကူးသန်းရောင်းဝယ်ရေးအဆင်ပြေ

မင်းလှ ဖေဖော်ဝါရီ ၂၁

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ စစ္စနီ-ရေနံမ-ကျောက်ပုံ -ကန်တုတ်လမ်းအား နိုင်လွန်ကတ္တရာ အမြန်လမ်းမကြီးအဖြစ် နိုင်ငံတော်မှ အကုန်ကျခံ ဖောက်လုပ်ပေးခဲ့သောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာ၍ ဒေသခံပြည်သူများ၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေ၍ အကျိုးမြတ်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အမြန်လမ်းမကြီး မဖောက်လုပ်မီ လွန်ခဲ့သောနှစ်နှစ်ကျော်က မြေနီလမ်းသာရှိပြီး ရေနံမသို့လာရောက်မည်ဆိုပါက မိုးပြတ်သည့်နွေရာသီတွင် ချိုင့်ခွက်များ ထူထပ်စွာဖြင့် သွားလာရသည်။ မိုးတွင်း၌ လမ်းများပျက်စီးယိုယွင်း၍ ကားများ ဗွက်နစ်ခြင်း၊ ဆိုင်ကယ်ဘီးချော်ခြင်းတို့ဖြစ်ပေါ်ကာ ခက်ခဲကြမ်းတမ်းစွာ သွားလာခဲ့ရသည်။ ယင်းအပြင် ချောင်းရေကျ၍ ဆိုင်ကယ်တစ်စီးလျှင် ထမ်းပိုးခ အနည်းဆုံး ကျပ် ၁၀၀၀ ပေးပြီး ထမ်းခိုင်းရသည့် အခက်အခဲများလည်းရှိခဲ့သည်။

ဘီးမြင့်သည့် ကားများသာသွားလာရလွယ်ကူသော စစ္စနီ-ရေနံမ-ကျောက်ပုံ-ကန်တုတ်လမ်းအား ယခုအခါ နိုင်ငံတော်မှ ကတ္တရာ အမြန်လမ်းမကြီး ဖောက်လုပ်ပေးခဲ့သည့်အတွက် ဒေသခံခရီးသွားပြည်သူများအတွက် များစွာအထောက်ကူဖြစ်စေပြီး ရေနံမရွာကြီးတွင် တိုက်နယ်ဆေးရုံ၊ အထက်တန်းကျောင်း၊ ရဲစခန်း၊ အခွန်လွတ်ဈေးများ ရှိနေပြီဖြစ်သည်။ မကွေးမြို့ ကားကြီးကွင်းမှလည်း ရေနံမ လိုင်းကားများ ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။ **မင်းထီး(ရေနံမ)**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြော

နွားထိုးကြီး ဖေဖော်ဝါရီ ၂၁

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပေးဟောပြောပွဲကိုဖေဖော်ဝါရီ၁၉ ရက် နံနက် ၁၀ နာရီက နွားထိုးကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

နွားထိုးကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ်ထွန်းထွန်းနိုင်၊နှင့် ရဲအုပ်မြင့်သိန်းတို့က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ပြစ်မှု၊ ပြစ်ဒဏ်များကို အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဖေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ ရပ်ကွက် ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မိဘ၊ ပြည်သူ ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းအောင်ဇော်(နွားထိုးကြီး)**

စံပြကျေးရွာဆု ချီးမြှင့်နိုင်ရေး တာပွန်ကျေးရွာသို့ကွင်းဆင်းစစ်ဆေး

နတ်တလင်း ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်စံပြကျေးရွာသို့ ဖေဖော်ဝါရီ ၁၉ ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

မြို့ပြ၊ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ချီးမြှင့်ရေးလုပ်ငန်း ကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး စံပြကျေးရွာအတွက် တာပွန်စံပြကျေးရွာကိုရွေးချယ်ချီးမြှင့်နိုင်ရန် ကွင်းဆင်း စိစစ်အဖွဲ့ငယ်မှ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထန်ဒိုးကျင့် ခေါင်းဆောင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ယင်းနေ့က ကွင်းဆင်းစစ်ဆေးရာတွင် တာပွန်စံပြကျေးရွာရှိ တိုက်နယ်ဆေးရုံ၊ ဆီစက်၊ ဆန်စက်များ စသည့်လုပ်ငန်း နှင့် လမ်း၊ တံတားများအားကြည့်ရှုပြီး ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **၀၇၁**

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁၄)အကြီးစားစက်ရုံ(သာဂရ)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၄)အကြီးစားစက်ရုံ (သာဂရ) မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Lot No(1) ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများ	၈ မျိုး	HI-14/001
(ခ)	Lot No(2) ရုံးအသုံးအဆောင်ပစ္စည်းများ	၁၅ မျိုး	HI-14/002

၂။ အထက်ဖော်ပြပါပစ္စည်းများအား Lot No အလိုက် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။
၃။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၂၅-၂-၂၀၁၅ရက် မှ ၃-၃-၂၀၁၅ရက်၊ ၁၂:၀၀ နာရီ
၄။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်(၁၄)အကြီးစားစက်ရုံ(သာဂရ)၊ စီမံကိန်းဌာန
၅။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန် - ၃-၃-၂၀၁၅ရက်၊ ၁၂:၀၀ နာရီ
၆။ တင်ဒါတင်သွင်းရမည့်နေရာ - အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)၊ စီမံကိန်းဌာန
၇။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၃-၃-၂၀၁၅ ရက်၊ ၁၃:၀၀ နာရီ
၈။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၅၄-၂၄၆၇၁၊ ၀၆၇-၈၄၃၀၀၀၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
အမှတ်(၁၄)အကြီးစားစက်ရုံ(သာဂရ)
ဖုန်း-၀၉-၄၃၀၁၈၆၈၁၊ ၀၉-၄၂၈၁၁၄၈၆၄
စက်မှုဝန်ကြီးဌာန

JADE MOTION
ပြည်၊အကောက်တောင်
နေပြည်တော်၊ဗုဒ္ဓဂယာ
နေရာစုံဘုရားဖူးခရီးစဉ်(နေ့ချင်းပြန်)
28.2.2015 30,000k
3.3.2015 စားသောက်ဆိုင်စားတာဆင့်ပိုင်း
0973123443,254907896,5179754

RUBY ကားစီးလုံးငှားသည်
519100
09-51-77212,.535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊၃၃၊၂၄၊၁၈၊၁၄၊၁၀၊၇)ယောက်စီးနှင့် Saloon,Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ALPHARD ငှားမည်
လချုပ်၊ အဖြူရောင်၊ 1Jနံပါတ်
MZG -၇ခုံ။
PH: 09-5178988,
09-254205975

Konica ရွှေလာဝ Wedding Dress Photo Studio

စိုင်းစိုင်းခမ်းလှိုင်

ဘွဲ့ဓါတ်ပုံ၊ ဘွဲ့ဝတ်စုံ
မိတ်ကပ်ဆံပင် အတွက်
ကြိုတင် စာရင်းပေးသွင်းနိုင်ပြီ။
* အမှတ် (၇၀)၊ လမ်းမတော် လှည်းတန်းလမ်း၊ ၁၀ လမ်း နှင့် ၁၁ လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၂၂၅၀၈၄
* အမှတ် (၃၆)၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်။ ဖုန်း-၅၂၅၃၀၄

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

'ကျန်းမာပျော်ရွှင်တဲ့
မိသားစုဘဝကိုပိုင်ဆိုင်ဖို့
ပုံမှန်ကျန်းမာရေး
စစ်ဆေးကြပါစို့'

Quality Care with Compassion

ပန်းလှိုင်ဆေးရုံ၏ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ
- အခြေခံကျန်းမာရေးစစ်ဆေးပေးခြင်း
- အသက်အရွယ်အပိုင်းအခြားအလိုက်အမျိုးသား/အမျိုးသမီးများ ကျန်းမာရေးစစ်ဆေးပေးခြင်း
- နိုင်ငံခြားသွားမည့်သူများအတွက်ကျန်းမာရေးစစ်ဆေးပေးခြင်း
- လက်ထပ်တော့မည့်ဇနီးမောင်နှံများအတွက်ကျန်းမာရေးစစ်ဆေးပေးခြင်း
- ကိုယ်ဝန်ဆောင်မိခင်များ အတွက်ကျန်းမာရေးစစ်ဆေးပေးခြင်း
- အမျိုးသမီးများရင်သားနှင့်ပတ်သက်၍စစ်ဆေးပေးခြင်း
- အမျိုးသမီးများသားအိမ်ခေါင်းနှင့်ပတ်သက်၍စစ်ဆေးပေးခြင်း
- နှလုံးရောဂါနှင့်ပတ်သက်၍စစ်ဆေးပေးခြင်း
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာစစ်ဆေးပေးခြင်း

LIKE US ON facebook Pun Hlaing Hospital

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၁၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉)၄၂၀၀၄၂၆၇၉၊ (၀၉)၂၅၄၉၅၀၈၀၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email :marketing-phih@spa-mm.com

ဖတ်စရာ

ဝေဝေဆာဆာဖူးပွင့်ကြသည့် ချင်းတောင်မြေ အထိမ်းအမှတ်သင်္ကေတ တော်ဝင်ပန်းများ

à ဂျိုးနက်

ချင်းပြည်နယ်၏ တော်ဝင်ပန်းများဖြစ်သောချယ်ရီပန်းသည် ဆောင်းဦးရာသီအချိန်မှစ၍ ချင်းပြည်နယ်တစ်ခွင်လုံး ဝေဝေဆာဆာဖူးပွင့်ကြပြီးနောက် တောင်ဇလပ်ပန်းများသည် ဒီဇင်ဘာလဆန်းပိုင်းမှ စတင်ဖူးပွင့်လာကာ ယခုအချိန်အခါဖေဖော်ဝါရီလတွင် တစ်ပင်လုံး နီနီရဲရဲဖြင့် အပြိုင်အဆိုင် ဝေဝေဆာဆာဖူးပွင့်လျက်ရှိကြသည်။

အဆိုပါ ပန်းများကို စည်းကမ်းမဲ့ခုတ်ထွင်နေမှုမှ ကာကွယ်ရန် ကနေဒီတောင် စိမ်းလန်းစိုပြည်ရေးအဖွဲ့ Green Kenedy Group က ချင်းတောင်ပေါ်သို့ သွားလာနေကြသော ခရီးသည်များနှင့် ကျေးလက်နေပြည်သူများအား တောင်ဇလပ်ပန်းနှင့် ချယ်ရီပန်းများကို မြတ်နိုးတွယ်တာ ထိန်းသိမ်းလိုစိတ် အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်လျက် ယင်းချင်းတောင်မြေ၏ အထိမ်းအမှတ်သင်္ကေတပန်းများ ထိန်းသိမ်းရေး လှုပ်ရှားမှုအစီအစဉ်များကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

တောင်ဇလပ်ပင်များသည် ကလေးမြို့မှ မိုင် ၃၀ ၇ ဖာလုံအကွာရှိ ပင်လယ်ရေမျက်နှာပြင် အထက်အမြင့် ပေ ၆၂၅၀ မြင့်သော ကနေဒီတောင်ခြေ သိုင်းငင်းကျေးရွာ တောင်ကုန်းများပေါ်တွင် အများဆုံးပေါက်ရောက်ကာ ပင်ရှည်သည် အမြင့် ပေ ၄၀ ထိ ကြီးထွားနိုင်ပြီး လုံးပတ်မှာ ၃ ပေ မှ ၄ ပေထိရှိသည်။ တောင်ဇလပ်ပင်များသည် ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင်အတွေ့ရများကာ မြောက်ပိုင်းတွင် ပေါက်သည့် အပင်များတွင် အပွင့်အနီရောင်ပွင့်လျက် တောင်ပိုင်းတွင်ပေါက်သည့် အပင်များတွင် အပွင့်အဖြူရောင်ပွင့်ကြကြောင်း တွေ့ရသည်။

ဖလမ်းချင်းလူမျိုးများက ချယ်ရီပန်းကို 'ဖိုင်ဇောင်' ဟုခေါ်ဆိုကြပြီး တောင်ဇလပ်ပန်းကိုချော့လှယ် ပါရီ' ဟု ခေါ်ကြသည်။ရုက္ခဗေဒအခေါ်အားဖြင့် 'ရိုက်ရှား တိုမင်တိုစား' ဟုခေါ်သည့် တောင်ဇလပ်ပန်းသည် ဝတ်ရည်ချိုလျက်ဝတ်ရည်သောက်လျှင် အားပြည့်သည်ဟုချင်းလူမျိုးများက အယူအဆရှိကြသည်။ ယင်းအပြင် တောင်ဇလပ်ပန်းအပွင့်သည် လည်းဆေးဖက်ဝင်ကြောင်း သိရသည်။ တောင်ဇလပ်ပင်၏ အခေါက်နှင့် အမြစ်သည် အဆိပ်ရှိသော သတ္တဝါများကိုက်လျှင် အဆိပ်ဖြေဆေးအဖြစ် အသုံးပြုနိုင်သည်။ အရွက်သည် မဲနယ်ရောင်ဆိုးဆေးတစ်မျိုးထွက်ပြီး အစေ့ကိုလည်း စားနိုင်သည်။

ယခုချိန်တွင် အပင်နည်းလာပြီး အပွင့်ကျဲလာပြီဖြစ်သော တော်ဝင်ပန်းတောင်ဇလပ်ပင်များနှင့် ချယ်ရီပင်များအား ရေရှည်ရှင်သန်နိုင်ကြရေးအတွက် တောင်ပေါ်နေ ချင်းတိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် တာဝန်ကိုယ်စီရှိကြကြောင်းနှင့် ချင်းပြည်နယ်၏ အထိမ်းအမှတ်သင်္ကေတ တော်ဝင်ပန်းများအား နေရာအနှံ့ ဝေဝေဆာဆာပွင့်မြဲ ဖူးပွင့်စေလိုကြောင်း ဆန္ဒပြုလိုက်ပါသည်။

တောင်ဇလပ်ပင်၏ အခေါက်နှင့် အမြစ်သည် အဆိပ်ရှိသော သတ္တဝါများကိုက်လျှင်အဆိပ် . . .

ကြည့်မြင်တိုင်တစ်ဖက်ကမ်း ဘလုပ်ညွန့်ကျေးရွာရှိ မီးဘေးသင့်ပြည်သူများသို့ ဆန်၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ထမင်းထုပ်များ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကြည့်မြင်တိုင်တစ်ဖက်ကမ်း ဘလုပ်ညွန့်ကျေးရွာရှိ မီးဘေးသင့်ပြည်သူများသို့ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) ထမင်းထုပ် ၃၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၉၀၀ နှင့် ဆန် ၁၈ အိတ်အား လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၆ ရက် ည ၇ နာရီခန့်က စတင်လောင်ကျွမ်းခဲ့သော ကြည့်မြင်တိုင် ဘလုပ်ညွန့်ကျေးရွာ မီးလောင်မှုဖြစ်စဉ်တွင် အိမ်ခြေ ၁၃၁ အိမ်အထိ မီးကူးစက်ခဲ့ရာ အိမ်ထောင်စု ၂၀၄ စု လူဦးရေ ၈၀၉ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး လက်ရှိတွင် ခါတော်မှီကျောင်းတိုက်ဝင်းအတွင်း ယာယီစခန်းချနေထိုင်လျက်ရှိသည်။

မီးဘေးသင့် ပြည်သူများသို့ ပရဟိတအသင်းများ၊ စေတနာရှင် လုပ်သားပြည်သူများက လိုအပ်ချက်များ ဖြည့်စွက်လှူဒါန်းခဲ့ကြရာ ကျေးရွာတာဝန်ရှိသူများမှ အစီအစဉ်တကျ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လှူဒါန်းခွင့်ရရေး ဆောင်ရွက်ပေးခဲ့သည်။ယင်းနေ့က လေးမျက်နှာမြို့နယ်အသင်းမှ လှူဒါန်းသောဆန်အိတ်များအား နှစ်ပြည်အိတ်များခွဲ၍ အိမ်ထောင်စုအလိုက်ပေးလှူခဲ့ကြောင်း သိရသည်။

ကိုမိုး(ရွှေပြည်သာ)

အလုံမြို့နယ်၌ စည်ပင်မှ နိုင်လွန်ကတ္တရာခင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန လမ်းနှင့်တံတားမှ အလုံမြို့နယ်အတွင်း နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၉ ရက်က စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်းတစ်လျှောက်၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းကို အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ စောရန်ပိုင်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်နှင့် တာဝန်ရှိသူများက ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယနေ့အထိ ရန်ကုန်မြို့နယ်၊ အလုံမြို့နယ်အတွင်းရှိ ဆင်မင်းလမ်း၊ ကွင်းကျောင်းလမ်း၊ မင်းရဲကျော်စွာလမ်း၊ သစ်တောလမ်းနှင့် ငုဝါလမ်းများမှာ နိုင်လွန်ကတ္တရာခင်းပြီးဖြစ်ကြောင်း သိရသည်။

ကိုတင်မောင်ဦး(အလုံ)

Oya'abmitwG;aexb;cif;ab;uif;efuGvGrfo

ရွှေထိပ်တန်း ချောင်းသာ(နေ့စဉ်)
ရွှေစက်တော် နှင့် လမ်းဘုရားစုံ (သောကြာ) | ကျိုက်ထီးရိုး (နေ့စဉ်)
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ(သောကြာ) | ငွေဆောင် (သောကြာ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ(သောကြာ)
01-701015,01-710436,09-5403844,09-5044830

OASIS ချောင်းသာ
ကား+စား+တည်း(ငြိမ်း)
'အိမ်အရောက်လက်မှတ်ပြတ်ပေးသည်'
Ph : 0950 38616, 0950 75612, 01 650201

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄(စက်မှုဇုန်)၊ မြေကွက်အမှတ် ၆၀၅၊ မြေကွက်တည်နေရာအမှတ်(၆၀၅)၊ အင်းလေး(၁)လမ်း၊ ၆၄(စက်မှုဇုန်)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်) ဒေါ်မြင့်မြင့်နိုင် MLGN-004796 အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်နိုင်ထံမှ SP ၂၅၇၄၆၊ (၁၈-၉-၁၄)ရသူ ဦးဝေလင်းမောင်[၁၂/ဒဂတ(နိုင်)၀၄၃၆၁၁]က (၂၀၀၇)ခုနှစ်တွင် ထုတ်ယူခဲ့သော အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမူရင်းပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ဝေဘာဂီ၊ မြေကွက်အမှတ်-၁၀၊ မြေကွက်တည်နေရာအမှတ်(၁၀)၊ မလိခလမ်း ဒေါ်ခင်နွဲ့ (ဒီကေယူ-၀၂၆၈၉၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်နွဲ့ (တရားရှုံး) ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံးမှ ဘီလစ်ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဘီလစ်ခန့်အပ်စာ၊ မြောက်ဥက္ကလာပမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်(၈၀/၁၄) စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၅၅/၁၄) တရားရုံးနေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်။

ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ တတိယထပ်၊ (15'x50')၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ အိမ်ရှေ့ ဗာဂျာဆွဲတံခါးမကြီး၊ အဆင့်မြင့်ကနုတ်သံပန်းအလုများနှင့် ဆန်းရိုတ်တစ်အိမ်လုံးပြည့်တပ်ဆင်၍ ပန်းကနုတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တအိမ်လုံးပြည့်တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C(1)လုံး၊ မျက်နှာကျက်ကောနစ်၊ မီးအလှနှင့် အဆင့်မြင့်မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်းကပ်၍ မီးဖိုခုံနှင့်ဗီဒိုများတပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေးတပ်ဆင်ပြီး ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်) (ပွဲစား၊အကျိုးဆောင်၊ကြော်ငြာများမလိုပါ)
ကျပ်သိန်း→(510) Ph:09-5053076

အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံဆောက်လုပ်လျက်ရှိသော တောင်ကြီးမြို့ အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာ ဝယ်ယူခွင့်လျှောက်လွှာများကို ၁-၁-၂၀၁၅ ရက်မှ ၃၀-၁-၂၀၁၅ရက်အထိ လျှောက်လွှာစောင်ရေ(၂၅၉၈) စောင်တိတိ ရောင်းချပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၅ခုနှစ်၊ မတ်လ (၃)ရက်မှစ၍ တိုက်ခန်းဝယ်ယူခွင့် သတ်မှတ်ပေးတော့မည်ဖြစ်ပါသဖြင့် လျှောက်လွှာ ပေးသွင်းရန် ကျန်ရှိနေသူများ အမြန်တင်ပြပေးရန် အသိပေးကြေညာအပ် ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့

မြေကွက်ရောင်းရန်ရှိသည်

- ခြံအမှတ်(၁၈၄)၊ ရွှေမြန်မာအင်းမြောက်ဘက်၊ ပတ္တမြားလမ်း၊ နယ်မြေ(၁၆)၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့။
- ပေ(၉၆ × ၁၁၀)၊ ပွဲစားမလို၊ အောက်ပါဖုန်းနံပါတ်များနှင့် တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၅၂၁၅၀၆၉၊ ၀၉-၃၆၀၅၀၅၅၇၊ ၀၉၂၀၂၀၃၀၄

ကုလားပဲပေါ်ချိန် ဈေးမကောင်း၍ အကျိုးအမြတ်နည်းပါး

သာစည် ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် ဆောင်းသီးနှံ ကုလားပဲကို စပါးစိုက်ပျိုးနိုင်ခြင်းမရှိသော လယ်မြေများ၌ အဓိကထားစိုက်ပျိုးခဲ့ကြရာ ကုလားပဲပေါ်ချိန် ဈေးမကောင်း၍ ပဲစိုက်တောင်သူများ အကျိုးအမြတ်နည်းကြောင်းသိရသည်။

"ကုလားပဲစိုက်ပျိုးချိန်က ကုလားပဲတစ်တင်း ၁၄၅၀၀ နှုန်းနဲ့ ဝယ်ယူစိုက်ပျိုးကြရပါတယ်။ ဆောင်းသီးနှံကုလားပဲက မိုးအကုန် ဆောင်းအကူးမှာ စိုက်ပျိုးတာဖြစ်တဲ့အတွက် နှင်းကျရင် ကုလားပဲကောင်းကောင်း ရကြပါတယ်။ ဒီနှစ်က ဆောင်းတွင်းကာလနှင်းကျရောက်မှုနည်းတော့ ကုလားပဲကအထွက်နှုန်း မကောင်းပါဘူး။ အခုကုလားပဲပေါ်ချိန် ကုလားပဲတစ်တင်း ၁၃၀၀၀ ကျော်ပဲရောင်းချရတော့ အကျိုးအမြတ်နည်းပါတယ်"ဟု ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသ လယ်ယာလုပ်ငန်းခွင်များတွင် အလုပ်သမားရှားပါးခြင်း၊ အလုပ်သမားများကိုဈေးကြီးပေး၍ ခေါ်ယူရခြင်းတို့ကြောင့် စိုက်ပျိုးစရိတ်ကုန်ကျမှုများပြားရခြင်းဖြစ်ကြောင်းသိရသည်။

ယင်းကြောင့် လယ်ယာလုပ်ငန်းခွင်မှ ထွက်ရှိသော ကောက်ပဲသီးနှံများ ဈေးကောင်းမရရှိပါက တွက်ခြေမကိုက်ခြင်းတို့ကြောင့် ကျေးလက်ဒေသတောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်မှ ထွက်ရှိသော ကောက်ပဲသီးနှံများ ဈေးကောင်းရရှိရေးကိုမျှော်လင့်၍ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြရကြောင်း သာစည်မြို့နယ် ဒေသခံတစ်ဦးက ပြောသည်။

မျိုးမင်း(သာစည်)

မန်းတွင် ကားငှားလုပ်ငန်း တွင်ကျယ်လာ

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးမြို့တွင် ကားငယ်လေးများလစဉ်ငွေပေးချေခြင်း၊ ကားငှားရမ်းလုပ်ကိုင်မှု ပိုမိုတွင်ကျယ်လာကြောင်း အငှားယာဉ်မောင်းများထံမှစုံစမ်းသိရသည်။ AD Van (probox) နှင့် Honda Fit ကဲ့သို့ ကားငယ်လေးများကို ငှားရမ်းမှုများပြားပြီး ကားငှားရမ်းခအဖြစ် တစ်လလျှင် နှစ်သိန်းမှ နှစ်သိန်းခွဲအထိ ဈေးရှိဟု သိရသည်။

"အသေးအဖွဲ့ပျက်ရင်တော့ ကျွန်တော်တို့ကိုယ်တိုင်ပြင်ရတယ်။ ကြီးကြီးမားမားဆိုရင်တော့ ပိုင်ရှင်နှင့်ညှိပြီး ပြင်ရပါတယ်" ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယာဉ်ငှားရမ်းသူ အများစုမှာ မန္တလေးသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားများကို ဝန်ဆောင်မှုပေးရန် ရည်ရွယ်၍ လုပ်ကိုင်ကြခြင်းဖြစ်ပြီး ယခုနောက်ပိုင်းတွင် စစ်ဆေးမှုများပြားလာခြင်းကြောင့် နံပါတ်အနီကိုသာ ရွေးချယ်ငှားရမ်းမှု ပိုမိုများပြားလာကြောင်းသိရသည်။

"ဧည့်များတဲ့အချိန်ဆိုရင်တော့ အလုပ်ဖြစ်ပါတယ်။ ပြည်တွင်းခရီးသွားကတော့ ဟိုတယ်တွေနဲ့ နီးစပ်သူလောက်ပဲလိုက်ရတာများတယ်။ ဧည့်ပါးတဲ့မိုးတွင်းလိုအချိန်ဆိုရင်တော့ ကားပြန်အပ်တာများတယ်။ ကားငှားခကတော့တစ်လချင်းပေးရပြီး ပိုင်ရှင်တွေရဲ့ ယုံကြည်မှုရှိရင် စရန်ငွေမပေးရတဲ့ကားတွေလည်းရှိတယ်" ဟု ယာဉ်မောင်း ကိုမင်းနိုင်က ပြောသည်။

မန္တလေးသို့ ကမ္ဘာလှည့်ခရီးသည် အများအပြား လာရောက်လေ့ရှိရာ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ၊ မင်းကွန်းနှင့် မန္တလေးတောင်သို့ သွားရောက်မှု များပြားကြောင်း သိရသည်။

ကိုနေ

AYPVC အဖွဲ့ ပုသိမ်ရှိကျေးရွာနှစ်ခု၌ လုပ်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အာဆီယံကျွမ်းကျင် စေတနာ့ဝန်ထမ်းလူငယ် ASEAN Young Professionals Volunteer Corps (AYPVC)လုပ်အားပေးအဖွဲ့သည် ပုသိမ်မြို့နယ်ရှိကျေးရွာနှစ်ရွာတွင် ပရဟိတလုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်မြို့ရှိ ဘရူနိုင်းသံရုံးတွင်AYPVCလူငယ်များ၏ အစီအစဉ်ပိတ်ပွဲမှထုတ်ပြန်သောသတင်းများအရသိရသည်။

လူငယ်(၂၆)ဦးပါဝင်သည့် AYPVC အဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၉ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့နယ်ခွဲ မဒေါ့ကုန်းကျေးရွာများသို့ သွားရောက်ကာ အင်္ဂလိပ်စာ လေ့လာချင်စိတ်ရှိရန် သင်ကြားပေးခြင်း၊ တစ်ကိုယ်ရေကျန်းမာကြံ့ခိုင်ရေးလုပ်ငန်း အစီအစဉ်များ၊ အခြားသော လူငယ်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှုများကို ကျေးရွာလူငယ်များ၊ ကလေးများ၊ ရွာသူရွာသားများနှင့်အတူ ပရဟိတစိတ်ဓာတ်မြင့်မားရေး လုပ်ရှားမှုများ လုပ်ဆောင်လျက်ရှိသည့် Voluntary Intership Program(VIP) အဖွဲ့မှလက်ခံကူညီမှုဖြင့် လုပ်အားပေးခဲ့ကြောင်း AYPVC အဖွဲ့မှ ကိုစည်သူအောင်က ပြောသည်။

AYPVC အဖွဲ့သည် ၂၀၁၃ ခုနှစ် ဘရူနိုင်းအစိုးရက အာဆီယံ ဥက္ကဋ္ဌဖြစ်ချိန် ဘန်ဒါစရီဘန်ဂါဝန်တွင် (၈)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး AMMY တွင်တရားဝင်ဖွဲ့စည်းခဲ့သည်။ ယင်းမှာအာဆီယံအသိုင်းအဝိုင်းအတွင်း လိုအပ်သော လူမှုအကူအညီပေးသည့်လူငယ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ပရဟိတလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည်။

"ကျွန်မတို့အဖွဲ့မှာ အာဆီယံထဲကဆရာဝန်တွေ လည်းပါတယ်။ ပညာရေး၊ကျန်းမာရေး အစီအစဉ်အနေနဲ့ သွားတွေ စစ်ပေးပြီးကုပေးတယ်။ လူငယ်ဖွံ့ဖြိုးရေးတွေကိုလည်း ကူညီပေးခဲ့ပါတယ်။ ဘရူနိုင်းအစိုးရကလည်း ထောက်ပံ့ပေးပါတယ်" ဟု အဆိုပါအာဆီယံလူငယ်အဖွဲ့မှ မသဉ္ဇာရွှန်းလဲ့ရည်ကပြောသည်။

လာမည့် လုပ်အားပေးအစီအစဉ်ကို စင်ကာပူနိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့တွင် ကျွမ်းကျင် စေတနာ့ဝန်ထမ်းလုပ်အားပေးလူငယ် ၁၂၀ ကျော်ဖြင့် ကူညီဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းထူထောင်မှုအတွက် ဒေသအတွင်း လူမှုယဉ်ကျေးမှုနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုသာမကဘဲ အာဆီယံဒေသတွင်း လူငယ်များ၏ ရင်းနှီးကျွမ်းကျင်မှုရရှိစေရန် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း ကိုစည်သူအောင်ကပြောသည်။

သန့်ဇင်ဝင်း

အသိပညာတိုးပွားရေး နယ်လှည့် လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်

ဘီးလင်း ဖေဖော်ဝါရီ ၂၁

ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အသိပညာတိုးပွားရေး ကွင်းဆင်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၉ ရက်နံနက် ၉နာရီခွဲက နယ်ခြားကျေးရွာ မူလတန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ယင်းနေ့က စာကြည့်တိုက်လ/ထ-၃ ဒေါ်ခင်ချိုဝင်းက ကျောင်းသား၊ ကျောင်းသူများအား စာအုပ်များ ဖတ်ရှုလေ့လာခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နံရံကပ်စာစောင်၊ဓာတ်ပုံနှင့် သုတရသ စာအုပ်များ၊ ရွှေသွေးဂျာနယ်၊ စာစောင်များကိုကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြသည်။

ထူးနောင်(ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ဒုတိယဦးစီးမှူး(ဝင်ပေါက်)ရာထူး(၄၀)နေရာရေးဖြေအောင်မြင်သူများစာရင်း ထုတ်ပြန်ခြင်း
(၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်)
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ်(၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရရှိသော ဒုတိယဦးစီးမှူးရာထူး(၄၀)နေရာအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲအား ၁၇/၁၈-၁-၂၀၁၅ ရက်များတွင် ကျင်းပပြုလုပ်ခဲ့ပြီး ရေးဖြေအောင်မြင်သူ(၈၀)ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-
၂၄၊၈၊၁၁၊၁၃၊၁၇၊၂၆၊၃၄၊၃၉၊၆၀၊၇၄၊၈၀၊၉၇၊၉၈၊၉၉၊ ၁၀၁၊၁၀၆၊၁၂၀၊ ၁၂၉၊ ၁၃၀၊၁၃၂၊ ၁၄၃၊ ၁၄၉၊၁၅၅၊၁၇၇၊၁၈၄၊၂၁၃၊၂၁၈၊၂၂၂၊၂၂၆၊၂၂၈၊၂၂၉၊၂၄၅၊၂၅၀၊၂၆၅၊၂၇၀၊ ၃၂၆၊၃၃၃၊ ၃၅၈၊၃၇၁၊၃၉၂၊၃၉၃၊၄၀၄၊၄၁၁၊၄၁၄၊၄၁၅၊၄၂၂၊၄၂၃၊၄၂၆၊၄၄၅၊၄၄၈၊၄၅၂၊ ၄၅၃၊ ၄၅၈၊ ၄၆၈၊ ၄၇၇၊၄၉၈၊၅၀၀၊ ၅၀၄၊၅၁၉၊၅၂၆၊၅၅၂၊၅၈၄၊၅၈၅၊၅၈၇၊၅၉၅၊၅၉၉၊၆၁၄၊၆၂၂၊၆၂၃၊ ၆၃၈၊၆၄၁၊ ၆၄၄၊ ၆၅၁၊ ၆၇၃၊ ၆၈၂၊၆၉၀၊၆၉၂၊၇၀၄၊၇၀၇၊

၂။ အရည်အချင်းစစ် ရေးဖြေအောင်မြင်သူများအား ၁၃-၃-၂၀၁၅ ရက်တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်ရာ ပြည်တွင်းအခွန်များ ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၃-၂၀၁၅ ရက် ရုံးချိန်အတွင်း အချိန်မီ သတင်းပေးပို့ရမည် ဖြစ်ပါသည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် မိတ္တူ(၁)စောင်
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့ရလက်မှတ်(မူရင်း)နှင့် မိတ္တူ(၁)စောင်
(ဂ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ဆေးထောက်ခံချက်(မူရင်း)နှင့် မိတ္တူ(၁)စောင်

၃။ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခံရန် လာရောက်သူများသည် အောက်ပါအတိုင်း ဝတ်ဆင်လာရမည်-
(က) အမျိုးသားများ လည်ကတုံးအင်္ကျီအဖြူနှင့်ပုဆိုး
(ခ) အမျိုးသမီးများ မြန်မာဆန်ဆန် ဝတ်ဆင်လာရမည်

၄။ ရေးဖြေအောင်မြင်သူများအနက်မှ [B.C.Sc,B.C.Tech,B.E(IT)]ဘွဲ့ရများသည် ကွန်ပျူတာကျွမ်းကျင်မှု (Hardwareနှင့် Software) စာတွေ့နှင့် လက်တွေ့စစ်ဆေးခြင်း ခံယူရမည်ဖြစ်၍ ကြိုတင်ပြင်ဆင်လေ့လာထားကြရန် ဖြစ်ပါသည်။

၅။ ရွေးချယ်ခံရသူများစာရင်းအား ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်/ပြည်နယ်/တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးများတွင် ကြေညာပေးသွားမည်ဖြစ်သည့်အပြင် ရွေးချယ်ခံရသူများအား လိပ်စာပါအတိုင်း "စာ/တယ်လီဖုန်း"တို့ဖြင့် ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း
မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ
ဦးသန်းမြင့်-ဒေါ်အေးအေးတို့၏သားကြီး
မောင်မျိုးမင်းဦး B.E, Electronics
Associate Engineer, United Test and Assembly Center
UTAC, Singapore
နှင့်
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်းနေ
(ဦးသန်းအောင်ဌေး)-ဒေါ်မေမေဆင့်တို့၏သမီးကြီး
မဟေမာအောင်(B.Med.Tech, Physiotherapy)
Diploma in Development Study
တို့သည် ၂၂-၂-၂၀၁၅ရက်တွင် စင်ကာပူနိုင်ငံ၌ မင်္ဂလာဧည့်ခံပွဲ ပြုလုပ်ကျင်းပပြီးစီးပြီး ဖြစ်ပါကြောင်းနှင့် မင်္ဂလာဧည့်ခံပွဲအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော သူငယ်ချင်းမိတ်သင်္ဂဟများအား အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။
နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်းဦး-မဟေမာအောင်

အများသိစေရန်အသိပေးကြေညာခြင်း
ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်(၁၅၆-က)၊ ဧရိယာစတုရန်း ပေ(၁၂၀၀)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မူရင်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် (၁)ဦးထွန်းဦး (၂)ဒေါ်ခင်မြင့်က တရားဝင်အမည်ပေါက်ပြီး အဆိုပါမြေကွက်၏ ခေါင်းရင်းဘက်အခြမ်းရှိ အကျယ်အဝန်း ပေ(၁၀×၆၀)နှင့် မြေပို ပေ(၆×၆၀)အပါအဝင်ဖြစ်သည်။ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီဂီ ၅/မြောက်၊ အိမ်အမှတ်(၁၅၆/က)ဟုခေါ်တွင်သည့် မြေကွက်ကို ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်မြင့် [၁၂/သကတ(နိုင်)၀၃၉၆၃၁]က ၅-၆-၁၉၉၀ရက်တွင် မြေကွက်ပိုင်ရှင် ဦးထွန်းဦးထံမှ ဝယ်ယူခဲ့ကာ တရားဝင်လက်ရောက်ပိုင်ဆိုင်ခဲ့သည့် မြေကွက်ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ခွဲစိတ်အမည်ပြောင်းခွင့်မရှိပါသဖြင့် ၎င်းမြေကွက်ပေါ်တွင် နေထိုင်သူများအနေဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မြင့်(ကွယ်လွန်)၏ သားသမီးများမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့လျှင် ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်လတ်(**LL.B**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၂၉)
အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

တင်ဒါခေါ်ယူခြင်း
၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)၊ ရော်ဘာပစ္စည်းစက်ရုံခွဲ(ရန်ကုန်)အတွက် အန္တရာယ်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရန် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းအမျိုး(၂၀)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၂၂-၂-၂၀၁၅ရက်မှ ၂၅-၂-၂၀၁၅ရက်အထိ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူလျှောက်ထားနိုင်ပါသည်။ အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)
ဖုန်း-၀၉-၄၃၀၀၅၈၉၅၊ ၀၉-၂၅၅၇၀၄၇၈၁
ရော်ဘာပစ္စည်းစက်ရုံခွဲ(ရန်ကုန်)၊
အမှတ်(၂၈၆)၊ နတ်စင်ပြွန်လမ်း၊ ဇ-တောင်ရပ်ကွက်၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၇၇၆၃၃၊ ၀၉-၇၃၂၁၆၆၀၄

(N.G.E.S) အင်္ဂလိပ်စာ သင်တန်း နွေရာသီ တန်းခွဲများ
- အင်္ဂလိပ်စကားပြော၊ သဒ္ဒါနှင့်အရေးအဖတ် (၄နှစ် မှ ၁၅နှစ်) (၁၆နှစ် မှ အထက်)
(English For Speaking, Listening, Reading & Grammar)+
(Essay, Letter, Diary, Portfolio & Story Writing)
- Foundation Course For IELTS
- Starters, Movers & Flyers, KET, PET & FCE - Cambridge ESOL (UK) မှ အောင်လက်မှတ်များရရှိရန်စီစဉ်သင်ကြားပေးခြင်း၊
(5%) OFF
Junction Mawtin
09-5079896,09-5005219,09-799676100

မြေကွက်ရောင်းရန်ရှိသည်
လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park အနီး
အကျယ်(၈၀' × ၈၀')၊ ဂရန်အမည်ပေါက်
မြေကွက်(၂)ကွက် ရောင်းရန်ရှိသည်
ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ (ပွဲစားမလို)
Ph- 09-25263S246

ADSL လိုင်းများအား ရေးမြို့နယ်တွင် ထပ်မံတိုးချဲ့တပ်ဆင်မည်

ရေး ဖေဖော်ဝါရီ ၂၁

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ အများပြည်သူအား လုပ်ငန်းများ အသုံးပြုရာတွင် လျင်မြန်အဆင်ပြေ ချောမွေ့စေရန်နှင့် ခရီးသွားလုပ်ငန်း များအတွက် အထောက်အကူဖြစ်စေ ရန် ရေးမြို့နယ်၌ ADSL လိုင်းများ ကို ထပ်မံတိုးချဲ့တပ်ဆင်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ADSL လိုင်းများအား ထပ်မံတိုးချဲ့ တပ်ဆင်ပေးနိုင်ရန် အတွက် ဖေဖော်ဝါရီလ မှစတင်ကာ လျှောက်လွှာများကို မြို့နယ် ဆက်သွယ်ရေးရုံးမှ လျှောက်လွှာများ ခေါ် ယူကာ မည်သူမဆို အလွယ်တကူ လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်ထားသူ ၅၀ ခန့် လာ ရောက်၍ လျှောက်လွှာများတင်ထား ကြသည်။ အဆိုပါလျှောက် လွှာတင် ထားသူအများအပြားမှာ ယခင် ADSL ၂၄ လိုင်းမှ အစိုးရ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကများအား တပ်ဆင်ပေးထားလျက်ရှိရာမှကျန်ရှိ နေသေးသော ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကများဖြစ်ပြီး ယခု ADSL လိုင်း ၂၄ လိုင်းအား ထပ်မံတိုးချဲ့ တပ်ဆင်နိုင်ရန်အတွက် စီစဉ် ဆောင်ရွက် နေလျက် ရှိကြောင်း ရေး မြို့နယ် မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေးမြို့နယ်အတွင်းရှိ မြန်မာ့ဆက် သွယ်ရေးလုပ်ငန်းမှ ADSL လိုင်း များအား တပ်ဆင်ပေးထားရှိသော် လည်း လိုင်းများအား သုံးစွဲသူအများ အပြားမှာ တစ်ခါတစ်ရံလိုင်းဆွဲအား မကောင်းသည့်အပြင် လိုင်းများကို လည်းအလွယ်တကူ သုံးစွဲနိုင်ရန် နေ ရာအကန့်အသက်များ ရှိနေသဖြင့် သုံးစွဲသူအများအပြားမှာ အခက်အခဲ များနှင့် ကြုံတွေ့နေရသည်။

တန်ဖိုးနည်း မိုဘိုင်းဖုန်းများ အချင်းချင်းချိတ်ဆက် ခေါ်ယူအသုံး ပြုရာတွင်လည်း အလွယ်တကူ ခေါ် ဆို၍မရနိုင်ခြင်းများ ရှိနေသည့် အတွက် သုံးစွဲသူအများအကြားတွင် ဝေဖန်နေကြဆဲပင် ဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်း လိုင်စင် ရထားသော အူရီဒူး နှင့် တယ်လီ နော တန်ဖိုးနည်း မိုဘိုင်းဖုန်းများ အား အများပြည်သူများလက်ဝယ် သို့ အလွယ်တကူ သုံးစွဲနိုင်ရန် အတွက် ရေးမြို့နယ်အတွင်း ဆက် သွယ်ရေးကွန်ရက် ချိတ်ဆက်နိုင်ရန် အတွက် တာဝါတိုင်အများအပြားကို မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများ ရှိ နေရာအနှံ့အပြားများတွင် စိုက်ထူ ထားပြီး သုံးစွဲသူများ လက်ဝယ်သို့ အမြန်ဆုံး ရောက်ရှိရန်ပြင်ဆင်နေ လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်း(ရေး)

ဘီးလင်း၌ အရန်သားဖွားဆရာမ သင်တန်းဆင်း

ဘီးလင်း ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဘီးလင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် ကျန်းမာရေးဦးစီးဌာန တို့ပူး ပေါင်းဖွင့်လှစ်ခဲ့သော အရန်သား ဖွားဆရာမသင်တန်း (၁/၂၀၁၄) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သထုံခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီး ကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေမိုးအေး က သင်တန်းဆင်း အမှာစကားပြော ကြားခဲ့သည်။ ဆက်လက်၍ ခရိုင် နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က ဆေး ပစ္စည်း ၂၂ မျိုးစီပါဝင်သော ဘက်စုံ သုံး ဆေးသေတ္တာ(kit) ပုံးများနှင့် သင်တန်းဆင်း လက်မှတ်များအား သင်တန်းသူများသို့ ပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းသူတစ်ဦး က ကျေးဇူးတင်စကား ပြန်လည်ပြော ကြားပြီး သင်တန်းနည်းပြဆရာမ များအား မြို့နယ် မိခင်နှင့်ကလေး အသင်းဥက္ကဋ္ဌက လက်ဆောင်ပစ္စည်း များပေးအပ်ခဲ့သည်။ အဆိုပါ သင် တန်းသို့ ဝေးလံကျေးရွာများမှ သင် တန်းသူ ၁၄ ဦးတို့က စာတွေ့ သင် ကြားခြင်း သုံးလနှင့် လက်တွေ့ဆောင် ရွက်ခြင်း သုံးလတို့ကို တက်ရောက် သင်ယူခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးများတိုက်ကျွေး

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၁

အင်းစိန်မြို့နယ်အတွင်းရှိ ကလေးငယ်များ ရောဂါဘယကင်းရှင်း ရေးကို ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှာကြားချက်နှင့် အညီ ကလေးငယ်များအား ကာကွယ်ဆေးများထိုးနှံခြင်း၊ ဗီတာမင်အေ ဆေးများနှင့် သန်ချဆေးများ တိုက်ကျွေးခြင်းတို့ကို အင်းစိန်မြို့နယ်မြို့သစ် (ဂ) ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ကျန်းမာရေးဝန်ထမ်း၊ ရပ်ကွက်ကျန်းမာရေးဆရာမများမှ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဖေဖော်ဝါရီ ၁၆ ရက်က ဆောင် ရွက်ခဲ့ကြောင်းသိရသည်။

ယင်းနေ့က အသက်ငါးနှစ်အောက်ကလေးငယ် ၁၂၅ ဦးတို့ကို ဗီတာမင် အေဆေးနှင့် သန်ချဆေးများ တိုက်ကျွေးကာ သုံးလအထက် ကိုယ်ဝန်ဆောင် ကလေးမိခင်သုံးဦးတို့ကိုလည်း သန်ချဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၆ ရက်ကလည်း အသက် တစ်နှစ်အောက် ကလေးငယ် ၇၀ ကျော် ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ပင် ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးများ ထိုးနှံခြင်းနှင့် ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေး ခြင်းတို့ကို လစဉ်ပုံမှန်ဆောင်ရွက်ကာ အင်းစိန်မြို့နယ်အတွင်းရှိ ကျန် ရပ်ကွက်များတွင်လည်း သတ်မှတ်ရက်၊ သတ်မှတ်စုရပ်နေရာများတွင်ဆေး တိုက်ကျွေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၆၈၄

ကျေးရွာလမ်း ကတ္တရာခင်းနေမှု စစ်ဆေးကြည့်ရှု

မြင်းခြံ ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး၊မြင်းခြံ မြို့နယ် သာပေါင်းကျေးရွာနှင့် တ လုပ် ကျေးရွာကိုဆက်သွယ်ထား သောလမ်းအား ကတ္တရာခင်း နေမှုကို ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့် သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးထွန်းသိန်းအောင်၊ကျေးလက် ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကံချွန်တို့က ဖေဖော်ဝါရီလတတိယ အပတ်အတွင်းက ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

ယင်းနေ့က သာပေါင်း-တလုပ် ကျေးလက်လမ်း ခင်းကျင်းနေမှုကို စစ်ဆေးကြည့်ရှုပြီး ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးတို့မှ အသုံးပြုရာတွင် ပါဝင်သော ပစ္စည်းများ အရည် အသွေးပြည့်မီရေး၊ လမ်းပခုံးသားများ ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်တို့ ကို မှာကြားခဲ့သည်။

အဆိုပါ သာပေါင်း-တလုပ် ကျေး ရွာခြင်းဆက် ကတ္တရာလမ်းသည် အရှည် ၃ မိုင် ၄ ဖာလုံရှိပြီး ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက် သော လုပ်ငန်းဖြစ်သည်။

အဆိုပါလမ်းအတွက် စုစုပေါင်း ကုန်ကျငွေကျပ် ၁၇၅ သန်း ကုန်ကျ မည်ဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဦးဇော်မင်းနိုင်(မြင်းခြံ)

စံတော်ဝင် မြေဇင်းတောရ ဓမ္မရိပ်သာ(မိုးကုတ်မြို့)၊ ကန္နီဥပနိဿယ ရက်(၆၀) တရားစခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု ရွှံ့ပန်းကြီး၊ ရွှံ့ပန်းလေးရပ်ရှိ "စံတော်ဝင် မြေဇင်းတောရ ဓမ္မရိပ်သာ"တွင် ကမ္မဋ္ဌာနာစရိယဆရာတော် ဦးမဏ္ဍလမှ ရက်(၆၀) တရားစခန်းအား (၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်) ၁၈-၄-၂၀၁၅ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ရဟန်းသံဃာတော်များမှာ ဝါတော်(၅)ဝါ အနည်းဆုံးဖြစ်ရပါမည်။

မှတ်ချက်။ ။ (နှစ်စဉ်တပို့တွဲလပြည့်ကျော် ၁ရက် အပတ်စဉ်နှင့် ကဆုန်လဆန်း(၁) ရက်အပတ်စဉ်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။)

သင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း (၁၀)ရက်တရားစခန်းရှိပါသည်။

ဖုန်း-၀၉-၄၇၁၁၇၅၇၃၊ ၀၉-၄၀၂၇၈၁၇၉၂၊ ဦးသန်းနိုင်-ဒေါ်အေးအေးဝင်း

(စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ)

ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့် ဒါယကာ၊ဒါယိကာမများ၏ (၃၀)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်း သွေးလှူဒါန်းပွဲကို မတ်လ ၁ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၈နာရီမှ မွန်းလွဲ ၂နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ဆရာ တော်နှင့်အတူလာရောက် လှူဒါန်းနိုင်ပါသည်။

သွေးလှူဒါန်းသူများ အဆင်ပြေစေရန် ၂၃-၂-၂၀၁၅ရက်မှ စတင်၍ ဖုန်း-၀၁-၃၇၂၇၅၃သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ခူပြည့် 0931815390, 0931815395

ကျိုက်ထီးရိုး(နေ့စဉ်)(ငြိမ်း)- ၃၅၀၀၀
ချောင်းသာ(နေ့စဉ်)(ငြိမ်း)- ၄၀၀၀၀
ငွေဆောင်(နေ့စဉ်)(ငြိမ်း)- ၅၀၀၀၀
မော်တင်စွန်း(သီးသန့်)- ၄၅၀၀၀ (အဝိ ဿကြာ)
အလောင်းတော်ကဿပ(သီးသန့်)- ၅၀၀၀၀၊ ရွှေစက်တော်(သီးသန့်)- ၄၀၀၀၀

နွေရာသီကျောင်းပိတ်ရက် ရုံးပိတ်ရက်များအတွက်
Promotion (6+1) FREE
ကားမျိုးစုံ စီးလုံးငှားသည်

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(20'x60')ပေါ် 2RC
(တိုက်သစ်၊ လူမနေရသေး)၊ 4BR, 2A/C အပြင်လေ့ကား၊
တစ်အိမ်လုံး ကြွေခင်း၊ ပြတင်းပေါက်ကျယ်များ၊
ဈေး၊ ကျောင်း၊ ကားဂိတ်နီး/ကား(၂)စီးရပ်ရန်ပါကင်ပါ၊
ဒဂုံမြောက်၊ (၈)ရပ်ကွက်၊ သိန်း(၁၃၀၀)
ph: 09-421038358, 09-250493210

သုံးခွမြို့နယ်တွင် ပဲတီစိမ်းဈေးနှုန်း အနိမ့်ဘက်သို့ ပြောင်းလဲ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် စိုက်ပျိုးထားသော ပဲတီစိမ်း အပင်များမှာ ရင့်မှည့်လာ၍ ဆွတ်ခူးနေပြီဖြစ်ရာ ပဲတီစိမ်းများ ဈေးကွက် အတွင်း ဝင်ရောက်လာပြီး ဖေဖော်ဝါရီ ၁၀ ရက်က တစ်တင်း (ပိဿာ ၂၀) လျှင် ကျပ် ၃၈၀၀၀ ရှိရာမှ ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ပေါက်ဈေး ကျပ် ၃၆၀၀၀ ဖြစ်သဖြင့် ဈေးနှုန်းကျဆင်းသွားကြောင်း သိရသည်။

ပဲတီစိမ်းကို မိုးစပါးရိတ်သိမ်းပြီး နွေဝင်ဘာလထဲတွင် စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် အချိန်အခါမဟုတ်မိုးကြောင့် စိုက်ပျိုးချိန်နောက်ကျခဲ့ကြောင်း၊ ပဲစိုက်ပျိုးချိန် တစ်ဦးနှင့်တစ်ဦး ကွာခြားသဖြင့် ပဲထွက်ချိန်လည်း ကွာခြားမှု ရှိကြောင်း သိရသည်။

ပဲစိုက်ပျိုးချိန်မှ ထွက်ရှိချိန်ထိ နှစ်လခွဲကြာမြင့်ပြီး ပဲစိုက်ပျိုးရန်အတွက် မြေကို စက်ဖြင့် လေးလွှာထွန်ရကြောင်း၊ လေးလွှာထွန်ယက်ခ ကျပ် ၄၀၀၀၀၊ ပဲမျိုးစေ့ အတွက် ကျပ် ၄၀၀၀၀၊ ပိုးသတ်ဆေး၊ အပင်အားဆေးနှင့် ဖျန်းခ ကျပ် ၇၀၀၀၀၊ ပဲထောင့်ခူးခ ကျပ် ၃၆၀၀၀၊ စက်ဖြင့် ပဲတောင့်ခြွေခ ကျပ် ၃၀၀၀ စုစုပေါင်း ကျပ် ၁၈၉၀၀၀ ကုန်ကျကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

ဆည်ရေသောက် ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

မတ္တရာ၊ ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် မုယင်းစပါးများစိုက်ပျိုးရာ၌ ရေဖျားသောက်တောင်သူများ ဆည်ရေ လုံလောက်စွာ ရရှိစေရန် ဆည်မြောင်းဦးစီးဌာနမှ မြေတူးစက်များဖြင့် နဲ့ငုတ် တိုမြောင်း RD 3000 မှ RD 22500 အထိ နှုန်းများဆယ်ယူပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးသိန်းမြင့်ထွန်း၊ ဆည်မြောင်း ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ နှင့်အတူ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး မုယင်းစပါးဆည်ရေသောက် လယ် ဧကများအတွက် ဆည်ရေလုံလောက်စွာ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

ရေမြောင်းအား ဆယ်ယူပြုပြင်ပြီးဖြစ်သဖြင့် ကျေးရွာအုပ်စု ၁၁ အုပ်စု၏ မုယင်းစပါးစိုက်ဧက ၂၈၇၁ ဧက အား အကျိုးပြုရေပေးဝေနိုင်ပြီး မတ္တရာ မြို့နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ် မုယင်းစပါးစိုက်ဧက ၁၀၃၈၉ ဧကကို အောင် မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်သည်။ **စိုးကျော်သူထွေး(မတ္တရာ)**

အလောင်းတော်ကဿပသို့ ဘုရားဖူးအရေအတွက် ယမန်နှစ်က ထက်လျော့နည်း

မုံရွာ ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပသို့ နှစ်စဉ်ဘုရားဖူးရာသီတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများနှင့်ဒေသန္တရ ဗဟုသုတ လေ့လာရှာမှီးသူများစွာ နေ့စဉ်လာရောက်လျက်ရှိရာ ယခုနှစ်တွင် ဘုရားဖူးဧည့်သည်များ သိသာစွာ လျော့နည်းခဲ့ကြောင်း အလောင်းတော်ကဿပ ဂေါပကအဖွဲ့မှ သိရသည်။

"အခုနှစ် ဘုရားဖူးရာသီမှာတော့ အစတုန်းကတော့ တော်တော်များများလာကြတယ်။ နှစ်လပိုင်းမှာကျတော့ စာမေးပွဲဖြေဆိုရမယ့်ရက်တွေ နီးလာတာကြောင့်ထင်တယ် မိသားစုလိုက် လာရောက်တာများတော့ ကိုယ်ပိုင်ခရီးစဉ်တွေနဲ့ လာကြတာ နည်းသွားတယ်၊ စာမေးပွဲဖြေဆိုပြီးတဲ့အချိန်ဆိုရင် တော့ပြန်များလာမယ် ထင်တယ်။ ရုံးပိတ်ရက်ဖြစ်တဲ့ စနေနဲ့ တနင်္ဂနွေရက်တွေဆို တစ်ရက်ကို ညအိပ်ဧည့်သည် ၂၀၀၀ ကျော်လောက် ရှိတယ်။ ညအိပ်လာရောက်တဲ့ ဧည့်သည် တွေ ဘုရားဖူးရာသီအတွင်းမှာတည်းခိုမှု အဆင်ပြေစေဖို့အတွက် ဂေါပကအဖွဲ့နဲ့ ကြိုဆိုနေရာချထားရေးအဖွဲ့တွေရှိတယ်၊ သူတို့ကိုသွားပြောတာနဲ့ ရေ၊ မီး၊ သန့်စင်ခန်းပါတဲ့တည်းခိုဆောင်အလုံး ၆၀ မှာ နေရာ ချထားပေးပါတယ်။ ခရီးသည် နည်းသည်ဖြစ်စေ များသည်ဖြစ်စေ ဒီနေရာကို ရောက်လာသူမှန်သမျှ တည်းခိုနေထိုင်ဖို့အတွက် ဘုန်းကြီးတို့အနေနဲ့ အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးနေပါတယ်"ဟု ကြိုဆိုနေရာချထားရေးအဖွဲ့မှ ဆရာတော်ဦးသံဝရက မိန့်ကြားသည်။

အလောင်းတော်ကဿပသို့ ဘုရားဖူးဧည့်သည် ဝင်ရောက်မှုနည်းပါးခြင်းကြောင့် အဆိုပါ ဘုရားဖူးရာသီကို အမှီပြုပြီး ရောင်းချလျက်ရှိသော ထမင်းဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ ရွှေဆိုင်းအရောင်းဆိုင်တွေ ဆေးမြစ်စုံအရောင်းဆိုင်များနှင့် အခြားဈေးဆိုင်များလည်း ဈေးရောင်းချရမှုများမရရှိသည့် အပြင် အခြားဝန်ဆောင်မှု လုပ်ငန်းများတွင်လည်း အလုပ်အကိုင်နည်းပါးလာသည့် သက်ရောက်မှုများ ရှိလာကြောင်းသိရသည်။

"ဈေးဆိုင်ခန်းတွေက ခါတိုင်းနှစ်ဒီအချိန်ဆို ဈေးတအားရောင်းကောင်းတယ်။ ဈေးဆိုင် အသေးလေး တွေတောင် တစ်ရက်ကို ငွေကျပ်တစ်သိန်းဖိုးလောက် ရောင်းရတယ်။ ဈေးဆိုင်အကြီးတွေဆို ဒါထက် ပိုရောင်းရတယ်။ အခုကျတော့ ဧည့်သည်ဝင်ရောက်မှု နည်းတဲ့အတွက် ဈေး ရောင်းလို့မကောင်းဘူး။ တစ်ခြားလုပ်ငန်းသမားတွေလည်း အရောင်းအဝယ်ပါးကြတယ်။ သုံးလပိုင်းလောက်ဆိုရင်တော့ ဧည့်သည်တွေများလာမှာပါ" ဟု အမှတ်တရ ပစ္စည်းအရောင်းဆိုင်မှ ဒေသခံဈေးသည်တစ်ဦးက ပြောသည်။

အလောင်းတော်ကဿပသို့ ယခုရက်ပိုင်းအတွင်းတစ်ရက်လျှင် လူ၆၀၀ မှ ၇၀၀ ခန့်သာရှိပြီး နေ့ချင်းပြန်လာရောက်ကြသည့် ခရီးသည်များ၍ ညအိပ်ဘုရားဖူးဧည့်သည် ဝင်ရောက်မှု နည်းပါးလျက်ရှိသည်။ ရုံးပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေရက်များတွင် ညအိပ်ဧည့်သည်များ လာရောက်လျက်ရှိကြောင်းနှင့် စာမေးပွဲများပြီးမည့် မတ်လတွင် ပြန်လည်များပြားလာနိုင်ကြောင်း ဒေသခံဈေးသည်များကလည်း သုံးသပ်သည်။ **ဖိုးချမ်း(မုံရွာ)**

အထူးကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသော MYANMAR INTERNATIONAL FURNITURE EXPO-2015 ပရိဘောဂပြပွဲ ၁၂-၂-၂၀၁၅ ရက်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ပြီးဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဦးကျော်စိုး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဦးသန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးအောင်ခင်၊ လျှပ်စစ်စွမ်းအားနှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ လူမှုရေးနှင့်ပညာရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာ့သစ်လုပ်ငန်း မှ အရာထမ်းများ၊ရန်ကုန်တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှအရာထမ်းများ၊ ညီနောင်အသင်းများမှဥက္ကဋ္ဌများ၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာစိန်ဝင်းနှင့်အမှုဆောင်များ၊ ပြပွဲတွင်ပါဝင်ပြသပေးကြသော ပရိဘောဂလုပ်ငန်းရှင်များ၊ လာရောက်ဝယ်ယူအားပေးကြသော ပရိဘောဂချစ်သူ မိတ်သစ်၊ မိတ်ဟောင်းများအားလုံးသို့ အထူးလိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း။

MYANMAR INTERNATIONAL FURNITURE EXPO-2015

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

အမြန်ရောင်းမည်

80' x 60' မြောက်ဒဂုံ
မြေကွက်ရောင်းမည်။
Ph:09-250365689,
09-791117327

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးသန်းလှိုင်-ဒေါ်မြင့်ရီတို့၏သား

မောင်သက်နိုင်စိုး (B.Sc)

M.O.T (Second Class Part B);1st Engineer Officer

ST.JOHNS Ship management Pte Ltd, Singapore

P & I General Engineer Surveyor(UK)

နှင့်

မန္တလေးမြို့၊ ချမ်းမြသာစည်မြောက်နေ ဦးခင်မောင်ဝင်း(ဗဟိုနှင့် မန္တလေးတိုင်းဒေသကြီးကော်မတီဝင်၊ တ. စ. ည)-ဒေါ်ခင်မျိုးနွယ်(ဂျွန်မင်း ရွှေချည်ထိုးလုပ်ငန်း)တို့၏ သမီး

မမျိုးမြတ်မွန် B.C.Sc (Computer Science)(Q)

Dip in Business Studies (UK)

"ပန်ထိပ်ထား" စီးကွင့်နှင့်ဘော်ကြယ်ရောင်းဝယ်ရေး

တို့၏ ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) Sedona Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော တရားလွှတ်တော်ရှေ့နေ ဦးတင်ဝင်းနှင့် ဇနီး ဒေါ်သောင်းသောင်းနု (တိုင်းအတွင်းရေးမှူး တ. စ. ည)၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်း ချီးမြှင့်ပေးပါသော ဦးမြဝင်း-ဒေါ်ခင်မေသန်း(လှကလေးစိန် ထိုးမုန့်နှင့် ရွှေတုတ်လက်ဖက်)၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးပါသော မပိုးအိကျော်၊ မင်္ဂလာလက်ထပ်လက်စွပ် ဗန်းကိုင်ဆောင်ပေးပါသော မမျိုးသီရိမွန်၊ သတို့သားအရံ မောင်အောင်သူနှင့် မောင်ကျော်မျိုးထက်၊ သတို့သမီးအရံ မခင်ချမ်းမြေ့သူနှင့် မမေသူသူထက်၊ တက်ရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သက်နိုင်စိုး-မမျိုးမြတ်မွန်

တင်ဒါပိတ်ရက်တိုးပေးကြောင်းကြေညာခြင်း

ကုန်သည်စက်မှု အသင်းချုပ်မှ ၇၄/၈၆ မြေကွက်ပေါ်တွင် ၈⅟₂ ထပ် အဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ပိတ်တင်ဒါ ခေါ်ယူခဲ့ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

၁။ မူလတင်ဒါပိတ်ရက်ကို ၂၅-၂-၂၀၁၅ရက် ညနေ ၃း၀၀နာရီဟု သတ်မှတ်ခဲ့ပါသည်။

၂။ ယခုအခါ တင်ဒါပိတ်ရက်ကို ၆-၃-၂၀၁၅ရက် ညနေ ၃း၀၀နာရီအထိအချိန်တိုး၍ ပိတ်သိမ်းမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ် အမှတ်(၂၉)မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၄၃၄၄၊ ၀၁-၂၁၄၃၄၉ထိ Ext.125,126,320 တို့ကို မေးမြန်းဆက်သွယ်နိုင်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ်

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(ဂ/၈၅)၊ မြေကွက်တည်နေရာ အမှတ် (၂၅၆)၊ စကားဝါ(၃)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးချစ်သိန်း)[၁၂/ဒပန(နိုင်)၀၃၀၅၄၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချစ်သိန်း(ဖခင်)နှင့် ဒေါ်ကလယ်မေ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်သန်းဆွေ[၁၂/ဒပန(နိုင်)၀၃၀၆၀၀]၊ ဦးသန်းစိုး[၁၂/ဒပန(နိုင်)၀၃၀၂၀၄]၊ ဒေါ်ဝင်းမြင့်[၁၂/ ဒပန(နိုင်)၀၃၀၅၄၉]၊ ဦးဇော်မင်းဟန် [၁၂/သဃက(နိုင်)၁၃၁၄၁၈]၊ ဒေါ်နီနီမြင့်[၁၂/ဒပန(နိုင်)၀၃၀၅၉၀]၊ ဒေါ်အေးမြင့်ခိုင်[၁၂/ဒပန(နိုင်)၀၃၀၅၅၀]တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၄၉၉၃/၁၃(၂၄-၁၂-၂၀၁၃)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားဆဲကာလတွင် သားတစ်ဦးဖြစ်သူ ဦးဇော်မင်းဟန် ကွယ်လွန်သဖြင့် အဆိုပါမြေကွက်မှ ဦးဇော်မင်းဟန်၏အစုအား ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်သန်းဝင်း [၁၂/သဃက(နိုင်)၁၁၁၀၀၁]မှ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၈၅၇၅/၁၄(၃-၁၂-၂၀၁၄)ချုပ်ဆိုခဲ့ပြီး ဒေါ်သန်းဆွေ၊ ဦးသန်းစိုး၊ ဒေါ်ဝင်းမြင့်၊ ဒေါ်နီနီမြင့်၊ ဒေါ်အေးမြင့်ခိုင်၊ ဒေါ်ခင်သန်းဝင်း တို့[ကိုယ်စား GP ၃၀၇၆၃/၁၄(၁၉-၁၁-၁၄)ရရှိသူ ဒေါ်မြမြတင်[၁၂/သကတ(နိုင်)၁၁၅၆၉၄]မှ ဂရန်မိတ္တူ ဆက်လက်လျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ဘဝအလှူဆင် ဓမ္မသဘင် အထူးတရားပွဲကြီး" တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ ပြည်လုံးချမ်းသာ-သာစည် ဘုရားကြီး၊ ရင်ပြင်တော်၌ မြို့သူမြို့သားများနှင့် တရားပွဲဖြစ်မြောက်ရေး အကျိုးတော်ဆောင်များစုပေါင်း၍ ဘဝအလှူဆင်ဓမ္မသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍

- ၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း(၅)ရက် ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ဒေါက်တာအရှင်အဂ္ဂဝရ(ဖြူးမဟာစည်ဆရာတော်) နိုင်ငံတော်-ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D(ဖြူး-ရန်ကုန်)
- ၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း(၆)ရက် ၂၃-၂-၂၀၁၅ရက်(တနင်္လာနေ့) ဒေါက်တာအရှင်ဉာဏိဿရ(သီတဂူဆရာတော်) D.Litt,Ph.D. အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စစ်ကိုင်းတောင်ရိုး၊ သီတဂူ ဗုဒ္ဓတက္ကသိုလ်၊

အရှင်သူမြတ်များမှ မိမိတို့၏ရခဲ့သော လူ့ဘဝကြီးကို မြတ်ဗုဒ္ဓဟောကြားညွှန်ကြား ဆုံးမတော်မူခဲ့သော ဒါန-သီလ-သမထ-ဝိပဿနာ ကုသိုလ် ဓမ္မဖြင့် အလှူဆင်နိုင်ရန်အတွက် ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄တောင်၊ မြေကွက်အမှတ်-၇၉၅၊ မြေကွက်တည်နေရာအမှတ်-၇၉၅၊ အောင်သစ္စာ(၅)လမ်း၊ ၄ တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးထွန်းရွှေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရွှေ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်နုစိန်ဦး [၁၂/သကတ(နိုင်)၀၇၈၉၅၄]မှ ဧရိယာပေ(၄၀×၆၀)ရှိသည့်အနက်မှ ဧရိယာ ပေ(၁၀×၆၀)အား ပိုင်ဆိုင်စာချုပ် အမှတ်(၄၄၇၆/၂၀၁၂)အရ ပိုင်ဆိုင်ခဲ့ပြီး၎င်းမှ အရောင်းစာချုပ်အမှတ် (၃၄၄၉/၂၀၁၃)အရ ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်နုစိန်ဦးထံမှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၂၅၈၁၅/၂၀၁၄)ရသူ ဦးစိန်ဝမ်း[၁၂/သကတ(နိုင်)၁၄၆၄၉၂]မှ ကျန်ဧရိယာ Protion ပေ (၁၀×၆၀)အား အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက် အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

airBagan
Treasure of Myanmar
HOT SALE FOR SUMMER HOLIDAY
Myanmar
Chiang Mai
USD 179
YANGON ⇌ CHIANG MAI ⇌ YANGON
Reservation
HotLine :(95-1) 504 888
www.airbagan.com
Every Thursday & Sunday

Fresko CRUNCH & WIN!
သက်တမ်း တစ်လ တိုးထားသည် !
ကျပ်သိန်းပေါင်းများစွာ တန်ဖိုးရှိအထူးကံစမ်းမဲအစီအစဉ်
ကံထူးနိုင်သောဆုမဲများ
ကျပ် ၂၅ သိန်း ဆု - (၁) ဆု
ကျပ် ၁၀ သိန်း ဆု - (၁၀) ဆု
ကျပ် ၅ သိန်း ဆု - (၃၀) ဆု
ကျပ် ၁ သိန်း ဆု - (၁၅၀) ဆု
ကျပ် ၅ သောင်း ဆု - (၅၅၀) ဆု
Samsung Keypad Phone + SIM Card - (၅၀၀) ဆု
Fresko ချစ်သူများ ကံထူးနိုင်ကြပါစေ။
✕ Fresko Wafer Sticks ဘူး များတွင်ပါရှိသည့် ကံစမ်းမဲကူပွန်များကို ဖြတ်၍ ပြည့်စုံစွာဖြည့်စွက်ပြီး ကံစမ်းရန်။
✕ ကံစမ်းမဲကူပွန်များကို စာတိုက်သေတ္တာအမှတ် (880) (သို့) နီးစပ်ရာဆိုင်ကြီးများရှိ ကံစမ်းမဲပုံးများသို့ ပေးပို့ပါရန်။
✕ ကံစမ်းမဲနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ဖြစ်ခဲ့ပါက (MMI) ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။ ✕ MMI ကုမ္ပဏီမှဝန်ထမ်းများ ပါဝင်ကံစမ်းခွင့်မရှိပါ။
✕ ၂၀၁၅၊ မေလ အတွင်း ကံစမ်းမဲဖွင့်ပွဲကျင်းပပြီး ကံထူးရှင်များနှင့် ဆုမဲထုတ်ယူရန်အစီအစဉ်များကို သတင်းစာ၊ ဂျာနယ် နှင့် www.facebook.com/myanmarmaysonindustries တို့တွင် ကြေညာပေးပါမည်။
✕ ကံစမ်းမဲကူပွန်မပါရှိသော Fresko Wafer Sticks ဘူးခွံများနှင့်လည်း ကံစမ်းနိုင်ပါသည်။ ဘူးခွံ၏ ကုမ္ပဏီအမည်နှင့် လိပ်စာပါရှိသည့် နေရာကို ဖြတ်၍ ကျောဘက်တွင် အမည်၊ ဖခင်အမည်၊ မှတ်ပုံတင်အမှတ်၊ လိပ်စာ၊ မြို့နယ်၊ ပြည်နယ်/တိုင်း၊ ဖုန်းနံပါတ် အပြည့်အစုံဖြည့်၍ ပေးပို့နိုင်ပါသည်။
၃၁-၃-၂၀၁၅ အထိ ကံစမ်းလို့ရပြီနော် !
Ph- 01-701533
01-685342
09-6807691

THE BMW 7 SERIES AND BMW 5 SERIES.

The perfect expression of elegance and power rarely comes with an irresistible offer that thrills the heart.

For a limited time, **receive exclusive deals on BMW ASEAN Summit programme cars** included 3 years Warranty and 3 years Maintenance Service package.

Enjoy preferential rates while stocks last.
BMW 7 Series - save up to USD 86,000
BMW 5 Series - save up to USD 50,000

Visit Prestige Automobiles or call +95 (1) 230 6133 to reserve your test drive today.

PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

Prestige Automobiles Co.,Ltd: #485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 **Service Hotline:** +95 (1) 2306144 **Email:** info@pac-bmw.com **Website:** www.bmwmyanmar.com **Facebook:** www.facebook.com/BMWPAC

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE CONDOMINIUM

68 Residence
We Define Lifestyle

Developed By:
UNITED GP
Development by GOLDEN PALACE

ဝမ်းမြောက်ဝမ်းသာဂုဏ်ယူခြင်းနှင့် ကျေးဇူးဥပကာရ အထူးတင်ရှိခြင်း

၂၀၁၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ(၁၅) ရက်နေ့တွင် NOVOTEL YANGON MAX HOTEL ၌ကျင်းပပြုလုပ်ခဲ့သော GALA DINNER & LUCKY DRAW PROGRAM တွင် ကံထူးရှင်များကိုဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် တစ်နက် ကြွရောက် ချီးမြှင့်အားပေးခဲ့ကြပါသော ဧည့်သည်တော်ကြီးများအားလုံးကို အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ....

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060



Special Home Buyer's Plan*

SELLING PRICE FROM USD 209 PSF

For limited period only. Call today for exclusive deal

01 526146, 01 526148
01 526170

Email : sales.cdl@cdsg.com.mm

အရောင်းပြခန်းလိပ်စာ အမှတ် ၁၁၃၊ အင်းစိန်လမ်းမ၊ လှိုင်မြို့နယ်၊ ရန်ကုန်။

*Terms and conditions apply

PROUDLY DEVELOPED BY
CDL
CAPITAL DEVELOPMENT LIMITED
QUALITY . RELIABLE . RESPONSIBLE

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)၏ ဆေးဝါးတိုးမြှင့်ထုတ်လုပ်ရေးအတွက် အဆောက်အအုံများနှင့် စက်ပစ္စည်းများ တည်ဆောက်တပ်ဆင် ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest)

စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)တွင် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ အဆောက်အအုံများနှင့် စက်ပစ္စည်းများအား တည်ဆောက်တပ်ဆင်သွားနိုင်ရေးအတွက် ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(Expression of Interest-EOI)အား စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၁၅ခုနှစ်၊ မတ်လ ၅ ရက်၊ ညနေ ၄း၀၀ နာရီ မြန်မာစံတော်ချိန်အရောက် ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(EOI) ပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ပြည့်စုံစွာ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၂၃-၂-၂၀၁၅ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာအထောက်အထား

- သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်-
- ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

(အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်-၀၆၇-၄၀၈၁၄၀၊ ၀၆၇-၄၀၈၂၇၅၊ ၀၆၇-၄၀၈၁၉၅)

(၁) နှစ်ပြည့် ဇာလာဆုတောင်းလွှာ

(၂၁-၂-၂၀၁၅) ရက်နေ့တွင် ကျရောက်သည့်

ဦးကျော်ဌွေး (မိဘဂုဏ်ကိုထွေး မန်နေဂျင်းဒါရိုက်တာ)+ဖနီးဒေါ်သူဇာအောင်(L.L.B)

တို့၏ (၁)နှစ်ပြည့် မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် တူယှဉ်မကွဲ ရွှေလက်တွဲပြီး ချစ်သော မိဘ၊ ညီအစ်ကို မောင်နှမ များနှင့်အတူ သာယာချမ်းမြေ့သော ဘဝလေးဖြတ်သန်း နိုင်ပါစေကြောင်း ယဉ်ကျေးလိမ္မာသော သားကောင်းရတနာ၊ သမီးကောင်းရတနာများနှင့် တတ်သိနားလည်ခြင်း၊ ထူးချွန်ထက်မြက်ခြင်း၊ ကျန်းမာပျော်ရွှင်ခြင်း၊ အမျိုးဘာသာ သာသနာတို့၏ အကျိုးကို ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်။

ရန်ကုန် အရောင်းခန်းမမှ မန်နေဂျာနှင့် ဝန်ထမ်းများ

နေပြည်တော် အရောင်းခန်းမမှ မန်နေဂျာနှင့် ဝန်ထမ်းများ

IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

ENGLISH Language | **AutoCAD - 3ds Max** | **VIDEO EDITING** | **Computer Basic** | **LCCI I-II**

MOBILE PHONE Software + Hardware | **DESKTOP PUBLISHING** | **Service Technician** | **GRAPHIC DESIGN**

HOT LINE - 0949290778, 395353, 253293

40% OFF

Human Resources Management Course

- Definition Of Human Resources Management
- How To Acquire & Prepare Human Resources
- How To Select & Recruit Employees
- How To Train & Develop Employees
- How To Compensate & Provide Employees Benefit
- How To Create & Maintain Organizational Performance

Enroll Now!

Starting Date - 8.3. 2015

VAC
VALUE ADDED CONSULTANCY

No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395912 ,01-395939 , 09-5102094,09-73022727

ဆရာခန့် ၏
ဝမ်းပျော့အဆီကျဆေး
အနံ့မရှိ၊ ဝမ်းမရစ် တစ်ခါစား (၂)ပြား
(မြန်မာ့ဆေးမျိုးစုံ ဆိုင်တိုင်းမှာမေး)
ဖုန်း - ၀၁ ၃၉၆၁၃၈၄၊ ၀၉ ၇၃၁ ၇၉၉၈၃

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် **ကိုထက်လွင်**[၁/ဗမန(နိုင်)၀၄၀၄၉၄]နှင့် **မဖြူနှင်းသွယ်**[၇/သဝတ(နိုင်)၀၆၉၈၆၇]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁၇-၂-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် အင်းစိန်မြို့နယ်တရားရုံး၌ (ဒု)မြို့နယ်တရားသူကြီး(၃)နှင့် နှစ်ဖက်သောမိဘရှေ့မှောက်တွင် လက်မှတ်ရေးထိုး ကွာရှင်းပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် မဖြူနှင်းသွယ်၏ ကိစ္စအဝဝသည် ကျွန်တော်နှင့် မသက်ဆိုင်တော့ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ကိုထက်လွင်[၁/ဗမန(နိုင်)၀၄၀၄၉၄]

ပျောက်ဆုံး ကျွန်တော် ဦးစိုးသီဟနိုင်[၁၂/မဘန(နိုင်)၀၇၇၁၅၈] (P.P) နံပါတ်မမှတ်မိ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၇၀၈၉၄

စာအုပ်စာပေလူ့မိတ်ဆွေ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေသစ်နှင့်ပတ်သက်၍ အကြံပြုချက်တောင်းခံခြင်း

မြန်မာနိုင်ငံတွင် လက်ရှိ ကျင့်သုံးဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေသည် ခေတ်နှင့်လိုက်လျောညီထွေရှိစေရန် Asia Development Bank (ADB)၏ အကူအညီဖြင့် အသစ်ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိရာ အင်္ဂလိပ်ဘာသာဖြင့် ထပ်မံပြင်ဆင်ရေးဆွဲပြီးဖြစ်သည့် အပိုင်း ၃နှင့် အပိုင်း ၄၊ မြန်မာဘာသာပြန်ဆိုပြီးသည့်အပိုင်း-၂နှင့် အပိုင်း-၈ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းများအား www.dica.gov.mm တွင် ဖတ်ရှုနိုင်ပါသည်။ ပြင်ဆင်ရေးဆွဲလျက်ရှိသည့် ကျန်အပိုင်းများကိုလည်း ဆက်လက်ဖော်ပြပေးမည် ဖြစ်ပါသည်။

အဆိုပါ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်မူကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုလိုသည်များရှိပါက lawreform.dica.mm@\gmail.com သို့ဖြစ်စေ၊ အောက်ပါလိပ်စာများသို့ဖြစ်စေ ပေးပို့အကြံပြုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ရန်ကုန်ရုံးချုပ်	-	အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ Fax ၀၁-၆၅၈၁၃၅
နေပြည်တော်ရုံး	-	ရုံးအမှတ်(၃၂)၊ နေပြည်တော် Fax-၀၆၇-၄၀၆၃၀၆
မန္တလေးတိုင်းဒေသကြီးရုံး	-	(၂၆×၈၄)လမ်းထောင့်၊ ဈေးချိုအရှေ့ဘက်တိုက်တန်း၊ တတိယထပ်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ရှမ်းပြည်နယ်ဦးစီးမှူးရုံး	-	အမှတ်(၁၃၉)၊ စပ်စံထွန်းလမ်း၊ ဈေးပိုင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
မွန်ပြည်နယ်ဦးစီးမှူးရုံး	-	အမှတ်(၄၀၁)၊ တိုးချဲ့ကမ်းနားလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

" နှောင့်ယှက်ခြင်းမပြုပါရန်နှင့် မဇင်မာဦး(ခ)အွမ်မေဆာလ်မာနှင့် ကိုဝင်းလှိုင်(ခ)မူဟာမ္မဒ်အစ္စမိုင်တို့သည် အစ္စလာမ်တရားဥပဒေနှင့်အညီ လင်မယားကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာချက် "

ကျွန်ုပ်၏မိတ်ဆွေ ဟာဂျီဦးရာဇီမ်၏သမီး မဇင်မာဦး(ခ)အွမ်မေဆာလ်မာ (၁၂/မဂတ(နိုင်)၀၉၄၆၀၂) အမှတ် (၁၅/၁၇)၊ ပထမထပ်၊ မြရာကုန်းလမ်း၊ သပြေကုန်း ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက် အရ " နှောင့် ယှက်ခြင်းမပြုပါရန်နှင့် မဇင်မာဦး(ခ) အွမ်မေဆာလ်မာ နှင့် ကိုဝင်းလှိုင်(ခ) မူဟာမ္မဒ်အစ္စမိုင်တို့သည် အစ္စလာမ်တရားဥပဒေနှင့်အညီ လင်မယား ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာချက် " ကို အများသိစေရန် ကြေညာအပ်ပါသည်။

ခင်ပွန်းဖြစ်သူကိုဝင်းလှိုင်(ခ) မူဟာမ္မဒ်အစ္စမိုင် (၁၀/မလမ(နိုင်)၂၄၆၇၃၅) သည် ကျွန်ုပ်မိတ်ဆွေ မဇင်မာဦး(ခ) အွမ်မေဆာလ်မာအပေါ် မိသားစုစားဝတ်နေမှုကို တာဝန်ယူမှုပျက်ကွက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာညှဉ်းပမ်းမှု၊ လက်ထိလက်ရောက်ရိုက်နှက် နှိပ်စက်မှု၊ ခြိမ်းခြောက်ခံရမှုများကို အကြိမ်ကြိမ်ပြုမူခဲ့သည့်အတွက် အစ္စလာမ်တရား ဥပဒေနှင့်အညီ လင်မယားကွာရှင်းပြတ်စဲခွင့်ပြုရန် (၇-၁၀-၂၀၁၃)ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ် (ဗဟို)၊ အစ္စလာမ်ရေးရာခုံရုံးသို့ ဖသ်ဝ်ခ်မွှသတ်အဆုံးအဖြတ်ပေးပါရန် လျှောက်ထားတောင်းဆိုခဲ့ပါကြောင်း၊ ၎င်းခုံရုံးက လျှောက်ထားသူနှင့် လျှောက်ထားသူပြသက်သေများနှင့် လျှောက်ထားခံရသူအား ခုံရုံးသမာဓိလူကြီးများ ရှေ့တွင် ကြားနာစစ်ဆေးခဲ့ပြီးနောက် ထိုခုံသမာဓိလူကြီးများက လျှောက်ထားသူ၏ တင်ပြချက်အား မှန်ကန်ကြောင်း၊ လက်ခံလျက် ထိုသို့လက်ခံပြီးချိန်မှစ၍ ခင်ပွန်းနှင့်ပြု ခဲ့သောနိကာဟ်ထိမ်းမြားမှုဖျက်သိမ်းပျက်ပြယ်စေသည့် (သွလာ:က်ဘာအင်န်) တစ်ကြိမ်အတည်ပြုပြီးလျှင် လင်မယားအဖြစ်မှအပြီးအပြတ်ကွာရှင်းခွင့်ရှိကြောင်း၊ လျှောက်ထားသူဇနီးဘက်က အစ္စလာမ်တရားတော်နှင့်အညီ ခင်ပွန်းကိုဝင်းလှိုင်(ခ) မူဟာမ္မဒ်အစ္စမိုင်နှင့် လင်မယားကွာရှင်းပြီးနောက် အစ္စလာမ်တရားတော်ကျင့်သုံးမှုအရ (အစ်ဒသ် ဆိုင်းငံ့ကာလ) တွင် မည်သည့်အမျိုးသားတစ်ဦးဦးနှင့်ဖြစ်စေ၊ နိကာဟ်မပြုပိုင်ခွင့်မရှိကြောင်း၊ လျှောက်ထားသူ မဇင်မာဦး(ခ)အွမ်မေဆာလ်မာအနေဖြင့် ကွာရှင်းပြတ်စဲမှုအတည်ပြုသည့်နေ့မှစ၍ အမျိုးသမီးတို့၏သဘာဝဓမ္မတာ (သုံးကြိမ်)ပြီးမြောက်သည်အထိ ကာလလွန်မြောက်ပြီးချိန်တွင် မိမိဆန္ဒအလျောက်အခြား အမျိုးသားတစ်ဦးဦးနှင့် နိကာဟ်ပြုထိမ်းမြား လက်ထပ်ခြင်းပြုလိုပါက ပြုပိုင်ခွင့်ရှိကြောင်းဖြင့် လင်မယားကွာရှင်းခွင့်ပြုကြောင်းကို စမ္မသတ်ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဆုံးဖြတ်ချက်အားလည်း အစ္စလာမ်ရေးရာခုံရုံးက (၉-၁၁-၂၀၁၃) ရက်စွဲပါစာအားဖြင့် လျှောက်ထားသူထံသို့ လိပ်မူပေးပို့ခဲ့ကြောင်း၊ ထို့ပြင် မင်္ဂလာတောင်ညွန့်မြို့မစခန်းမှူး၊ ၎င်းသပြေကုန်း အုပ်ချုပ်ရေးမှူးထံနှင့် ကွာရှင်းခံ ခင်ပွန်းကိုဝင်းလှိုင်(ခ) မူဟာမ္မဒ်အစ္စမိုင်တို့ထံသို့ မိတ္တူပေးပို့အကြောင်းကြားသိရှိစေခဲ့ပြီးဖြစ်ကြောင်းကို အများသိရှိစေရန်နှင့် မဇင်မာဦး(ခ) အွမ်မေဆာလ်မာအပေါ် နောက်နောင်တွင် ထိပါးနှောက်ယှက်ခြင်းမပြုပါရန် ကြေညာအပ်ပါသည်။ ထိပါးနှောင့် ယှက်ခြင်းပြုလာပါက မဇင်မာဦး(ခ) အွမ်မေဆာလ်မာမှ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူလိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ -
မဇင်မာဦး(ခ) အွမ်မေဆာလ်မာ
(၁၂/မဂတ(နိုင်)၀၉၄၆၀၂)

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးနု
အထက်တန်းရှေ့နေ (စဉ်-၇၆၆၁)

ဝမ်းနည်းကြေကွဲခြင်း

ဦးကြည်သန်း(ခ)လားလားကြီး

အသက်(၇၂)နှစ်

ငွေဇော်-ရေယာဉ်လုပ်ငန်း

အထက်မင်းလှမြို့

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာရုံလမ်း၊ အမှတ်(၃)ငါးလွှာနေ ဦးကြည်သန်း(ခ)လားလားကြီးသည် ၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကုန်တင်/တွဲဆွဲရေယာဉ်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးကြည်သန်း(ခ)လားလားကြီး

အသက်(၇၂)နှစ်

ငွေဇော်-ရေယာဉ်လုပ်ငန်း

အထက်မင်းလှမြို့

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာရုံလမ်း၊ အမှတ်(၃)ငါးလွှာနေ ဦးကြည်သန်း(ခ)လားလားကြီးသည် ၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဦးကြူခင်နှင့်ညီအစ်ကိုမောင်နှမများ
မိုးရေကြောင်းပို့ဆောင်ရေး

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမောင်မောင်လေး(ငြိမ်း)(၈၂)နှစ်

စခန်းမှူး၊ပြုပြင်ထိန်းသိမ်းရေး၊လေတပ်စခန်း(မင်္ဂလာဒုံ)

သံအမတ်ကြီး(ငြိမ်း)

ဦးလှမော်ဦး (ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန) ဒေါ်တိုးတိုးသူတို့၏ ဖခင်ကြီး ဗိုလ်မှူးကြီး မောင်မောင်လေး(ငြိမ်း)သည် ၁၆-၂-၂၀၁၅(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးထွန်းသိန်း(ညွှန်ကြားရေးမှူးချုပ်)နှင့်ဇနီးဒေါ်ငွေငွေမြင့်
အကောက်ခွန်ဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြမြ(ဖောင်ကြီး)

အသက်(၈၁)နှစ်

ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ ယနေ့ထက်တိုင် မေတ္တာကရုဏာ ကြီးမားစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ပါသော ကျေးဇူးရှင်အမေကြီး ကွယ်လွန်သွားသည့်အတွက် အစားထိုးမရနိုင်အောင် ကြီးမားသည့်ဆုံးရှုံးမှုကြီးအဖြစ် ကြေကွဲဝမ်းနည်းခံစားရပါသည်။ အမေကြီး ကောင်းသောဘုံဘဝမှ ရရှိခံစားနိုင်ပါစေ။

ဦးသူရလွင်(SB.MARINE TIME C0.,Ltd)-ဒေါ်မာလာဦး(မိုးမိုး)
သမီး-မြင့်မြတ်စန္ဒီသူ(1^{st} year IT)သန်လျင်နည်းပညာတက္ကသိုလ်
သား-ဟိန်းပြည့်စုံ(အ. လ. က-၂-ဗဟန်း)

ဦးမင်းဆွေ(ကိုကို၊ သားသား)

အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ ဦးခင်မောင်ကြည်-ဒေါ်လှမွန်တို့၏သားကြီး၊ မြစန္ဒာကြည်၏အစ်ကို ဦးမင်းဆွေသည် ၁၆-၂-၂၀၁၅ရက် နံနက် ၀၀း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄း၄၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူ ဦးမင်းဆွေအား ရည်စူး၍ ၂၂-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၉နာရီအထိ ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘူတာရုံလမ်း၊ ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတွင် ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။ ဦးမင်းဆွေ နာမကျန်းဖြစ်စဉ်က စတင်၍ ဆေးဝါးကုသပေးသော Dr ဦးထူးမောင်အုံးနှင့် ရွှေလမင်း(လမ်းမတော်)မှ ဆရာဝန်၊ ဆရာဝန်မ၊ ဆရာမအားလုံးအားလည်းကောင်း၊ ငွေအားလူအားနှင့် ကူညီစောင့်ရှောက်ပေးသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ဒဂုံ(၁)၊ 79ရပ်ဝေးရပ်နီးမှ ငယ်သူငယ်ချင်းများအားလည်းကောင်း၊ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးသူငယ်ချင်းများအားလည်းကောင်း၊ Trendzမှ လူကြီးများဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများ အားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

Dr. ကြည်ကြည်မြ(ခ)နီနီသော်

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၉-မိုင်၊ ရှမ်းရွာ(၁)လမ်း၊ အမှတ်(၂၄)နေ ဆရာကြီး ဦးဘုန်းကြွယ်(ဘာသာပြန်စာရေးဆရာ ဘုန်းကြွယ်)၏ဇနီးဖြစ်သူ Dr.ကြည်ကြည်မြသည် ၁၈-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ
(၁၉၇၀)ဆေးတက္ကသိုလ်(၂)၊ မင်္ဂလာဒုံ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမောင်မောင်လေး(ငြိမ်း)

စခန်းမှူး၊ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း(မင်္ဂလာဒုံ)

သံအမတ်ကြီး(ငြိမ်း)

မြန်မာနိုင်ငံဝေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ(ငြိမ်း)

အသက်(၈၂)နှစ်

ဦးလှမော်ဦး(ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါ်တိုးတိုးသူ၊ ဦးဘုန်းမြင့်ရွှေ(Air KBZ)၊ ဒေါ်အေးမြင့်ဦးတို့၏ဖခင်ကြီး ဗိုလ်မှူးကြီးမောင်မောင်လေး(ငြိမ်း)သည် ၁၆-၂-၂၀၁၅ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်မြင့်နှင့် BOD အဖွဲ့
KAUNG MYAT GROUP CO., LTD.

သင့်သွေးဖြင့်
အသက်ကယ်ပါ

ကွန်ဒိုတိုက်ခန်းရောင်းမည်

နှင်းဆီကွန်ဒို၊ 2MB၊ (၆)လွှာ၊ (၂၅'×၆၀')
ဗိုလ်တထောင်ဘုရားလမ်းကျယ်၊Lift24hr
သိန်း-၂၉၀၀ အကျိုးဆောင် 2% ။
Ph:09-5184874

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမောင်မောင်လေး(ငြိမ်း-စခန်းမှူး) ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း(မင်္ဂလာဒုံ)၊ သံအမတ်ကြီး၊ (ငြိမ်း)၊ ဦးလှမော်ဦး(ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားရေးမှူး ဦးစီးဌာန)၊ ဒေါ်တိုးတိုးသူတို့၏ ဖခင် ဗိုလ်မှူးကြီးမောင်မောင်လေး(ငြိမ်း)သည် ၁၆-၂-၂၀၁၅ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးငွေဦး-ဒေါ်ကြူကြူမြင့်
ရွှေချမ်းသာဒေါင်းမင်းဂေဟာ မိသားစု၊ မူဆယ်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးသူရချစ်ခိုင်(ငြိမ်း)

အသက်(၈၂)နှစ်

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)၏ ဦးစီးနာယကကြီးဖြစ်သူ ဗိုလ်မှူးသူရချစ်ခိုင်(ငြိမ်း)သည် ၁၇-၂-၂၀၁၅ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမောင်မောင်လေး(ငြိမ်း-စခန်းမှူး)၊ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း(မင်္ဂလာဒုံ)။ သံအမတ်ကြီး၊ (ငြိမ်း)၊ ဦးလှမော်ဦး(ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားရေးမှူး ဦးစီးဌာန)၊ ဒေါ်တိုးတိုးသူတို့၏ဖခင် ဗိုလ်မှူးကြီးမောင်မောင်လေး(ငြိမ်း)သည် ၁၆-၂-၂၀၁၅ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်နမ့်ခမ်းနယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်း
မူဆယ်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြိုင်မြဦး

အသက်(၈၉)နှစ်

မြန်မာနိုင်ငံ တိရိစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ ဒုတိယဥက္ကဋ္ဌ(၁)ဒေါက်တာလှလှသိန်း၏ မိခင်ကြီးသည် ၁၉-၂-၂၀၁၅ရက် ၀၅း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
(၂၀၁၃-၂၀၁၅ခုနှစ်)

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူး မောင်မောင်ကြည်(လေ)ငြိမ်း

အသက်(၇၉)နှစ်

(လေ-၁၃၅၅)

လေယာဉ်မှူးကြီး(ငြိမ်း)၊ မြန်မာ့လေကြောင်း

ဒေါက်တာသန်းဇော်မြင့်၊ ဒေါက်တာဝင်းမာတို့၏ဖခင် ဗိုလ်မှူးမောင်မောင်ကြည်သည် ၁၅-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ ဌာနမှူးများ၊ မော်ကွန်းထိန်း
လက်ထောက်မော်ကွန်းထိန်း၊ ဆရာ၊ဆရာမများနှင့် ဝန်ထမ်းများ
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြိုင်မြဦး(မြေပုံ/ကျောက်ဖြူ)

Director; Green Field Int'l Co.,Ltd

အသက်(၈၉)နှစ်

Dr လှလှသိန်း(MD-GREEN FIELD Int'l CO.,LTD)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြိုင်မြဦးသည် ၁၉-၂-၂၀၁၅ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

GREEN FIELD INT'L CO.,LTD
ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးမြင့်

အသက်(၆၇)နှစ်

လက်ထောက်မန်နေဂျာ(ငြိမ်း)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပစာပို့လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်အေးမြင့်၊ လက်ထောက်မန်နေဂျာ (ငြိမ်း)သည် ၁၉-၂-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့စာတိုက်လုပ်ငန်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းလှိုင်

အသက်(၆၂)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းသိုက်အောင်-ဒေါ်လွင်စန္ဒီကျော်၊ ဦးသော်ဇင်အောင် အုပ်ချုပ်မှုဒါရိုက်တာ-TZA ကုမ္ပဏီလီမိတက်တို့၏ ဖခင်ဦးသန်းလှိုင်သည် ၁၁-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး
Youth Force Group of Companies

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြိုင်မြဦး(မြေပုံ/ကျောက်ဖြူ)

Director; Green Field Int'l Co.,Ltd

အသက်(၈၉)နှစ်

Dr မိုးအောင်သူ(MD-MOE AH SAN TRADING CO.,LTD)-ဒေါ်ဝေဝေသိန်း (GM MOE AH SAN TRADING CO.,LTD)တို့၏အဘွား ဒေါ်ကြိုင်မြဦးသည် ၁၉-၂-၂၀၁၅ (ကြာသတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

MOE AH SAN TRADING Co.,LTD
ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမောင်မောင်ကြည်(လေ) (ငြိမ်း)

အသက်(၇၉)နှစ်

လေယာဉ်မှူးကြီး(ငြိမ်း) မြန်မာ့လေကြောင်း

ဒေါက်တာ ဦးသန်းဇော်မြင့် (ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာန)-ဒေါက်တာဝင်းမာ (တွဲဖက်ပါမောက္ခ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)တို့၏ ဖခင် ဗိုလ်မှူးမောင်မောင်ကြည် အသက်(၇၉)နှစ်သည် ၁၅-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၉း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

"ဇော်ထက်ပိုင်" အင်ဂျင်နီယာနှင့်
ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြိုင်မြဦး(မြေပုံ/ကျောက်ဖြူ)

Director; Green Field Int'l Co.,Ltd

အသက်(၈၉)နှစ်

Dr လှလှသိန်း(MD-GREEN FIELD INT`L CO.,LTD)၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြိုင်မြဦးသည် ၁၉-၂-၂၀၁၅(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

FARM SHOP နှင့် SUPER FEED
ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

မဝါဝါ

အသက်(၄၇)နှစ်

မန္တလေးမြို့ (၈၈)လမ်း၊ (၂၂-၂၃)လမ်းကြားနေ ကိုမောင်မောင်(တာရာမင်း)၏ ချစ်လှစွာသောဇနီး၊ မောင်ဝေယံမင်းခန့်၏မိခင်သည် ၁၄-၂-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားသည်ကို ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဦးကောင်းနိုင်စိုး(Deputy Managing Director)
ဒါရိုက်တာအဖွဲ့ဝင်များနှင့်
MK Distribution Co., Ltd ဝန်ထမ်းများ

ကြော်ငြာ

ဦးမောင်ခင်(မော်ကျွန်း)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၄၆)၊ မြေညီထပ်နေ (ဦးစိန်-ဒေါ်ဖွားမို)တို့၏သားကြီး၊ (ဒေါ်ခင်စု) ဒေါ်ခင်စိန်၏ခင်ပွန်း၊ ဦးမင်းနိုင်ဦး-ဒေါ်ငွေငွေ၊ ဦးမင်းနိုင်လတ်-ဒေါ်သန္တာ၊ ဦးမင်းနန္ဒာသူ-ဒေါ်ခင်စိုးဝင်း၊ ဦးမျိုးကျော်-ဒေါ်ရီရီ မွန်၊ (ဦးကျော်ဦး)-ဒေါ်နီနီမွန်တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၀-၂-၂၀၁၅(သောကြာနေ့) နံနက် ၃း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ဘီ(ဖီးဖီး) (၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၅၃)၊ ခြောက်လွှာ(ဝဲ)နေ (ဦးခန့်ကြီး- ဒေါ်ဖိုးရှမ်း)တို့၏ သမီး၊ (ဦးဟွီးဟုတ်စိန်-ဒေါ်ရီရွှေလန်)တို့၏ သမီးချွေးမ၊ (ဦးသာလှ၊ Unity Shipping Co., Ltd)၏ဇနီး၊ ဦးတင်လှ(St. John Shipping Co., Ltd)-ဒေါ်မာလာနွယ်၊ ဦးစိန်လှ (Blue Planet Shipping Co., Ltd)- ဒေါ်ကေသီထွန်းတို့၏မွေးသမိခင်၊ ကိုထက်ကောင်းဇန် (Marine Future Shipping Co., Ltd)၊ ဆုရွက်ဝေ၊ မောင်ခန့်ညားလင်းတို့၏ အဘွားသည် ၂၀-၂-၂၀၁၅ (သောကြာနေ့) ညနေ ၅း၀၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရားရဟန်း၊ကျောင်းဒါယကာကြီး
ဦးတူးကြီး (၇၇)နှစ်
မိုးကုတ်ယောဂီ၊ ကမာရွတ်
ကုန်သွယ်/လယ်ယာ(ငြိမ်း)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြကန်သာအိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၆)နေ (ဦးချင်းချောင်း-ဒေါ်ဖွားမျှင်)တို့၏သား၊ ဦးသိန်းဇော်-ဒေါ်ကျင်အုန်းတို့၏ ညီ၊ ဦးကြီးမြင့်-(ဒေါ်တင်တင်ဝင်း)၊ ဦးရွှေဘော်-ဒေါ်ပို့ပို့၊ (ဦးစောထွန်းလှ)-ဒေါ်ကျင်ကျင်လှ၊ ဦးမြဝင်း-ဒေါ်ကျင်ကျင်ထွေးတို့၏ အစ်ကို၊ တူ/တူမ ၁၇ ယောက်တို့၏ဘကြီး/ဦးလေး၊ မြေး ၁၆ ယောက်တို့၏အဘိုး၊ ဒေါ်ခင်ဆွေမြင့်၏ ခင်ပွန်း ဦးတူးကြီးသည်၂၀-၂-၂၀၁၅ (သောကြာနေ့) ည ၈း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၁၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Rev. Dr. စောဒယ်နီရယ်ထူး
အသက်(၇၇)နှစ်
သင်းအုပ်ဆရာ
တောင်သူကုန်းကရင်နှစ်ခြင်းအသင်းတော်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တောင်သူကုန်းဘုရားကျောင်းဝင်းနေ (သိက္ခာရ ဆရာတော် စောထူး-နော်မဲဂီ)တို့၏ သားကြီး၊ သိက္ခာရ ဆရာတော် စောစယ်မြူရယ်ထူး-နော်ထွေးတင်၊ နော်အက်စတာထူး-စောစေးလယ်၊ စောမိုးဇက်ထူး-နော်ဂျိုးဖိုး၊ စောဂျိုးဇက်ထူး-နော်ဟယ်လီနာထူးတို့၏ချစ်လှစွာသောအစ်ကိုကြီး၊ တူ ၁၆ ယောက်၊ တူမ ခြောက်ယောက်တို့၏ ချစ်လှစွာသောဦးလေးသည် ၁၉-၂-၂၀၁၅ရက် ညနေ ၄း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၂-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် တောင်သူကုန်းကရင်နှစ်ခြင်း ဗိမာန်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိ၏သားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးကြူဘိန်း
အသက်(၉၃)နှစ်

ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးကျော်သိန်း-ဒေါ်ကြည်)၊ သထုံမြို့နေ (ဦးခွမ်ဘိ)-ဒေါ်ကောက်ပို့၊ ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်နေ (ဦးခိတ်ရှုး-ဒေါ်လေးမြင့်)၊ (ဦးကျင်မွှေး-ဒေါ်အိုက်တီ)၊ ဦးခိတ်တီ-(ဒေါ်အုန်းရီ)တို့၏ အစ်ကို၊ (ဒေါ်ရင်စန်း)၊ ကိုကျော်ဆွေ-မချိုပြုံး(ဂင်္ဂါနဒီစာပေ၊ တောင်ကြီး)၊ ကိုဖိုးတုတ်(ခ) ထွန်းလှ (ဖိုးတုတ်စာပေ၊ ရန်ကုန်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုး၊ (ဒေါ်ကွမ်းတီ) (ဒေါ်ထားကျင်)တို့၏ ခင်ပွန်းသည် ၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၅ (သောကြာနေ့)တွင် တရုတ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၅ (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်၊ သီတာလမ်း၊ ဈေးကြီးရှေ့နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်ဟို(စက်လှေ)
မော်လမြိုင်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆) လမ်း၊ တိုက်အမှတ် (၅၁/ဘီ)၊ ပထမထပ်နေ (ဦးရှည်-ဒေါ်ငွေကြည်)တို့၏သား၊ ဒေါ်ရင်ရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်နိုင်ဦး)-ဒေါ်သန်းသန်းဝေ၊ ဒေါ်အေးအေးမော်၊ (ဦးကျော်ဇောနိုင်)၊ ဦးဝင်းနိုင်-ဒေါ်ရှားရှား၊ ဦးကျော်ကျော် ၊ ဒေါ်နှင်းယုနိုင်-ဦးစိုးမိုးလတ်၊ (ဦးစိုးမင်း)၊ ဦးမင်းချစ်ထွေး-ဒေါ်ချောစုတို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၀-၂-၂၀၁၅ (သောကြာနေ့) ည ၁၀း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [၂၆-၂-၂၀၁၅(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်တင်(ခ)
ချွာကာတင်း (၇၆)နှစ်
1965-66-Batch-Yangon University:Chemistry

(သာမာဓိမြို့ဝန် ဦးဘေ-ဒေါ်မေ)တို့၏မြေး၊ [ဦးသန်းမြင့်(ခ)ချွာဆိုက်ယား-ဒေါ်တီ]တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊အလံပြဘုရားလမ်းမ၊ အမှတ် (၃၄)နေ ဒေါ်တင်မေရီ(ခ) လောက်စူးချွာလေယုံ၊ ဦးကျင်စိန်(ခ) ချွာကာတိတ်၊ ဦးကျော်ဝင်းစိန်(ခ) ချွာကာဟုန်-ဒေါ်မျိုးမျိုးနိုင်၊ ဦးဖေသန်း(ခ)ချွာကာလန်-ဒေါ်ပွင့်ဖြူ၊ ဒေါ်တင်တင်ဝင်း(ခ)ချွာလေဟုန်-ဦးစိုးလင်း၊ ဒေါ်ဆောင်းနှင်းဖြူ(ခ)ချွာလေစိန်း၊ ဦးကြွခိုင်၊ ဦးစိန်အေးတို့၏ မောင်/ညီ/အစ်ကို၊ တူ/တူမ၊ မြေးများ၏ ဘကြီး အမှတ် (၄၇)၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးမောင်မောင်တင်(ခ)ချွာကာတင်းသည် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ဗဟန်းမြို့နယ် ကွမ်းရင်စန်းဘုရားကျောင်း၌ အရိုးပြာအိုးထားရှိပါမည်။ (လသာမြို့နယ် ဆေးရုံကြီး ရင်ခွဲရုံနေရာမှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [၂၆-၂-၂၀၁၅(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးခင်ရှိန် (၇၈)နှစ်

ဟင်္သာတမြို့နယ်၊ ငါးဖယ်တူကျေးရွာနေ (ဦးနီ-ဒေါ်သိန်းမြ)တို့၏သား၊ (ဒေါ်တင်အေး)၏ခင်ပွန်း၊ တောင်ဒဂုံမြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေပြည်စိုးလမ်းနေ (ဦးချစ်နောင်)-ဒေါ်ခင်စန်းတင့်၊ မြောက်/ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ ပြည်သာယာ (၂)လမ်းနေ ဗိုလ်မှူးခင်မောင်ထွန်း(ငြိမ်း) (W.EG Co., Ltd)-ဒေါ်ချိုချိုတို့၏ဖခင်၊ မောင်ဇာနည်ထွန်း၊ မချိုစင်သူ၊ မောင်ဖြိုးသွေး၊ မသော်တာမြတ်တို့၏အဘိုးသည် ၁၉-၂-၂၀၁၅(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄)မှ သူငယ်ချင်းများ

အနိစ္စ

ဒေါ်ကျင်ဖွား(ကျောင်းကုန်း)
အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်း မြို့၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးယုကီ)၏ဇနီး၊ (ဦးငွေဝင်း-ဒေါ်ခင်ခင်သီ)၊ ဦးပြုံးချို-ဒေါ်ချိုလေး၊ ဦးမောင်မောင်ကြီး-ဒေါ်မိမိ၊ ဦးဉာဏ်လင်း-ဒေါ်အပြုံး၊ ဦးကျော်မင်း-ဒေါ်မြမြငွေ၊ (ဦးထွန်းအုပ်)-ဒေါ်ခင်စန်းမော်တို့၏ မွေးသမိခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်ကျင်ဖွားသည် ၂၁-၂-၂၀၁၅(စနေနေ့) မွန်းလွဲ ၁၂း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ပုဇွန်တောင်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၁၉)၊ လေးလွှာ နေအိမ်မှ ကား များ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်း၊ကျောင်းဒါယကာကြီး
ဦးတူးကြီး (၇၇)နှစ်
မိုးကုတ်ယောဂီ၊ ကမာရွတ်
ကုန်သွယ်/လယ်ယာ(ငြိမ်း)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြကန်သာအိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၆)နေ (ဦးချင်းချောင်း-ဒေါ်ဖွား မျှင်)တို့၏သား၊ ဒေါ်ခင်ဆွေမြင့်၏ခင်ပွန်း၊ ဦးခင်ဇော် (စက်ရုံမှူး၊ မြန်မာ့သတ္တုကျင်းလုပ်ငန်း)-ဒေါ်သင်းသင်းဟန်၊ ဦးတင်အောင်ထွန်း-ဒေါ်ဇင်မာလွင်၊ ဒေါ်နှင်းယုဆွေ၊ ဒေါ်ကေသွယ်ခိုင်၊ ဦးညီညီဇော်ထက်-ဒေါ်ဝါရွှေသွယ်၊ ဒေါ်ဆုစန္ဒီထွေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မမေဇော်၊ မောင်သက်ထက်ဇော်၊ မောင်ကောင်းထက်ဖုန်း၊ မောင်ရဲမြန်မာဦး၊ မောင်ဖြိုးသူရကျော်တို့၏အဘိုး ဦးတူးကြီးသည် ၂၀-၂-၂၀၁၅(သောကြာနေ့) ည ၈း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီ တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်း၊ကျောင်းဒါယကာကြီး
ဦးရဲမြင့် (၆၁)နှစ်
(ကျိုက်မရောမြို့နယ်အသင်းဥက္ကဋ္ဌ)
B.Sc(Chem)
မော်လမြိုင်တက္ကသိုလ်(၁၉၇၂-၇၈)

မော်လမြိုင်မြို့နေ ဦးလှအောင်-ဒေါ်တင်ပု တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်ကို)-ဒေါ်ခင်ပုတို့၏ သားသမက်၊ အမှတ်(၂၀၇)၊ နေကြာလမ်းမ (၂)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ခင်မျိုးဝေ၏ခင်ပွန်း၊ (မောင်သန့်စင်)၊ ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့နေ Kaku Leopoldseder-မဖြိုးဖြိုးစုတို့၏ဖခင်၊ ဦးခင်မောင်ထွန်း-ဒေါ်စန်းမြင့်ဝေ၊ ဒေါ်ဝင်းဝင်းနုတို့၏ ညီ/မောင်၊ (ဦးတင်ယု)-ဒေါ်အေးအေးရီ၊ ဦးမြင့်ဆန်း-ဒေါက်တာ အေးအေးချစ်၊ ဦးဝင်းသိန်း-ဒေါ်မြင့်မြင့်ဝေ၊ ဦးညီညီလွင်-ဒေါ်မြင့်မြင့်အေး၊ ဦးအောင်လင်းထွဋ်-ဒေါ်တင်လေးနွယ်၊ ဦးရန်နိုင်တို့၏အစ်ကို ဦးရဲမြင့်သည် ၂၁-၂-၂၀၁၅ (စနေနေ့) နံနက် ၁း၂၅နာရီတွင် ဝိတိုရိယ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။(ပုလဲမြို့သစ် နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လှလှလွင်(M.A English)
အသက်(၅၁)နှစ်
ကထိက(ငြိမ်း)၊ အင်္ဂလိပ်စာဌာန
နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (၈၇)လမ်း၊ အမှတ်(၁၂)၊ ငါးလွှာနေ [ဦးစံသိန်း(တိုင်းပို့ဆောင်ရေးမန်နေဂျာ၊ မီးရထား-ငြိမ်း)-ဒေါ်ကျင်လှ]တို့၏သမီး၊ ဦးမြင့်ဦးသိန်း (Ocean Tankers Pte.,Ltd)၊ ဦးကျော်စွာဝင့်-ဒေါ်ရီရီလွင်(ဦးစီးအရာရှိ ဗဟိုစာရင်းအင်းအဖွဲ့ C.S.O၊ နေပြည်တော်)၊ ဦးရဲလွင်-ဒေါ်ဂျူးလီတို့၏ညီမ၊ ဦးလေးလွင်၊ (ဦးတင့်လွင်)တို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၂၀-၂-၂၀၁၅(သောကြာနေ့) နံနက် ၃း၄၅ နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု

ဒေါ်တင်တင်
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅၇၃)၊ ပြည်လမ်းနေ [ဦးသန်းမောင်-ဒေါ်မာမာ (ကြက်ဆင်ဖဲထီး)]တို့၏ညီမ၊ (ဦးကြိုင်)၏ဇနီး၊ ဦးမောင်မောင်ဘုန်းမြင့်-ဒေါ်ဦးခင်၊ ဦးအောင်ကျော်မို-ဒေါ်စန္ဒာသန်း၊ ဦးကြည်မင်းသိန်း (City FM)-ဒေါ်သီတာသန်း၊ (ဦးတင်ထွန်းအောင်) -ဒေါ်ဝင်းဝင်းချိုတို့၏ မွေးသမိခင်၊ ဦးမျိုးသူအောင်-ဒေါ်သန့်စင်မိုး၊ ဦးလှိုင်ညွှန့်-(ဒေါ်မျိုးမြတ်မိုး)၊ ကိုရန်နိုင်မိုး-မမျိုးမျိုးသင်း၊ ကိုနိုင်ဗိုလ်ဗိုလ်ထွဋ်၊ ကိုခိုင်ဇော်ထွန်း၊ မအိစုစုဇွန်၊ မခိုင်စုသွယ်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၂-၂၀၁၅ (စနေနေ့) နံနက် ၁း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောလှ(ခ)ချွာခင်ဟာ (၈၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၈၅)၊ (၁၃)လမ်းနေ (ဦးခွ-ဒေါ်မြိုင်)တို့၏သမီး၊ (ဦးစိန်ယု-ဒေါ်ကျင်ကြူး)တို့၏သမီးချွေးမ၊ ဦးရွှေကြိုင်၏ ချစ်လှစွာသောဇနီး၊ ဦးကြည်ဝင်း၊ (ဒေါ်တင်တင်ဝင်း)တို့၏ညီမ၊ ဦးစောလှိုင်-ဒေါ်ကြင်ကြင်အေး၊ ဦးထွန်းကြည်-ဒေါ်ဒေါ်လီ၊ ဦးဝေလင်း-ဒေါ်ခင်စောယု၊ ဦးဇော်ဝင်း-ဒေါ်စောဝါတို့၏အစ်မသည် ၂၀-၂-၂၀၁၅(သောကြာနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးတင့်(ဟင်္သာတ) အသက်(၈၀)

ဟင်္သာတမြို့၊ ဂုဏ်ရွှေဆိုင်နေ (ဦးဘထွန်း-ဒေါ်မမလေး)တို့၏သမီး၊ (အယ်ဒီတာဆရာကြီးဦးပု-ဒေါ်အုန်းစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ (ဦးသန်းမောင်)-ဒေါ်ခင်မြ၊ ဟင်္သာတမြို့နေ (ဦးတင်)-ဒေါ်သန်းမြင့်၊ (ဦးမောင်မောင်ကြည်-ဒေါ်တင်တင်)တို့၏ညီမ၊ ရန်ကုန်မြို့နေ(ဦးကြည်မြင့်)-ဒေါ်ထွေးထွေးဝင်း (အောင်ချမ်းသာ+အောင်သုခပုံနှိပ်နှင့် စက္ကူရောင်းဝယ်ရေး)၊ ဟင်္သာတမြို့နေ ဦးထွန်းလှိုင်-ဒေါ်လှလှနွဲ့တို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း(အောက်ဘလောက်)၊ အမှတ်(၃၄/၃၆)နေ ဦးသန်းဆွေ(သ/မ-ငြိမ်း)၏ဇနီး ဒေါ်အေးတင့်သည် ၁၇-၂-၂၀၁၅(အင်္ဂါနေ့) ည ၉း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [၂၃-၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ရက်လည် ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းမြင့် (၇၆)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ စာစင်ရပ်နေ (ဦးချစ်ရင်-ဒေါ်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၅)လမ်း၊ အမှတ်(၂၆၈)နေ ဦးညီညီအောင် (2nd Engineer,Dong Jin Shipping Co., Ltd)-ဒေါ်ဝင်းဝင်းသန့်(အလက-၄၊ မ/ဥ)၊ ဦးဗိုလ်ဝင်း (Bosum-Amas Shipping Co., Ltd)-ဒေါ်ဝင်းချိုချို၊ ဦးကျော်စွာဝင်း (2nd Engineer,Lizstar Shipping Co., Ltd)-ဒေါ်စောမြတ်မြတ်မိုး၊ (ဦးတေဇာဝင်း)၊ ဦးမင်းသူဝင်း(မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန)-ဒေါ်ဇင်မျိုးသူ၊ ဦးအောင်မြင်သူ (မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ MFTB)-ဒေါ်အိမွန်လတ် (မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မနှင်းသက်ရတနာဦး (JE,Fortunen Internation Co., Ltd)၊ မောင်ကောင်းမြတ်ကျော် (JE, Asia World Co.,Ltd)၊ မောင်အောင်ဆက်ပိုင်၊ မသီရိရွှန်းလဲ့၊ မောင်အောင်ကျော်မိုး၊ မောင်မင်းသုတထွန်း၊ မရွှေမုံကြတို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ ဦးသိန်းဝင်း [အရာခံဗိုလ်(ငြိမ်း)-တပ်မတော်(လေ)]၏ ချစ်လှစွာသောဇနီးသည် ၂၀-၂-၂၀၁၅ (သောကြာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဖွား(ခ)တီကေကွမ်
အသက်(၈၈)နှစ်

(ဦးထန်ရုံခင်-ဒေါ်ရှုရင်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆) ရပ်ကွက်၊ အမှတ်(၁၃၅)၊ မြေညီထပ်၊ (၂၂)လမ်းနေ [ဦးကျင်စိုး(ခ)ကွိချိချောင်]၏ဇနီး၊ ဒေါ်ခင်စန်းညွန့်၊ (ဒေါက်တာကျော်နီစိုး)-ဒေါ်ဒေစီ၊ ဦးစိုးတင့်-ဒေါ်စန်းသီတာ၊ ဒေါ်ခင်ခင်ထွေးတို့၏မွေးသမိခင်၊ မောင်အောင်မျိုးမြတ်၊ မောင်သီဟစိုး၊ မောင်သက်ပိုင်လင်း၊ ကေ့ပင်းရှုန်း၊ ကေ့ပင်းဟုန်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၀-၂-၂၀၁၅ (သောကြာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မောင်မြတ်သူ (ဝါးခယ်မ)
အသက်(၂၅)နှစ်

မအူပင်မြို့၊ အမှတ်(၁၁)၊ ပတ္တမြားသိင်္ဂီလမ်း၊ (၁၁)ရပ်ကွက်နေ (ဦးကျော်တင့်)-ဒေါ်နှင်းနွယ်အောင်တို့၏ သားထွေး၊ (ကိုမျိုးသက်နိုင်)၊ ကိုဖြိုးသက်ထွန်း-မမျိုးမမဆွေ (ဟေမာန်ဦးလက်ဖက်ရည်ဆိုင်)၊ ကိုဖြိုးထွဋ်အောင်(ခ)ကိုအောင်အောင်၊ ကိုထွန်းအောင်ကျော်တို့၏ညီ မောင်မြတ်သူသည် ၂၀-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် မအူပင်မြို့ မအူပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၅(ကြာသပတေးနေ့) နံနက်ပိုင်း တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်သန်းမြင့်(စစ်ကိုင်း)
အသက်(၆၉)နှစ်

စစ်ကိုင်းမြို့နေ (ဦးညို-ဒေါ်ပု)တို့၏ သမီး၊ဒေါက်တာတင်မောင်လှ(ပါမောက္ခချုပ်၊ မန္တလေးအဝေးသင်တက္ကသိုလ်)-ဒေါ်တင်တင်မြိုင်၊ (ဦးခင်မောင်လတ်)-ဒေါ်ဝင်းဝင်းငွေ၊ ဦးအေးမင်းစိုး-ဒေါ်တင်မိုးခိုင်တို့၏ မိခင်၊ အမှတ်(၃၂)၊ ခြောက်လွှာ၊ (၁၄၇)လမ်း၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးတင်လှ(မြန်မာ့မီးရထား-ငြိမ်း)၏ဇနီး ဒေါ်ခင်သန်းမြင့်သည် ၂၀-၂-၂၀၁၅ (သောကြာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှလှလွင် (၅၁)နှစ်
(M.A English)
ကထိက(ငြိမ်း)၊ အင်္ဂလိပ်စာဌာန
နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (၈၇)လမ်း၊ အမှတ်(၁၂)၊ ငါးလွှာနေ [ဦးစံသိန်း(တိုင်းပို့ဆောင်ရေးမန်နေဂျာ၊ မီးရထား-ငြိမ်း)-ဒေါ်ကျင်လှတို့သမီး၊ (ဦးစံရင်-ဒေါ်မြ)တို့၏သမီးချွေးမ၊ ဦးသောင်းမြင့်-ဒေါ်နုနုယဉ်၊ ဦးမြင့်စိန်-ဒေါ်မူမူဝင်းတို့၏ ညီမ၊ မောင်မျိုးမင်းအောင်၊ မောင်ညီညီမင်းထွန်း(ပထမနှစ်၊ MC, GTC၊ သန်လျင်)တို့၏ မိခင်၊ ဦးစောလှ(ခ) ဦးဖိုးချို၏ ချစ်လှစွာသောဇနီးသည် ၂၀-၂-၂၀၁၅ (သောကြာနေ့) နံနက်၃း၄၅ နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွာ ပါသဖြင့် ၂၂-၂-၂၀၁၅(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဒေါက်တာအရှင်ဝိသာရဒ
(သာသနဓဇဓမ္မာစရိယ၊ မဟာကျော်၊ သာသနာ တက္ကသီလ မဟာဓမ္မာစရိယ) အာဒိကမ္မိက
Ph.D, M.A (Buddhism)
ရွှေကျင်ပြုသာဒ်ကျောင်းတိုက် (ဖျာပုံမြို့ အောက်ကွင်းကျေးရွာ)
သိက္ခာတော်(၄၂)ဝါ၊ သက်တော်(၆၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အောက်ကွင်းကျေးရွာ၊ ရွှေကျင်ပြုသာဒ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဒေါက်တာအရှင်ဝိသာရဒသည် (၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်) ၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့တွင် အန္တိမအဂ္ဂိစျာပန သဂြိုဟ်ပူဇော်ပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြကြည်(ပေါင်းတလည်) (၈၉)နှစ်

ပြည်ခရိုင်၊ ပေါင်းတလည်မြို့နေ(ဦးမောင်တင်-ဒေါ်မြလေး)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးဖိုးခ-ဒေါ်မိလေး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ်(၂၇/ခ)နေ ဦးသိန်းညွှန့်၏ဇနီး၊ (ဦးမောင်မောင်ထွန်း)-ဒေါ်ခင်လေးကြည်၊ ဦးဇေယျ-ဒေါ်နှင်းဆီ၊ ဦးသီဟ-ဒေါ်တိုးတိုးရီ၊ ဒေါက်တာရှိန်မြင့်-ဒေါ်မာလာညွန့်၊ (ဒေါ်သီင်္ဂီညွှန့်)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား ဒေါ်မြကြည်သည် ၂၁-၂-၂၀၁၅ရက် နံနက် ၀၀း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၁၅ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၅ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောလှ(ခ)ချွာခင်ဟာ (၈၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၈၅)၊ (၁၃)လမ်းနေ (ဦးခွ-ဒေါ်မြိုင်)တို့၏သမီး၊ (ဦးစိန်ယု-ဒေါ်ကျင်ကြူး)တို့၏သမီးချွေးမ၊ ဦးရွှေကြိုင်၏ ချစ်လှစွာသောဇနီး၊ ဦးလှထွန်း-ဒေါ်မိုးမိုးကျော်၊ ဒေါက်တာတင်ထွန်း-ဒေါ်မြင့်မြင့်ထွေး၊ ဦးလောပ-ဒေါက်တာတင်တင်ကြည်၊ ဦးကျော်ကျော်-ဒေါ်ခင်လေးနွယ်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကား နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်စိန်(သံတွဲ-ကင်းမော်) (၈၁)နှစ်
ကျောင်းဆရာ(ငြိမ်း)

သံတွဲမြို့၊ ကင်းမော်ရွာ၊ သီတာလမ်းနေ(ဒေါ်လှကြည်)၏ခင်ပွန်း၊ ဗိုလ်မှူးချုပ်ငွေနိုင် (တပ်မတော်-ရေ)-ဒေါ်ဥမ္မာမြင့်၊ (ဦးဇော်ငွေ)၊ ဦးဇော်ထွန်းအောင် (အလပြ-ဖောင်တော်ပြင်၊ ဘူးသီးတောင်မြို့နယ်)-ဒေါ်မူမူခိုင် (အလပြ-ကင်းမော်)၊ [တသ/၈၆ဇော်နိုင်ဦး-တပ်မတော်(ရေ)]၊ ဦးကျော်နိုင်-ဒေါ်ရီရီခိုင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၀-၂-၂၀၁၅(သောကြာနေ့) ည ၇နာရီတွင် သံတွဲမြို့၊ ကင်းမော်ရွာ၊ သီတာလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကင်းမော်ရွာသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း မယ်တော်ကြီး
ဒေါ်သိန်းကြည် အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၂၃၀)နေ (ရဲမှူးကြီးမျိုးသန့်-ငြိမ်း)၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်ခင်မျိုးဦး (အာမခံ-ငြိမ်း)၊ ဗိုလ်ကြီးဝင်းမျိုး(ငြိမ်း)-ဒေါ်မြင့်မြင့်သန်း၊ (ဦးယဉ်ချို)-ဒေါ်သင်းသင်း၊ ဒေါ်ခင်ဇင်ခိုင်(လ/ထညွှန်မှူး၊ ပြည်သူ့အင်အားဦးစီးဌာန)၊ ဦးခင်မောင်ထွန်း-ဒုရဲအုပ်စုစုမျိုး(ငြိမ်း)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၁-၂-၂၀၁၅ (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၅ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ကျိုက်ထီးရိုးရသေ့တောင်မယ်တော်ကြီး
ဒေါ်ခင်တင့် (၇၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)အနောက်ရပ်ကွက်၊ အမှတ်(၆၅)၊ ဇမ္ဗူသီရိအနောက် (၂)လမ်းနေ (ဦးထွန်းစိန်-ဒေါ်သိန်းညွန့်)တို့၏သမီး၊ ဦးလှကြည်-ဒေါ်တင်တင်နု၊ ဦးမြင့်စိုး-ဒေါ်ခင်ခင်အေးတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၅ (သောကြာနေ့) ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၅(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မာမာအောင် (၅၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်း၊ ငွေကြွယ်(က)ရပ်ကွက်၊ ပုညဝတ္တနလမ်း၊ အမှတ် (၆)၊ ငါးလွှာ(အေ)နေ (ဦးဖေအောင်)-ဒေါ်အုန်းကြည်တို့၏ သမီးကြီး၊ ဒါရိုက်တာ(ဦးစန်းအောင်-မောင့်မူပိုင်ရှင်)-ဒေါ်အေးအေးချစ်စိုးတို့၏ ညီမ၊ ဦးထွန်းအောင်(ရွှေစူပါလိုက်ကူပွန်ဏီ)-ဒေါ်စန္ဒာဇော်(ထ/၂၊ တာမွေ)၊ ဦးစောအောင်-ဒေါ်ခင်ခင်အေး၊ ဦးတင်အောင်ထွန်း(MRTV)-ဒေါ်စန္ဒာအောင်(MITV)၊ မမျိုးသူဇာအောင်(ခ)မဖြူ(ရွှေစူပါလိုက်ကူပွန်ဏီ)တို့၏အစ်မ၊ ဦးလှရွှေ၏ ချစ်လှစွာသောဇနီး၊ မောင်ငြိမ်းစည်သူ၊ မမြတ်သဲချို (Grade-XI၊ ထ/၂၊ တာမွေ)တို့၏ ချစ်လှစွာသောမိခင်သည် ၂၁-၂-၂၀၁၅(စနေနေ့) နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၅(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဆူဆူပူပူဖြစ်နေရင်တော့ ကျွန်တော်တို့တိုင်းပြည်အတွက် အခွင့်အလမ်းတွေ ဆုံးရှုံးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် မိဘပြည်သူများအားလုံးက တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများဖြစ်စေရန် အစွမ်းကုန်ကြိုးစား

နေပြည်တော် ဖေဖော်ဝါရီ ၂၁

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများက အားကစားရုံအတွင်း ချီတက်နေရာယူပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်အလံကို ပြိုင်ပွဲကွင်းအတွင်းသို့ သယ်ဆောင်ကာ သတ်မှတ်နေရာ၌ လွှင့်တင်သည်။

အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားအဆင့်အတန်း တိုးတက်မြင့်မားပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေး၊ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရာတွင် နိုင်ငံ့ကိုယ်စားပြု အားကစားသမားရွေးချယ်မှု၌ အထောက်အကူဖြစ်စေပြီး အောင်မြင်မှုရရှိစေရေး၊ အဆင့်မီ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသောလူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ယှဉ်ပြိုင်ခြင်း၊ နီးနှောဖလှယ်ခြင်းများနှင့် အားကစားလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးဟူသည့် ရည်ရွယ်ချက်များနှင့် ကျင်းပရခြင်းဖြစ်ပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

လောက်ကိုင်ဒေသအား မူလအခြေအနေကို ပြန်လည်ရောက်ရှိကာ အေးချမ်းစွာနေထိုင်နိုင်ရေး နယ်စပ်ဒေသတစ်လျှောက် စိမ့်ဝင်ထိုးဖောက်ခြင်း မပြုနိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကိုးကန့် သောင်းကျန်းသူအဖွဲ့ သမိုင်းကြောင်းနှင့် လောက်ကိုင်ဒေသသို့ ကိုးကန့်သောင်းကျန်းသူများ ဝင်ရောက် တိုက်ခိုက်မှုဖြစ်စဉ် ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ရှင်းလင်းခဲ့ပြီး ပြည်တွင်းသတင်းဌာန ၂၇ ခုနှင့် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနရှစ်ခုတို့ တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒

ယနေ့ **မာတိကာ**

ခေတ်သစ်ပြည်သူ့ပါတီ ကြေညာချက်ထုတ်ပြန် စာမျက်နှာ - ၇
ကြက်ခြေနီအလံ လွှင့်ထူထားသော ယာဉ်အား ကိုးကန့်သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက် စာမျက်နှာ - ၁၀

ကိုးကန့်သောင်းကျန်းသူအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ အချုပ်အခြာအာဏာပိုင်ဆိုင်သော လောက်ကိုင်၊ ကုန်းကြမ်း၊ တာရှေ့ထန်ဒေသတို့အား အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကူအညီများရယူ၍ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထုနှင့် တပ်မတော်သားများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရပ်တည်ဆောင်ရွက်လျက်ရှိ။

ဖေဖော်ဝါရီ ၁၄ ရက်က နည်းဗျူဟာ (၃၃၃)မှ တပ်ရင်း (၄)ရင်းနှင့် စကခ (၁၆)၊ နည်းဗျူဟာ (၂)မှ တက်ရင်း (၁) ရင်းတို့ သိမ်းဆည်းရမိသော လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2015 FEBRUARY 22, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

ဖွံ့ဖြိုးရေး

အေးချမ်းလှပသော မဲနယ်တောင်တန်းပေါ်က ရွာကလေးတွေ

မြင့်စိုး(နတလ)

သည်တစ်ခေါက် ခရီးစဉ်မှာ လွယ်ပွတ်ဆိုတဲ့ ရွာလေးကို ထပ်မံမရောက်ဖြစ်တော့ပေမယ့် လွန်ခဲ့တဲ့ အနှစ် (၃၀)လောက်က မြင်ကွင်းတစ်ခုကို ပြန်အမှတ်ရပြီး ပြုံးခဲ့မိပါတယ်။ တပ်ရင်းမှူးရဲ့ စစ်ကြောင်း (၁)နဲ့ တပ်ခွဲ (၁)ခွဲ၊ ဆီဆိုင်မြို့နယ် အရှေ့ခြမ်းမှာရှိတဲ့ လွယ်ပွတ်ရွာလေးထဲကို ခေတ္တခဏ ဝင်ရောက်လာတဲ့အချိန်၊ ရှေ့တန်းတပ်မဌာနချုပ်နဲ့ စက်အဆက်အသွယ်ယူပြီး လိုအပ်တဲ့ အုပ်ချုပ်မှုကိစ္စလေးတွေဆောင်ရွက်နေချိန်မှာ ဘုတ်ခနဲအသံကြားလို့ လှမ်းကြည့်လိုက်တော့ တပ်ရင်းမှူး နားနေတဲ့အိမ်ပေါ်ကနေ အိပ်ရာလိပ်ထုပ်ကြီး တစ်ထုပ် အိမ်ရှေ့ဗွက်တောထဲကို ကျလာပါတယ်။ သိပ်မကြာပါဘူး အထုပ်နောက်ကနေ ထွေးခနဲကျလာတာကတော့ တပ်ရင်းမှူးရဲ့အကူ ရဲဘော် စိုးဝင်း။ ဒေါသကြီးတဲ့ တပ်ရင်းမှူးနဲ့ ကြားချင်ရာကြား၊ လုပ်ချင်ရာ လုပ်တတ်တဲ့ သူ့တပည့်ကျော် စိုးဝင်းတို့ရဲ့ ဇာတ်လမ်းကဒီလို။ စက်ထောင်နေတုန်း ခဏပဲနားမှာမို့ အိပ်ရာလိပ်ဖြေခင်း မနေနဲ့တော့ ပြောတာကို စိုးဝင်းကမကြားဘူး။ ဒုတိယအကြိမ် ထပ်ပြောတယ်၊ ဒါလည်းမကြားဘူး၊ စိတ်တိုလာပြီပေါ့။ အိပ်ရာလိပ်ရော၊ လူရော ကန်ချလိုက်ပုံရပါတယ်။ တဖုတ်ဖုတ်နဲ့ ကျလာလိုက်တာ အိပ်ရာလိပ်နဲ့ လူနဲ့ ရှေ့ဆင့်နောက်ဆင့်။ ရောက်တုန်းရောက်ခိုက် အရင်နှစ်ပေါင်း (၃၀)လောက်က ရီစရာမောစရာဖြစ်ရပ်လေးတွေကို အမှတ်ရသလို၊ မိရဲရွာအနီးမှာ ဗကပတွေကို ဝင်ရောက်တိုက်ခိုက်ချေမှုန်းရင်း အသက်စွန့်သွားခဲ့ကြရတဲ့ ဗိုလ်မှူးချစ်သွင်(သူရဲကောင်းမှတ်တမ်းဝင်)နဲ့ စစ်သည်တွေကိုလည်း သတိတရဖြစ်ခဲ့မိပါတယ်။

ဟိုပုံး၊ ကျောက်တန်း လွမ်း၍သွားခဲ့သည်လို့ ကျွန်တော်ပြောခဲ့သလိုမျိုး လွမ်းလို့သွားခဲ့တဲ့ ကျောက်တန်းကျေးရွာကနေ ထပ်မံခြေလှမ်း ဆက်ပြင်လိုက်မိတာကတော့ နောင်မွန်း၊ ဘန်းယဉ်နဲ့ ဆီဆိုင်ဒေသတွေရဲ့ အရှေ့ခြမ်း မဲနယ်တောင်တန်းကြီးပေါ်က ပချားကလို့၊ ကျောက္ကချား စတဲ့ ရွာလေးတွေဆီကိုပါပဲ။ ဟိုပုံးမြို့အနီး ရွာသစ်ကျေးရွာကနေ မဲနယ်တောင်တန်းကြီးပေါ်က ကျေးရွာတွေဆီအရောက် ကားလမ်းဖောက်ထားပြီးဖြစ်တာမို့ တစ်ချိန်က လား၊ မြင်းတွေအပေါ် ရိက္ခာတွေတင်ပြီး သွားခဲ့ကြတာ၊ လှည်းတွေအကူအညီတောင်းပြီး သွားခဲ့ရတာတွေကို အမှတ်ရစရာ ဖြစ်လာပါတယ်။ ပန်လျမ်းကနေ ပချားကလို့ရွာအထိ ၂၁ မိုင် ကျောက်ခင်းလမ်းဖြစ်လာစေဖို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှာ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေ ခွင့်ပြုပေးခဲ့ပါတယ်။ ဆက်လက်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ စံဖူး-ကျောက္ကချား-ပချားကလို့-ပန်လိုင်း-နောင်မွန်း မိုင် ၃၀ အနက်က ကျောက်ခင်းခြင်းလုပ်ငန်း ၁၀ မိုင်၊ ကတ္တရာခင်းခြင်းလုပ်ငန်း ၁၀ မိုင် ထပ်မံခွင့်ပြုပေးခဲ့ပါတယ်။ သွားရင်းလာရင်း ထူးထူးခြားခြားတွေ့မြင်ရတာကတော့ နိုင်ငံတော်က ကတ္တရာလမ်း ၁၀ မိုင် ခွင့်ပြုပေးခဲ့ရင် ပအိုဝ်းတိုင်းရင်းသားဒေသခံပြည်သူလူထုတွေကလည်း သူတို့ရဲ့ လုပ်အား၊ သူတို့ရဲ့ ထည့်ဝင်ငွေတွေ စုပေါင်းပါဝင်ပြီး ကတ္တရာလမ်း ၁၅ မိုင်လောက်ဖြစ်သွားအောင် ရဟန်းသံဃာတော်တွေရဲ့ ဦးဆောင်ညွှန်ပြမှုနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်ဆိုတာကို မဲနယ်တောင်တန်းကြီးပေါ်ရှိ ကတ္တရာလမ်းတွေက သက်သေပြနေပါတယ်။

တကယ်တော့ ကျောက္ကချား၊ ပချားကလို့ စတဲ့ မဲနယ်တောင်တန်းကြီးပေါ်က ကျေးရွာတွေဟာ လမ်းစဉ်ပါတီခေတ်ကတည်းက ဘာသာသာသနာထွန်းကားပြန့်ပွားတဲ့ ကျေးရွာကြီးများ၊ နယ်မြေဒေသများ ဖြစ်ခဲ့ပါတယ်။ ကြီးမားတဲ့ ဘုန်းကြီးကျောင်းတွေ၊ များပြားလှတဲ့ အိမ်ခြေလူဦးရေတွေနဲ့။ သို့သော်လည်းပဲ နယ်မြေမအေးချမ်းဘူး။ နယ်မြေမအေးချမ်းတဲ့အတွက် ရွာတွေက သာသာယာယာဖြစ်ချင်ပေမယ့် ဖြစ်ခွင့်မရခဲ့ကြဘူး။ လမ်းပန်းဆက်သွယ်ရေးကိုလည်း ကောင်းအောင်မလုပ်နိုင်ခဲ့ကြဘူး။ လှည်းနွားတွေ၊ ဝန်တင်လား၊ မြင်းတွေနဲ့ပဲ သွားလာလှုပ်ရှားနေကြရတာပါ။ သည့်ထက် လုပ်ပေးနိုင်ရင် ဟိုအနားသည်အနား သွားလာနိုင်ဖို့အတွက် ဂျစ်ကားလမ်းကြမ်းတွေ ဖောက်ပေးတာမျိုးလောက်ပါပဲ။ ကျောက္ကချားကျေးရွာမှာ နေ့လယ်စာစားတဲ့အခါ အဲဒီရွာရဲ့ ဌာနေပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်လုပ်နေတဲ့ မောင်အောင်ကျော်က အဘတို့ ငယ်ငယ်တုန်းကနဲ့ ဘာတွေကွာခြားသွားပြီလဲလို့ မေးလာပါတယ်။ သည်ကလေးက ၂၀၀၆ ခုနှစ်မှာ အဝေးသင်နဲ့ ဘွဲ့ရထားသူ တစ်ယောက်ပါ။ မင်းတို့ရွာအရောက် ကတ္တရာလမ်းပေါ်မှာ ကားမောင်းပြီးလာနိုင်ပြီကွာ။ ပအိုဝ်းဒေသနေရာအားလုံးကို သွားချင်တဲ့အချိန်သွားပြီး အိပ်ချင်တဲ့နေရာမှာ စိတ်ချလက်ချအိပ်နိုင်တယ်ကွာ။ အဲဒါတွေကွာသွားတာပေါ့လို့ ကျွန်တော်ဖြေခဲ့မိပါတယ်။ တကယ်တော့ ကိုယ်ချည်းပဲ ကားစီးလာနိုင်တာမဟုတ်၊ သူတို့ရွာတွေမှာလည်း ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ ရောက်နေပါပြီ။ အရင် အနှစ် (၃၀)လောက်က ကျွန်တော်တို့ စစ်ကြောင်းတွေကို အကူအညီပေးခဲ့တဲ့ နွားလှည်းတွေတောင် ရှိတော့မည်မထင်။

ရောက်လေရာအရပ်မှာ ကျွန်တော်စိတ်ဝင်တစား မေးမြန်းခဲ့မိတာကတော့ အထကကျောင်းရှိသလား၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းကောင်းရဲ့လား ဆိုတာပါပဲ။ ကျောက္ကချားရွာ အထကအနေနဲ့ ၄၈ ယောက်ဖြေဆိုခဲ့ရာမှာ ၂၁ ယောက် အောင်မြင်ခဲ့ကြောင်း သိခဲ့ရပါတယ်။ ကျောက္ကချားရွာသူရွာသားတွေကတော့ သူတို့ရွာရဲ့ အရှေ့ဘက်ခပ်လှမ်းလှမ်းမှာရှိတဲ့ ဘုရားကုန်းလေးကို ဘန်ကီမွန်းကုန်းရယ်လို့ ခေါ်နေကြလေရဲ့။ ၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်တုန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနဲ့အဖွဲ့ဟာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး(ဗဟို)အဖွဲ့နဲ့ UNODC တို့ ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းကျေးရွာတစ်ရွာဖြစ်တဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျောက္ကချားကျေးရွာကို ရဟတ်ယာဉ်နဲ့ ရောက်ရှိလာခဲ့ပါတယ်။ အဲဒီအခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ရှိသူများနှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ ပါဝင်တက်ရောက်ခဲ့ပါတယ်။ အခမ်းအနားမှာ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်တဲ့ တောင်သူတွေအတွက် WFPက ဆန်များဖြန့်ဝေပေးအပ်ခဲ့ပါတယ်။

မဲနယ်တောင်တန်းကြီးပေါ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေ ၂၃၁ သန်းဖြင့် ဒုံလိတန်-ပင်ကလား-ထီးဆွေး-ထီတန်လိတ်-လိုင်ကလ-ထီအုန်းစောက် ကျေးရွာချင်းဆက်လမ်း ၁၉ မိုင် ၂ ဖာလုံ ဖောက်လုပ်နေတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ညနေပိုင်းမှာတော့ မဲနယ်တောင်တန်းကြီးပေါ်က ပြန်ဆင်းလာပြီး ပချားကလို့ကျေးရွာကတစ်ဆင့် ဘန်းယဉ်၊ နောင်မွန်းဘက်ကို ထွက်လာခဲ့ပါတယ်။ ခရီးစဉ်အရဆိုရင်တော့ ဟိုပုံးကို ပြန်လှည့်လာရုံပဲပေါ့။ သို့သော်လည်းပဲ အရင်နှစ်ပေါင်း (၃၀)လောက်က ရောက်ဖူးခဲ့တဲ့ ဆိုက်ခေါင်ကျေးရွာအထိ သွားကြည့်ချင်စိတ်ဖြစ်ပေါ်နေတာမို့ ကိုညီညီလွင်နဲ့ ကိုစည်သူတို့ကို ပြောပြလိုက်တဲ့အခါ သူတို့ကလည်း အပန်းမကြီးတဲ့အတွက် လိုက်ပို့ပေးပါတယ်။ ရောက်ခဲ့ပါပြီ တစ်ခါက ဆိုက်ခေါင်ကျေးရွာ။ ကြိုတင်ပြီး ကြားဖူးထားသလိုပါပဲ ဟိုတစ်ချိန်က ဆိုက်ခေါင်ရွာကလေးနဲ့ ဘယ်လိုမှ မတူတော့ပါဘူး။ ဟိုပုံးနဲ့ ဆီဆိုင်အကြား ကားလမ်းပေါ်မှာ ရှိနေသလို အရှေ့ဘက် မောက်မယ်မြို့ဆီကဝင်လာတဲ့ လမ်းတစ်လမ်း၊ အနောက်ဘက် ပင်လောင်း-နောင်တရား-ကျောက်တလုံးဘက်ကဝင်လာတဲ့ လမ်းတစ်လမ်းတို့ ပေါင်းဆုံရာ အချက်အချာလမ်းဆုံနေရာလေးဖြစ်နေပါတယ်။ မဟာဓာတ်အားလိုင်းကလည်း ရွာအထိရောက်နေပြီမို့ ဆိုက်ခေါင်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုက အံ့မခန်းပါပဲ။

အမှန်တော့ အချိန်ရဦးမယ်ဆိုရင် ဆီဆိုင်မြို့အထိ သွားပြီး တပ်မကုန်းနေရာလေးတွေ၊ ကျွန်တော်တို့ ကွန်မန်ဒိုတပ်ခွဲစခန်းကုန်းနေရာလေးတွေနဲ့ အမှတ်တရနေရာတွေကို လိုက်လံကြည့်ရှုရင်း အသိမိတ်ဆွေတွေကို နှုတ်ဆက်ချင်ပါသေးတယ်။ နေကစောင်းလာပြီမို့ ဆိုက်ခေါင်ကနေ လာလမ်းအတိုင်းပြန်လှည့်ပြီး ဟိုပုံးကို ထွက်ခွာခဲ့ကြပါတယ်။ ဘန်းယဉ်၊ နောင်မွန်း၊ နမ့်ခုတ်စတဲ့မြို့ရွာတွေကို ဖြတ်ကျော်ရင်း အရှေ့ဘက် မဲနယ်တောင်တန်းကြီးရှိရာကို လှမ်းမျှော်ကြည့်လိုက်တဲ့အခါမှာတော့ လတ်တလောဖောက်လုပ်နေတဲ့ ကားလမ်းလေးတွေက ဟိုမှာတစ်ကွက် ဒီမှာတစ်ကွက် ပေါ်လိုက်ပျောက်လိုက်နဲ့ လှမ်းပြီးတွေ့မြင်နေရပါတယ်။ မဲနယ်တောင်တန်းကြီးကတော့ ကုန္ဒြေကြီးတစ်ခွဲသားနဲ့ လဲလျောင်းနေလိုက်ပုံများ၊ ဝင်လုလုနေရောင်အောက်မှာ စိမ်းတချို့ ဝါတစ်လီ နီတစ်ထွေနဲ့ အရောင်အသွေးတွေကလည်း စုံနေသမို့၊ ကြည့်လို့ကောင်းလှပါဘိတော့။ ။

မဲနယ်တောင်တန်းကြီးပေါ်က အေးချမ်းစွာတည်ရှိနေသော ပချားကလို့ ကျေးရွာ

စစ်ကိုင်းတိုင်းဒေသကြီး

မြောက်ယမားဆည်ရေသောက်စနစ် ဧရိယာအတွင်းရှိ တောင်သူများ နွေစပါးနှင့် အခြားသီးနှံများစိုက်ပျိုးနိုင်ရေး ဆည်ရေစလွှတ်

ပုလဲ ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မြောက်ယမားဆည် ရေသောက်စနစ် ဧရိယာအတွင်းရှိ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးငွေညွန့်က "ကျွန်တော်တို့ ပုလဲမြို့နယ်ဟာ မိုးခေါင်ရေရှားဒေသဖြစ်ပေမယ့် နိုင်ငံတော်အစိုးရက တောင်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေရေးကိုရည်ရွယ်ပြီး တည်ဆောက်ပေးခဲ့တဲ့ မြောက်ယမားဆည်ကြောင့် နွေ၊ မိုး၊ ဆောင်းရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာနဲ့ စိုက်ပျိုးလျက်ရှိပါတယ်။ ဒီဆည်က ပုလဲမြို့နယ်အတွင်းရှိ တောင်သူတွေသာမက ယင်းမာပင်မြို့နယ်အတွင်းရှိ တောင်သူတွေအတွက်ပါ အကျိုးပြုပါတယ်။ မနှစ်က နွေရာသီမှာ ပုလဲမြို့နယ်မှာရှိတဲ့နွေစပါးစိုက်ဧက ၁၂၀၀နဲ့ အခြားသီးနှံစိုက်ဧက ၁၃၀၀၊ ယင်းမာပင်မြို့နယ်မှာရှိတဲ့ နွေစပါးစိုက်ဧက ၂၀၀နဲ့အခြားသီးနှံစိုက်ဧက ၅၀၀ စုစုပေါင်း စိုက်ဧက ၃၂၀၀ လျာထားရာမှာ တောင်သူများအနေနဲ့ နွေစပါးနဲ့ အခြားသီးနှံစိုက်ဧက စုစုပေါင်း ဧက ၃၇၁၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီမြောက်ယမားဆည်အနေနဲ့ ရေပေးနိုင်တဲ့ စိစစ်ဧရိယာ ဧက ၁၁၃၂၀ ရှိရာမှာ အမှန်ရေပေးနိုင်တဲ့ ဧက ၅၉၆၂ ဧက ရှိပါတယ်။ တောင်သူများအနေနဲ့ ယာမှ လယ်ပြောင်း စနစ်ဖြစ်တဲ့ ဆည်ရေသောက်စနစ်ပြုပြင်နိုင်မယ်ဆိုရင် ဧက ၄၁၂၀ အထိ တိုးချဲ့ပြီး ရေပေးနိုင်မှာဖြစ်ပါတယ်။ ကျန်တဲ့ ၁၂၃၈ ဧက ကတော့ ကုန်းမြေမြင့်မှာ တည်ရှိတဲ့အတွက် ရေပေးဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် တောင်သူတွေသာ အမှန်တကယ် စိုက်ပျိုးကြမယ်ဆိုရင် ပုံတောင်ခြေရှိ ဖလံပင်ကျေးရွာအနီးမှာ တည်ရှိတဲ့ ဧကပေ တစ်သိန်းကျော် ရေလှောင်နိုင်တဲ့ ရေကူတမံရှိတာကြောင့် မြောက်ယမားဆည်ကနေ စိုက်ဧက ၁၀၀၈၂ ဧကအထိ စိုက်ပျိုးရေကို လုံလုံလောက်လောက်နဲ့ ပေးနိုင်ပါတယ်။ ဒီနှစ်နွေရာသီမှာ တောင်သူတွေအနေနဲ့ နွေစပါးနဲ့ အခြားသီးနှံတွေကို စိုက်ပျိုးရေ လုံလုံလောက်လောက်နဲ့ စိုက်ပျိုးနိုင်အောင် ဖေဖော်ဝါရီ ၁၅ ရက်က စတင်ပြီး ဆည်ရေကို လွှတ်ပေးထားပါတယ်"ဟု ပြောကြားခဲ့သည်။ ပုလဲမြို့နယ်၊ မင်းမအရှေ့ကျေးရွာနေတောင်သူကြီး ဦးဖုန်းကျော်က "ကျွန်တော်တို့ဒေသက မိုးခေါင်ရေရှားဒေသဆိုတော့ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်ကဆိုရင် သီးနှံဖြစ်ထွန်းအောင်မြင်မှုအားနည်းခဲ့ပါတယ်။ ဒါပေမယ့်လည်း နိုင်ငံတော်အစိုးရက ကျွန်တော်တို့ တောင်သူတွေအတွက် ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာနဲ့ စိုက်ပျိုးနိုင်အောင်ဆိုပြီး ဒီမြောက်ယမားဆည်ကြီး တည်ဆောက်ပေးခဲ့တဲ့နောက်မှာ ဒီဒေသက တောင်သူတွေ မြေကြီးက ရွှေသီးတဲ့ခေတ်ကို ရောက်တော့တာပါပဲ။ ကျွန်တော့်အနေနဲ့ မနှစ်က နွေရာသီတုန်းကဆိုရင် နွေစပါး ငါးဧကနဲ့ နွေနှမ်း ၁၂ ဧကကို ဆည်ရေ လုံလုံလောက်လောက်ရရှိတာကြောင့် စိုက်ပျိုးခဲ့ရာ နွေစပါးတင်း ၄၀၀ ကျော်နဲ့ နွေနှမ်းတင်း ၁၂၀ ကျော် ထွက်ရှိခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ တောင်သူတွေရဲ့ စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်မှုမှသည် လူမှုစီးပွားဘဝ မြင့်မားလာအောင်လို့ ဒီမြောက်ယမားဆည်ကြီးကို တည်ဆောက်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရ၊ ဆည်ကြီးရေရှည် တည်တံ့အောင်နဲ့ တောင်သူတွေ စိုက်ပျိုးရေ လိုအပ်ချိန်မှာ ရေရရှိအောင်လို့ စေတနာထားပြီး ဆောင်ရွက်ပေးနေတဲ့ ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းတွေကိုလည်း တောင်သူတွေရဲ့ ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်"ဟု ပြောကြားခဲ့သည်။

မင်းခန့်စိုး(ဇေယျာမြေ)

ဧရာဝတီတိုင်းဒေသကြီး

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရာတွင် ပါဝင်သွားသော ဥယျာဉ်ခြံမြေနှင့် နေအိမ်များအတွက် နစ်နာကြေးငွေ ညောင်တုန်း၌ ပေးအပ်

ညောင်တုန်း ဖေဖော်ဝါရီ ၂၁

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရာတွင် စုစုပေါင်းမြစ်ကြောင်း အရှည် ၃၄ မိုင်ကျော် တည်ရှိရာတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း၌ ၈ ဒသမ ၆၂ မိုင်ပါရှိပြီး စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ဥယျာဉ်ခြံမြေနှင့် နေအိမ်များအား နစ်နာကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက ဆားမလောက်ကျေးရွာ ပန်းလှိုင်ရေထိန်းတံခါး ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံ့ချီ ဦးသိန်းအောင်တက်ရောက်၍ အမှာစကား ပြောကြားသည်။ ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်က ပန်းလှိုင်မြစ်ကြောင်းတူးဖော်ခြင်း စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ပန်းလှိုင်မြစ်ကြောင်းကြီး ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ပြီးစီးသွားပါက ဒေသခံပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ယခင်ကထက်တိုးတက်လာမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးလုပ်ငန်းများတွင် စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ဥယျာဉ်ခြံမြေ ၁၅ ဒသမ ၂၅ ဧက၊ နေအိမ်အဆောက်အအုံ ၃၀၈ လုံးတို့အတွက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က မဲဇလီဒလကျေးရွာ၊ ညောင်ရွာကျေးရွာ၊ ငှက်ပျောကျွန်းကျေးရွာနှင့် ကျွန်းဦးကျေးရွာအုပ်စုများမှ ကျေးရွာမြေယာစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌများသို့ ပေးအပ်ပြီး ကျေးရွာအုပ်စုများ၏ ကိုယ်စား ငှက်ပျောကျွန်းကျေးရွာအုပ်စုကျေးရွာမြေယာစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယခု နိုင်ငံတော်မှ ပေးအပ်လိုက်သော ပြည်သူများ၏နစ်နာကြေး ငွေပမာဏမှာ ကျပ်သိန်း ၅၀၂ ဒသမ ၄၂ ဖြစ်ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ရှမ်းပြည်နယ်

တောင်ပေါ်ဒေသ ရှမ်း၊ ပလောင်သွေးချင်းများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

သီပေါ ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးလစံနှင့်ဝန်ထမ်းများသည် မိုးပွင့်(အထူး) စီမံချက်လုပ်ငန်းများအား လက်ဖက်ထွက်ရှိရာ နယ်မြေ တောင်ပေါ်ဒေသနေ ရှမ်း၊ ပလောင်သွေးချင်းတိုင်းရင်းသားပြည်သူများထံ အသိပေးဟောပြောခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက်က မိုင်းငေါ့ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းငေါ့မြို့အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး လဝကမြို့နယ်ဦးစီးမှူး ဦးလစံက မိုးပွင့်(အထူး)စီမံချက်အကြောင်း အသိပညာပေးဟောပြောကာ အမျိုးသား ၉၃ ဦး၊ အမျိုးသမီး ၁၂၅ ဦး စုစုပေါင်း ၂၁၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

စိုင်း(သီပေါ)

ရန်ကုန်တိုင်းဒေသကြီး

အင်းစိန်မြို့နယ်၌ ထရန်စဖော်မာ အလုံး ၂၀ တပ်ဆင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူလျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်က အင်းစိန်မြို့နယ် ဘိုကုန်းရပ်ကွက် ဟေမာဂနိုင်ကျောင်းလမ်းတွင် 200 KVA ထရန်စဖော်မာ တစ်လုံး ဓာတ်အားလွှတ်ခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအေးနှင့် လိုင်းဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။ အင်းစိန်မြို့နယ်အနေဖြင့် ယခုနှစ်အတွင်း ထရန်စဖော်မာ အလုံး ၂၀ တိုးချဲ့တပ်ဆင်ပြီးဖြစ်ကြောင်းနှင့် မြောက်ပိုင်းခရိုင်အနေဖြင့် ၁၅၄ လုံးမြောက် ထရန်စဖော်မာတိုးချဲ့တပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

(မြင့်လွင်)

သုတေသီတိုင်းသည် မိမိတို့သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တို့တွင် အဆင့်မြင့်မားတိုးတက်စေရေး၊ နိုင်ငံတကာ အဆင့်မီသုတေသနများ ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံအသီးသီးရှိ ပညာရပ်တူ သုတေသီတို့၏ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်များအား နှီးနှောဖလှယ်နိုင်ရေး အစရှိသည့် ဦးတည်ချက်များဖြင့် သုတေသနလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိကြပါသည်။

သုတေသနစွမ်းအားမြှင့်တင်ခြင်းနှင့် ဗဟိုဇီဝဆေးပညာစာကြည့်တိုက်၏ အခန်းကဏ္ဍ

ချိုမာဦး
ဆေးသုတေသနဦးစီးဌာန
(အောက်မြန်မာပြည်)

မြန်မာနိုင်ငံတွင်လည်း အဆိုပါ ဦးတည်ချက်များကို သုတေသီတို့မှ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်သည် ကျန်းမာရေးနှင့် ဆေးပညာရပ် နယ်ပယ်အတွင်း သုတေသနစွမ်းအားမြှင့်တင်ခြင်းကို အထောက်အကူပြုနိုင်ရန်အလို့ငှာ ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံ ဆေးသုတေသနကောင်စီနှင့်အတူ မြန်မာ နိုင်ငံဆေးသုတေသနကောင်စီစာကြည့်တိုက်ကို အမှတ် (၅) ဇဖားရှားလမ်း ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ သည်။ ၁၉၇၈ ခုနှစ်တွင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ အကူ အညီဖြင့် ဆောက်လုပ်သော အဆောက်အအုံအသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၈၀ ခုနှစ်တွင် ဗဟို ဇီဝဆေးပညာ စာကြည့်တိုက်ဟု အမည်ပြောင်းလဲ ခေါ်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့၊ အရှေ့တောင်အာရှ ဒေသရုံး World Health Organization/South East Asia Regional Office (WHO/SEARO) ၏ Health Literature Library and Information Services(HELLIS)တွင် မိမိတို့ စာကြည့်တိုက်အား မြန်မာနိုင်ငံအတွက် National Focal Point Library အဖြစ် ရွေးချယ်သတ်မှတ်ခြင်းခံခဲ့ရ သည်။ လက်ရှိကာလတွင် ပြည်တွင်းရှိ တက္ကသိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာန များ၊ တက္ကသိုလ်အသီးသီးရှိ စာကြည့်တိုက်များနှင့် စာကြည့်တိုက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက်၏ အဓိကတာဝန်မှာ ကျန်းမာရေးနှင့် ဆေးပညာရပ်ဆိုင်ရာ သုတေသနစွမ်းအား မြှင့်တင်ရေး(Research Capacity Strengthening) အတွက် သုတေသီများကို ပံ့ပိုးကူညီမှုပေးရန်ဖြစ်သည်။ မိမိတို့စာကြည့်တိုက်တွင် ပုံမှန်ဆောင်ရွက်လျက်ရှိသော စာကြည့်တိုက်တစ်ခု၏ အဓိက လုပ်ငန်းကြီး သုံးခု ဖြစ်သည့် စာစုလုပ်ငန်း၊ စာငှားလုပ်ငန်းနှင့် စာရှာလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိသည်။

(၁) စာစုလုပ်ငန်းများ(Acquisition Service)

နိုင်ငံတကာနှင့် ပြည်တွင်းမှ ထုတ်ဝေသော စာအုပ် စာတမ်းများဟု နှစ်ပိုင်းရှိပါသည်။ နိုင်ငံတကာမှ ထုတ်ဝေသော စာအုပ်စာတမ်းများအနေဖြင့် ဤ စာကြည့်တိုက်သည် ဆေးပညာအထူးပြု စာကြည့်တိုက် ဖြစ်သည့်အားလျော်စွာ ဆေးပညာနှင့် နှီးနွယ်သော သိပ္ပံပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများအပြင် လက်စွဲ ကျမ်းများ၊ ရည်ညွှန်းကျမ်းစာအုပ်များနှင့် ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့မှ ထုတ်ဝေသော စာအုပ်များကို အထူးပြု စုဆောင်းထားရှိသည်။

၂၀၁၃ ခုနှစ် စာရင်းများအရ စာကြည့်တိုက်တွင် ဆေးဂျာနယ်အမျိုးပေါင်း ၆၀၀ ကျော်၊ ဆေးဂျာနယ် အုပ်တွဲပေါင်း ၂၀၀၀၀ နှင့် စာအုပ်ပေါင်း ၂၀၀၀၀ ကျော်၊ ဘွဲ့ကြိုဘွဲ့လွန် ကျမ်းကြီးကျမ်းငယ် ပေါင်း ၅၀၀၀ ကျော်ကို စုဆောင်းထားရှိပြီးဖြစ်ပါသည်။ အထူး သဖြင့် သုတေသီများအနေဖြင့် အလွယ်တကူ မရရှိနိုင် သည့်ရှာဖွေရခက်ခဲသော မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ(Local Publications) များကို အဓိကစုဆောင်းထားရှိပါသည်။ Limited Publications များ၊ အစီရင်ခံစာစာအုပ် များ(Reports)၊ သုတေသနတွေ့ရှိချက်များ (Research Findings)၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် Seminars များတွင် ဖြန့်ဝေသောအစီရင်ခံစာ(Proceeding)များ၊ စာတမ်းဖတ်ပွဲများနှင့် ဆေးပညာရပ်ဆိုင်ရာညီလာခံများ တွင် ဖတ်ကြားတင်သွင်းခဲ့သော စာတမ်းအကျဉ်းများ၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ ထုတ်ဝေသော Myanmar Medical Journals ယင်းအသင်းအောက်ရှိ ပညာရပ် ဆိုင်ရာအဖွဲ့များမှ ထုတ်ဝေသော စာအုပ်စာတမ်းများကို လည်း စုဆောင်းထားရှိပါသည်။

(၂)စာငှားလုပ်ငန်းများ(Circulation Service)

ဤစာကြည့်တိုက်တွင် စုဆောင်းထားရှိသောစာအုပ် စာတမ်းများကို သုတေသီများငှားရမ်းခွင့်၊ ဖတ်ရှုအသုံးပြု ခွင့်ရှိသကဲ့သို့ သုတေသီများအနေဖြင့် မိမိတို့၏ သုတေသန လုပ်ငန်းရပ်အတွက် လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ စာကြည့်တိုက်များကို ဆက်သွယ်၍ စာကြည့်တိုက်အချင်းချင်း စာအုပ်ငှားရမ်းခြင်းစနစ် (Inter-Library Loan System)ကိုလည်း ဆောင်ရွက် ပေးလျက်ရှိပါသည်။

(၃) စာရှာခြင်းလုပ်ငန်း(Literature Search Service)

စာကြည့်တိုက်သို့ လာရောက်အသုံးပြုသော သုတေသီ များအတွက် လိုအပ်သည့် ဆေးသိပ္ပံနှင့် ကျန်းမာရေးပညာ ရပ်ဆိုင်ရာ သတင်းအချက်အလက်များကိုကွန်ပျူတာများ အသုံးပြု၍ ကိုယ်တိုင်ရှာဖွေနိုင်သောအဆင့်ရောက်ရှိနေပြီ ဖြစ်ပါသည်။ လိုအပ်ပါက(HELLIS) စနစ်အရ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ National Focal Point Library အသီးသီးတို့နှင့် ဆက်သွယ်ကာ(Reprint Request Service)ဖြင့် လည်းကောင်း၊ အင်တာနက်အသုံးပြု၍လည်း ကောင်း၊ MedLine,PopLine,HINARI အစရှိသော စာရှာစနစ်များကိုအသုံးပြု၍လည်းကောင်း၊ စာကြည့်တိုက် ဝန်ထမ်းများမှ ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။ Online ပေါ်တွင်လည်း ဤစာကြည့်တိုက်၏(www.dmrlmlibrary.org)Websiteကို အသုံးပြုကာ စာကြည့် တိုက်တွင် စုဆောင်းထားရှိသော ပြည်တွင်းပြည်ပမှ ဆေးသိပ္ပံ နှင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူလျင်မြန်စွာ ရှာဖွေရရှိနိုင်ပါသည်။

ဗဟိုဇီဝဆေးပညာစာကြည့်တိုက်သည် မိမိဦးစီးဌာနမှ သုတေသီများကိုသာမက ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြား နှီးနွယ်နေသောဝန်ကြီးဌာနများမှ သုတေသီများ၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူများ၊ ပြင်ပသုတေသီများ၊ လိုအပ် သည့် ပြည်တွင်းပြည်ပမှ ကျန်းမာရေးနှင့် ဆေးပညာရပ် ဆိုင်ရာ သုတေသနအချက်အလက်များကို ရှာဖွေပေးလျက် သုတေသီများ၏ သုတေသနစွမ်းအားမြှင့်တင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤစာကြည့်တိုက်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Depository Library အဖြစ် ၁၉၉၅ ခုနှစ်မှ စတင် သတ်မှတ်ခြင်းခံခဲ့ရသည်မှ စတင်၍ ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှထုတ်ဝေသော စာအုပ်စာတမ်းများကို အခမဲ့ စုဆောင်းရရှိခြင်း၊ သုတေသီများမှလိုအပ်သော ဆေးသိပ္ပံ နှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်များ ရှာဖွေပေး ခြင်းနှင့် ငှားရမ်းပေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

အထူးဝန်ဆောင်မှုလုပ်ငန်းများ

ဤစာကြည့်တိုက်သည် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ကျန်းမာရေးဆိုင်ရာ စာကြည့်တိုက်များ အနက် သက်တမ်းရင့် အထူးစာကြည့်တိုက်တစ်ခုဖြစ်သည့် အားလျော်စွာ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းလျက် ဘာသာရပ်အလိုက်စာစုစာရင်းများ (Subject Bibliographies)နှင့် အညွှန်းများ(Indexes) ကိုပြုစုခြင်း၊ မြန်မာနိုင်ငံအတွင်း ဆေးစာကြည့်တိုက်များတွင် သီးခြားစီ စုဆောင်းထားရှိသောစာအုပ်၊ ဆေးဂျာနယ်များနှင့် ဘွဲ့လွန် ကျမ်းများကို သုတေသီများအလွယ်တကူရှာဖွေနိုင်ရန်အ တွက် Union Catalogue များပြုစုခြင်းနှင့် Annotated Bibliography of Medical Literature on Burma (1866-1985)၊ Who's Who in Medicine in Myanmar စာအုပ်များ၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာ ပြည်)တည်ထောင်ခြင်း နှစ်(၅၀) ရွှေရတုအထိမ်းအမှတ် စာအုပ်နှစ်အုပ် အပါအဝင်(စာစုစာရင်းနှင့်အညွှန်းများ) စာအုပ် ၁၆ အုပ်ကိုလည်း သက်ဆိုင်ရာပညာရှင်များနှင့် ပူးပေါင်း၍ ပြုစုထုတ်ဝေနိုင်ခဲ့ကာ သုတေသီများအတွက် ကျန်းမာရေးနှင့် ဆေးသိပ္ပံပညာရပ်ဆိုင်ရာကဏ္ဍတွင် အသုံး ပြုရလွယ်ကူကာ အကျိုးရှိစေနိုင်ခဲ့ပါသည်။

သုတေသီများသို့ စာကြည့်တိုက်မှပေးနေသည့် ဝန်ဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် စာကြည့် တိုက် အဆင့်မြှင့်တင်ခြင်းအတွက် နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။ ကျန်းမာ ရေးဆိုင်ရာ သုတေသနသတင်းအချက်အလက်များဆိုင်ရာ စနစ် ဖွံ့ဖြိုးတိုးတက်စေရေး(Development of Health Research Information System) အစီအစဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ(KOICA)မှ Volunteer တစ်ဦး သည် မိမိတို့၏ စာကြည့်တိုက်တွင် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များအတွင်း လာရောက်တာဝန်ထမ်းဆောင်ကာ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ယင်းအစီအစဉ်အရ သုတေသန သတင်းအချက်အလက်များဆိုင်ရာ စနစ်ဖွံ့ဖြိုး တိုးတက်မှုနှင့် ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိ လက်ရှိ အသုံးပြုနေသော In-house database ကို Web-base သို့ပြောင်းလဲ၍ Online တွင် အသုံးပြုနိုင်ရန် ဆောင်ရွက် ခြင်း၊ သတင်းအချက်အလက်များ စုဆောင်းသိမ်းဆည်း နိုင်ရန် Data Server တစ်ခုထူထောင်ခြင်း၊ (www.dmrlmlibrary.org) Website ကို လွှင့်ထူခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ဗဟိုဇီဝဆေးပညာ စာကြည့်တိုက်၏ e-library အခန်းတွင် သုတေသီများ ကိုယ်တိုင် ကွန်ပျူတာအသုံးပြု၍ Literature Search ပြုလုပ်နိုင်ရန် လိုအပ်သော အဆင့်မြင့်ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း၊ အင်တာနက်ကို ဆက်သွယ်မှုမြန်ဆန်စွာ အသုံးပြုနိုင်ရန်အတွက်လည်း ဆောင်ရွက်ထားရှိပါသည်။

သုတေသီများအတွက် ဗဟိုဇီဝဆေးပညာစာကြည့် တိုက်တွင် ရရှိနိုင်သည့်ရည်ညွှန်းကျမ်းအချို့ကို တင်ပြ အပ်ပါသည်။

- Annotated Bibliography of Medical Literature on Burma(1866-1980)- (1981-1985)
- Union List of Periodicals in Medical Libraries of Burma(up to 1993)Vol.1&2
- Index of Research Papers Presented at Health Research Congresses(1965-2011)
- Annotated Bibliography of Master Thesis &Dissertations on Health and Medical Sciences in Myanmar(1971-1990)
- Annotated Bibliography of Research Findings in Reproductive Health Research in Myanmar DMR (LM),2007
- Annotated Bibliography of Research Findings on Tuberculosis in Myanmar DMR(LM),2008
- Annotated Bibliography of Research Findings on HIV/AIDS in Myanmar DMR(LM),2008
- Dengue Research Findings Reference Book Myanmar(1980-2002)
- Malaria Research Findings Reference Book Myanmar(1990-2011)
- Bibliography of Research Findings on Snakebites in Myanmar(1967-2010)
- Bibliography of Rescarch Findings on liver Diseases in Myanmar
- Bibliography of Research Findings on Gastrointestinal Diseases in Myanmar
- Annotated Bibliography of Traditional Medicine Research carried out at DMR(LM) during 1965-2011
- တိုင်းရင်းဆေးပညာမဂ္ဂဇင်းအညွှန်း(၁၉၉၁-၂၀၀၇)
- တိုင်းရင်းဆေးစာအုပ်များစာစုစာရင်း (၁၉၈၆-၁၉၉၄)
- Myanmar Traditional Medicine Formulary(2013)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)တွင် ဖွင့်လှစ်ထားရှိသော ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက် တွင် သုတေသီများ ရည်ညွှန်းအသုံးပြုနိုင်ရေးအတွက် စုဆောင်းထားရှိပြီးဖြစ်သော ပြည်တွင်းနှင့် ပြည်ပမှ ထုတ်ဝေသည့် စာအုပ်စာတမ်းများနှင့် အခြားသော ကန့်သတ်ထုတ်ဝေသည့် စာအုပ်စာတမ်း၊ အစီရင်ခံစာ များကို ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်အသုံးပြု နိုင်ပါသည်။ ထို့အပြင် မိမိတို့ဦးစီးဌာနမှလွှင့်တင်ထား ရှိသော စာကြည့်တိုက်၏ Website ဖြစ်သည့် (www.http://dmrlmlibrary.org)တွင်လည်း ရှာဖွေ အသုံးပြု နိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ ။

စက်ချုပ်၊ ဆိုင်ကယ်ပြင်နှင့် မြန်မာမုန့်ပြုလုပ်နည်း သက်မွေးပညာသင်တန်းဖွင့်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁

ဒေသခံပြည်သူများ သက်မွေးပညာကိုယ်စီရရှိရေး ရည်ရွယ်ချက်ကောင်းများဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြစ်ကြီးနားမြို့ လူမှု ဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးပညာသင်လုပ်ငန်း ကျောင်းနှင့် မြစ်ကြီးနားမြို့(UNDP) တို့ပူးပေါင်းကာအခြေခံ စက်ချုပ်၊ ဆိုင်ကယ်ပြင်နှင့်မြန်မာမုန့်မျိုးစုံပြုလုပ်နည်း သင်တန်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ငွေပျော်စံပြကျေးရွာတွင် ကျင်းပရာ အိမ်တွင်းမှုသက်မွေးပညာ သင်လုပ်ငန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်အုန်းက အဖွင့်အမှာစကားပြောကြား၍ မြစ်ကြီးနား(UNDP)ရုံးမှ တာဝန်ခံ Mr. Stean က သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ သင်တန်းမှူးဆရာမ ဒေါ်အယ်နီက သင်တန်းစည်းကမ်းများကို ဖတ်ကြားရှင်းလင်း ခဲ့သည်။

အခြေခံစက်ချုပ်သင်တန်းနှင့် မော်တော်ဆိုင်ကယ်ထိန်းသိမ်း ပြုပြင်ခြင်းသင်တန်းကို သင်တန်းကာလတစ်လခွဲနှင့် မြန်မာ မုန့်မျိုးစုံသင်တန်းကို ရက်သတ္တတစ်ပတ်ကြာနည်းပြဆရာ ဆရာမများက စာတွေ့လက်တွေ့သင်ကြားမည်ဖြစ်ပြီး ဒေသခံ တိုင်းရင်းသား ငါးဦးနှင့် တိုင်းရင်းသူ ၁၀ ဦးတို့ တက်ရောက် ကြောင်း သိရသည်။**(ယာပုံ)**

မိုးယံကျ(မြစ်ကြီးနား)

ရတနာပုံတိရစ္ဆာန်ဥယျာဉ် (သို့မဟုတ်) ရွှေထုပ်တဲ့မြပဝါ

ဒေါက်တာမြင့်သိန်း(B.V.S)

တိရစ္ဆာန်ဥယျာဉ်များနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင်တိရစ္ဆာန်ဥယျာဉ်များအားလုံး လက်ကိုင်ထားရမည့် သတိပေးလမ်းညွှန်စကားတစ်ခုရှိပါသည် ။ တိရစ္ဆာန်ဥယျာဉ်တို့သည် တောရိုင်းတိရစ္ဆာန်များကို စားသုံးသော နေရာဌာနများ မဖြစ်ပါစေနှင့်။ တောရိုင်းတိရစ္ဆာန်များကို ထုတ်လုပ်သောနေရာဌာနများဖြစ်ပါစေ ဟူ၍ဖြစ်ပါသည်။ တိရစ္ဆာန်ဥယျာဉ်များ တည်ထောင်ဖွင့်လှစ်လုပ်ကိုင်နေသော နိုင်ငံများအဖို့ အမှန်တကယ်ပင် နှလုံးသွင်းရင်ဝယ်ပိုက်ထားသင့်သည့်စကားဖြစ်ပါသည်။ တစ်ဖန် ဆက်လက်၍လည်း ကမ္ဘာပေါ်တွင် တိရစ္ဆာန်ဥယျာဉ်များ မည်သို့မည်ပုံ စတင်သန္ဓေတည်ဖြစ်ပေါ်လာရခြင်းအကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင်လည်း အလွန်ပင်စိတ်ဝင်စားဖွယ်ကောင်းလှပါသည် ။

ကိုလိုနီနယ်ချဲ့တို့သည် မိမိတို့၏အိမ်နီးချင်း နိုင်ငံများကိုသာမက အလွန်တရာဝေးကွာသော ရေခြားမြေခြားနိုင်ငံများကိုပါ အင်အားသုံးသိမ်းပိုက်ခဲ့ကြပါသည်။ ထိုသို့ ကိုလိုနီကျွန်ပြုခံနိုင်ငံများမှ မြေပေါ်မြေအောက်သယံဇာတများကို မိမိတို့ မူရင်းနိုင်ငံများအတွက် သယ်ဆောင်သုံးစွဲရာတွင် တောရိုင်းတိရစ္ဆာန်များပါ အသုံးတော်ခံဘဝဖြစ်ခဲ့ပါသည်။ အသိမ်းပိုက်ခံနိုင်ငံများမှ ၎င်းတို့အတွက် ထူးခြားဆန်းပြားသော၊ တစ်ကြိမ်တစ်ခါမျှ ၎င်းတို့၏နိုင်ငံသားများ မြင်ဖူးတွေ့ဖူးခြင်း အလျဉ်းမရှိသေးသော တောရိုင်းတိရစ္ဆာန်များကို ကိုလိုနီကျွန်ပြုသူများက ယူဆောင်သွားခဲ့ကြပါသည်။ မိမိတို့နိုင်ငံတွင် ထိုတိရစ္ဆာန်မျိုးစိတ်များ ရှင်သန်ကျက်စားခြင်း လုံးဝမရှိဘဲ အခြားနိုင်ငံရပ်ခြားမှ တင်သွင်းလာသောတိရစ္ဆာန်များ (Exotic Animal)များမှာ ထိုနိုင်ငံမှ ပြည်သူများအတွက် ထူးခြားဆန်းပြားမှုများ ဖြစ်စေပါသည် ။ ဥပမာအားဖြင့် လည်တိုင်ရှည်ကြီးကို တယမ်းယမ်းနဲ့ လှုပ်ရှားသွားလာတတ်သော သစ်ကုလားအုတ်များ၊ တောက်ပသော အဖြူနှင့် အမည်းအစင်းကြောင်းများရှိပြီး အမြဲသွက်လက်ဖျတ်လတ်နေတတ်သော သတ္တဝါဖြစ်သည့် မြင်းကျားများ၊ လည်ပင်းအမွေးများဖွာပြီး ကြောက်စရာသဖွယ် ဟန်ပန်အမူအရာရှိသော ခြင်္သေ့များနှင့် လှပသော ချိုများကို ဦးစားပေးထားသည့် (Oryx) ဆိတ်သမင်မျိုးနွယ်စုများ စသည်ဖြင့် အမျိုးပေါင်းစုံလင်လှသော တောရိုင်းတိရစ္ဆာန်များသည် လူများ၏မြင်ကွင်းကို အုန်းအုန်းကျွက်ကျွက် ဖြစ်လာစေပါသည်။ ထိုတောရိုင်းတိရစ္ဆာန်များ သယ်ဆောင်လာခြင်းကို လူအများက သင်္ဘောဆိပ်များသို့ ကြက်ပျံမကျ စည်ကားစွာ လာရောက်ကြည့်ရှုကြခြင်းသည် ကမ္ဘာပေါ်တွင် တိရစ္ဆာန်ရုံများ စတင်ပေါ်ပေါက်လာရန် သန္ဓေတည်လာစေသည့် အကြောင်းရင်းများဖြစ်လာစေသည်ကို စိတ်ဝင်စားဖွယ်မှတ်သားရပါသည်။

ထိုသို့ တိရစ္ဆာန်ရုံများစတင်တည်ထောင်လာခဲ့သည့် ခေတ်ကာလက လူတို့သည် တောရိုင်းတိရစ္ဆာန်များကို အဆင့်အတန်း အလွန်ပင် ခွဲခြားဆက်ဆံထားရှိခဲ့ပြီး တောရိုင်းတိရစ္ဆာန်ဟူသော အကြမ်းအတမ်းဖြစ်သော ရိုင်းစိုင်းသော သတ္တဝါ၊ လူကဲ့သို့ ယဉ်ကျေးခြင်းမရှိသော သတ္တဝါဟူ၍ သတ်မှတ်ခဲ့ကြပြီး တောရိုင်းတိရစ္ဆာန်များ၏ သက်သာချောင်ချိစွာနေထိုင်စားသောက်ရမည့် အရေးကိစ္စ (Animal Welfare)နှင့် ပတ်သက်၍ စိုးစဉ်းမျှပင် စဉ်းစားတွက်ချက်ခဲ့ကြခြင်း အလျဉ်းမရှိကြချေ။ ကျဉ်းကျပ်သော သံတိုင်လှောင်အိမ်များ (Menagerie) ဖြင့်လည်းကောင်း၊ အကောင်ကြီးများကို ရေတွင်းကဲ့သို့တွင်းတူး၍ ပြသခြင်းမျိုးဖြင့်လည်းကောင်း(ဥပမာ - ဝက်ဝံ ၊ သစ်ကုလားအုတ်) ပြသခဲ့ကြပြီး မျိုးစိတ်တစ်မျိုးလျှင်လည်း တစ်ကောင်တည်းသာ ပြသခဲ့ကြသည်။ တောရိုင်းတိရစ္ဆာန်များကို နှိမ်ချဆက်ဆံခဲ့ကြပြီး ထားသလိုနေ၊ ကျွေးတာစား၊ စေရာသွားသာလျှင် ဖြစ်သည်။

ထိုခေတ်ထိုအချိန်က တိရစ္ဆာန်ဥယျာဉ်ပိုင်ရှင်တို့သည် တောရိုင်းတိရစ္ဆာန်များကို မည်သည့် လှောင်အိမ်ပုံစံဖြင့်ပင်ထားထား၊ မည်သည့်အစားအစာကိုပင် ကျွေးကျွေး မလောက်မငပင် ကျွေးစေကာမူ ထိုကိစ္စရပ်များအား ပြည်သူများက ဝေဖန်ပြောဆိုမှုများ လုံးဝမရှိခဲ့ကြချေ။ တိရစ္ဆာန်ရုံပိုင်ရှင်တို့၏ သဘောဆန္ဒအရသာ ဖြစ်သည်။ ထိုစဉ်က အလှောင်ခံ တောရိုင်းတိရစ္ဆာန်တို့၏ သက်ဆိုးရှည်မှု၊ မရှည်မှုသည် ထိုတိရစ္ဆာန်ဥယျာဉ်ပိုင်ရှင်တို့၏ စီမံခန့်ခွဲမှုအပေါ်တွင် လုံးဝမှီခိုနေသည် ။

ဤသို့ဖြင့် ရာစုနှစ်များစွာ တဖြည်းဖြည်းကျော်လွန်လာသည်။ လူသားတို့၏ အသိတရား၊ ကိုယ်ချင်းစာနာတရားများလည်း ရာစုနှစ်များနှင့်အတူ အံ့မခန်း လိုက်ပါပြောင်းလဲလာသည်။ လူသားတို့သည်လည်း တောရိုင်းတိရစ္ဆာန်တို့၏ အခွင့်အရေးများ၊ သက်သာချောင်ချိမှုများကို စောင့်ငဲ့ကြည့်ရှုလာကြသည်။ အလှောင်ခံ တောရိုင်းတိရစ္ဆာန်များကို မူရင်းသဘာဝတောတွင်းနှင့်မခြားထားရှိထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ထိုတောရိုင်းတိရစ္ဆာန်တို့၏ အမူအကျင့်နှင့် သဘာဝအပြုအမူများကို ဖော်ပေးလေ့လာလာကြပါသည်။

ယခုခေတ်အခါကတော့ဖြင့် ဆိုဖွယ်ရာမရှိတော့ပြီ။ ကမ္ဘာကြီးကလည်းတစ်နေ့တခြားကျဉ်းမြောင်းလာခဲ့ပြီ ။ ကျွေးသလောက်စားထားသလိုနေဘဝများတွင် ကျင်လည်ခဲ့ရသော တိရစ္ဆာန်ရုံများအတွင်းရှိ တောရိုင်းတိရစ္ဆာန်များအတွက် ယခုအခါတွင် WZO-World Zoo Organization (ခေါ်) ကမ္ဘာပေါ်ရှိ တိရစ္ဆာန်ဥယျာဉ်များအဖွဲ့အစည်းကြီးကလည်း ပေါ်ပေါက်လာသည်။ ထိုအဖွဲ့သည် ကမ္ဘာပေါ်ရှိ တောရိုင်းတိရစ္ဆာန်များနှင့် ပတ်သက်၍ လုပ်ကိုင်နေသော တိရစ္ဆာန်ဥယျာဉ်များအတွက် လျှောက်လှမ်းရမည့် လမ်းကြောင်းများကိုလည်း လမ်းညွှန်မှုပြုခဲ့သည်။ နိုင်ငံအသီးသီးမှ အစိုးရတိုင်းသည်လည်း တိရစ္ဆာန်ဥယျာဉ်များ လုပ်ကိုင်ဆောင်ရွက်အကောင်အထည်ဖော်ရမည့် လမ်းကြောင်းများကို ချမှတ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့်ဆိုလျှင်လည်း ထုတ်ပြန်ပြီးဖြစ်သည့် ဥပဒေအမှတ် ၆/၉၄ အရ မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဥပဒေအရ ညွှန်ကြားပြီးဖြစ်ရာ နိုင်ငံတော်ပိုင် တိရစ္ဆာန်ဥယျာဉ်များသာမက ပုဂ္ဂလိက တိရစ္ဆာန်ဥယျာဉ်ငယ်လေးများပါ လိုက်နာဆောင်ရွက်သင့်ပါသည်။ နိုင်ငံတော်မှ ချမှတ်ပေးခဲ့သော လုပ်ငန်းစဉ်လေးခုအနက် ပထမဦးဆုံး အရေးကြီးသည့်အချက်ဖြစ်သည့် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး ပြန်လည်မျိုးပွားစေခြင်း(Conservation)ကို တိရစ္ဆာန်ဥယျာဉ်များအတွင်း မဖြစ်မနေလုပ်ဆောင်ရန် တာဝန်ရှိလှပါသည်။ ထို့ပြင် ကမ္ဘာပေါ်တွင် တိရစ္ဆာန်ဥယျာဉ်များကို ဦးဆောင်မှုပေးနေသည့် အခန်းကဏ္ဍတွင်ရှိနေသည့် လန်ဒန် တိရစ္ဆာန်ဥယျာဉ် တိရစ္ဆာန်ထိန်းများအဖွဲ့ (Zoo Keeper Association)သည်လည်း တောရိုင်းတိရစ္ဆာန်များကို တိရစ္ဆာန်ဥယျာဉ်အတွင်း ထိန်းသိမ်းစောင့်ရှောက်ရာတွင် မဖြစ်မနေဆောင်ရွက်ရမည့် ကင်းဝေးစေခြင်းငါးပါး (5 Freedom)ကိုလည်း ထုတ်ပြန်ပြီးဖြစ်ရာ လေ့လာအတုယူသင့်ပါသည် ။

ဤနေရာတွင် ထပ်မံ၍ မြန်မာနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်များ (ပုဂ္ဂလိက တိရစ္ဆာန်ဥယျာဉ်ငယ်များ အပါအဝင်) အထူးဂရုစိုက်ရမည့် အကြောင်းအရာတစ်ခုကို တင်ပြလိုပါသည်။ အထက်ကဆိုခဲ့သည့်အတိုင်း ရှေးယခင်က တောရိုင်းတိရစ္ဆာန်များကို ထားသလိုနေ၊ ကျွေးတာစား၊ မလောက်လည်း ထပ်မကျွေး စသည့်ပုံစံမျိုးနှင့် ထိန်းသိမ်းလာခဲ့သည်မှစ၍ လူသားတို့ တစ်စထက်တစ်စ အသိတရား၊ ကိုယ်ချင်းစာတရားနှင့် နည်းပညာဆိုင်ရာများ တိုးတက်ထွန်းကားလာပြီးနောက်ပိုင်း တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၏ အခန်းကဏ္ဍကား ရှေ့တန်းရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

သို့ပါ၍ ကမ္ဘာပေါ်တွင် တိရစ္ဆာန်ဥယျာဉ်များအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်စားသောက်ရမှုနှင့် ပတ်သက်၍ စောင့်ကြည့်လာသော အဖွဲ့အစည်းများရှိလာပြီဖြစ်သည်ကို သတိပြုစေလိုပါသည်။ ထိုအဖွဲ့သည် ယခုအခါ ၎င်းတို့အဖွဲ့မှ ထုတ်ပြန်ထားသော အချက်အလက်ငါးချက်နှင့်ကိုက်ညီမှုမရှိသော၊ တောရိုင်းတိရစ္ဆာန်များကို ဖြစ်ကတတ်ဆန်းပြသသော တိရစ္ဆာန်ဥယျာဉ်များကို ပိတ်သိမ်းရန် ကမ္ဘာကို တိုက်တွန်းနှိုးဆော်လာနေပြီဖြစ်ပါသည်။ ထိုအချက်များထဲတွင် တောရိုင်းတိရစ္ဆာန်များကို လိုအပ်သောအကျယ်အဝန်းအတွင်း မထားရှိဘဲ ကျပ်တည်းစွာဖြင့် ကောင်ရေများများထားရှိခြင်း၊ တိရစ္ဆာန်ဥယျာဉ်များက အစဉ်အမြဲ တောတွင်းမှ တိရစ္ဆာန်များကို ဖမ်းဆီးပြီး ပြသနေခြင်း၊ Conservation ကို တိရစ္ဆာန်ဥယျာဉ်များအတွင်း မပြုလုပ်ခြင်း စသည့်အချက်များ ပါဝင်လာခဲ့ရာ တိရစ္ဆာန်ဥယျာဉ်များအဖို့ အထူးဂရုထားအလေးထားရမည့် အချက်များဖြစ်သည်ဟု ဆိုချင်ပါသည်။ ဗွေဆော်ဦးအနေဖြင့် မြန်မာနိုင်ငံ၏ ဒေသတွင်းနိုင်ငံတစ်နိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုကို ထိုအဖွဲ့မှ ပိတ်သိမ်းပေးရန် ဝိုင်းဝန်းကန့်ကွက်နေကြသည့် ဖြစ်စဉ်တစ်ခုလက်ရှိခံစားနေရရာ မိမိတို့နိုင်ငံအဖို့လည်း ထိုသို့မဖြစ်ပေါ်စေရေးအတွက် အစဉ်သတိထားလုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းလိုပါသည် ။

ဤသို့ဖြင့် WZO ၏ တိုက်တွန်းချက်အရလည်းကောင်း၊ မြန်မာနိုင်ငံ၏ တိရစ္ဆာန်ဥယျာဉ်များနှင့်ပတ်သက်၍ လမ်းညွှန်ချက်အရလည်းကောင်း၊ လန်ဒန်တိရစ္ဆာန်ဥယျာဉ်၏ 5 Freedom အရလည်းကောင်း၊ နိုင်ငံတကာရှိ တိရစ္ဆာန်ဥယျာဉ်များကို စောင့်ကြည့်လေ့လာနေသောအဖွဲ့များ၏ စံသတ်မှတ်ချက်များအရလည်းကောင်း၊ လက်တွေ့မြေပြင်ကွင်းဆင်း လေ့လာချက်များအရလည်းကောင်း ချင့်ချိန်တွက်ချက်၍ မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များထဲမှ အကောင်းဆုံး တိရစ္ဆာန်ဥယျာဉ်တစ်ခုကိုပြပါဆိုလျှင်တော့ဖြင့် ကျွန်တော့်အနေဖြင့် ရတနာပုံ တိရစ္ဆာန်ဥယျာဉ် (မန္တလေးတိရစ္ဆာန်ဥယျာဉ်)ကို လက်ညှိုးထိုးညွှန်ပြရပါလိမ့်မည်။


လည်ပင်းနီအောက်ချင်းနှင့် အောင်လောင်ငှက်များ

ကျွန်တော်၏ ရန်ကုန်အပြန်လမ်းခရီးကား ရထားနှင့်သာဖြစ်သည်။ ရထားကြီးကား မထွက်သေး။ သို့သော် ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ဆိုတဲ့ ရထားကြီးကတော့ ထွက်နှင့်တာကြာပြီ။ အားနှင့်မာန်နှင့် လိုရာပန်းတိုင်ဆီသို့ အရှိန်ပြင်းပြင်း ခုတ်မောင်းဆဲ၊ ပြန်လည်ပြုပြင်သင့်တာတွေကိုလည်း ခုတ်မောင်းရင်း ပြုပြင်ဆဲ၊ မျိုးသုဉ်းတော့မည့်တိရစ္ဆာန်များကိုလည်း ခုတ်မောင်းရင်း တရစပ်မွေးဖွားပေးနေဆဲ၊ ဝန်ထမ်းအားလုံးကလည်း ရထားအရှိန်မပြတ်ဖို့ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးစားနေကြဆဲ၊ သို့အတွက်ကြောင့် ကျွန်တော် ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ကို ရွှေထုပ်တဲ့မြပဝါဟူ၍သာ တင်စားလိုက်ချင်ပါတော့သည်။ ။

ဝဝဝ